www.burmeseclassic.com

# နဂါးသိုက်ဆက်

နှင့်

## နာနာဘာဝဖြစ်ရပ်မှန်များ

BURMESE CLASSIC

မောင်မိုင်းညို့ (ချောင်းဦး)

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ပထမအကြိမ် - ၂၀၁၆ ဇွန်လ
အုပ်ရေ - ၅၀၀ အုပ်
တန်ဖိုး - ၅၀၀ ကျပ်
မျက်နှာဖုံးဒီဇိုင်း - ချယ်ရီမေ(အင်းစိန်)
တွန်ဖျူတာ - ပန်းမြဝတ်ရုံမှုန် (ကညွတ်ကွင်း)
အတွင်းဓလင် - ADORN၊
ထုတ်ဝေသူ - ဦးချစ်ညွန့် (၀၀၃၇၄)
ဇင်ရတနာစာပေ
၂၀၅၊ က/၄ လမ်း၊ မြို့သစ်
(က+ခ)ရပ်ကွက်၊ အင်းစိန်။
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် - ဦးကျော်မင်းစိုး(မြ-၀၀၄၅၉)
စိုးမေဗွာပုံနှိပ်တိုက်
အမှတ်(၁၇)၊ ၅၆ လမ်း
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

မောင်မှိုင်းညို့(ချောင်းဦး) ၃၉၈.၂
နဂါးသိုက်ဆက်နှင့် နာနာဘာဝဖြစ်ရပ်မှန်များ/မောင်မှိုင်းညို့(ချောင်းဦး)။
ရန်ကုန်၊
ဇင်ရတနာစာပေ၊ ပထမအကြိမ်၊ ၂၀၁၆။
၂၁၈-စာ၊ ၁၂ x ၁၈ စင်တီ


www.burmeseclassic.com

www.burmeseclassic.com

# နဂါးသိုက်ဆက်

နှင့်

# နာနာဘာဝဖြစ်ရပ်မှန်များ

မောင်မိုးညို(ချောင်းဦး)

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


၁။ နဂါးသိုက်ဆက် ၃

၂။ ဥစ္စာစောင့်တွေ နေတဲ့ရွာ ၄၁

၃။ ဥစ္စာစောင့်မရဲ့ ချစ်သူ ၇၅

၄။ ဂူထိုံကူးတဲ့နေ့ ၁၀၈

၄။ ကျွန်မ ဘယ်မှာနေရမလဲ ၁၃၁

၆။ သရဲခြောက်တဲ့အိမ် ၁၅၂

၇။ တစ္ဆေခြောက်ခံရသူများ ၁၇၇


www.burmeseclassic.com

www.burmeseclassic.com

# နဂါးသိုက်ဆက်

မြွေကြီးက နီရဲနေတဲ့ မျက်လုံးအစုံနဲ့....
သူ့ကို အပေါ်ကနေမိုးပြီး ကြည့်နေတယ်....။
လျှာနှစ်ခွကိုလည်း ပြူတစ်ပြူတစ်ထုတ်လို့.....၊
ခဏနေတော့ သူ့အမြီးကြီးနဲ့
မြတ်နိုးသဇင်ရဲ့ ကိုယ်လုံးလေးကို
ဝပြီးရစ်ပတ်တယ်.....။
ထိတ်လန့်ချောက်ချားခြင်း ကြီးစွာနဲ့......
မြတ်နိုးသဇင်.....
အော်တစ်ချက်အောက်လိုက်တယ်.......။

[illegible]

www.burmeseclassic.com

www.burmeseclassic.com

# နဂါးသိုက်ဆက်

ညှိနံ့ကြီး.....၊

ထူးဆန်းတဲ့ ညှိနံ့ကြီး.....၊

ညှိနံ့ကိုပဲ ထူးဆန်းတဲ့ ညှိနံ့ကြီးလို့ဆိုရခြင်းက အကြောင်းမဲ့မဟုတ်ပါ။

ထူးထူးဆန်းဆန်းထွက်ပေါ်လာသောညှိနံ့ကြီးဖြစ်သည့်အပြင်၊ ညှိနံ့နံပုံကလည်း ထူးခြားနေတာကြောင့်ပါ....၊

ငါးမျိုးစုံ ရောင်းချခုတ်ထစ်နေရတဲ့ ငါးသည်တန်းကို ရောက်ဖူးကြပါလိမ့်မယ်....၊

ထိုအခါမှာ မခံမရပ်နိုင်အောင် နံစော်လှတဲ့ငါးနံ့ငွေ ရှူရှိုက်မိပါတယ်၊ အဲပေမယ့်.....၊

www.burmeseclassic.com

www.burmeseclassic.com



သူ့ထက် ပိုညှိတယ်၊ သူ့ထက် ပိုပြီးနံ့တယ်။

တစ်ခုရှိတာက အကောင်ပုပ်နံ့ ရောထွေးနေတဲ့ ညှီနံ့မျိုးမဟုတ်ဘူး.....၊

အညှီဆိုးဆိုတဲ့ ငါးရှည့်ညှီနံ့မျိုးနဲ့လည်း မတူဘူး။

ဘယ်လိုပြောရမှန်းမသိတဲ့ ညှီနံ့မျိုးကြီးဆိုပါတော့...၊

ငါးရှည့်ညှီနံ့၊ငါးညှီနံ့၊ရွှံ့ ညှီနံ့၊ရေညှီနံ့တွေရောထွေးပေါင်းစုံပါဝင်နေတဲ့ ညှီနံ့ကြီးလို့ ပြောချင်ပါတယ်....၊

ဒီညှီနံ့ကြီး မြတ်နိုးသဇင်ဆီကိုရောက်လာတာ လွန်ခဲ့တဲ့ လေးလလောက်ကပါ။

မြတ်နိုးသဇင်ဆိုတာက ဆံပင်အရှည်ကြီးနဲ့ ချောသော၊ လှသော၊ ယဉ်ကျေးသော မိန်းမပျိုလေးပါ။

မုံရွာမြို့ ပါဝါလွှန်း ရက်ကန်းရုံကြီးအရှေ့ဘက်၊ ချမ်းမြေ့သာစည်ရပ်မှာ သူ့ကိုမွေးဖွားတယ်....၊

မုံရွာ ကွန်ပျူတာတက္ကသိုလ်ကဘွဲ့ရပြီး ပုဂ္ဂလိက ဘဏ်တစ်ခုမှာ အလုပ်ဝင်လုပ်တယ်။

သူ့ရဲ့အလုပ်ကြိုးစားမှု၊ တာဝန်ကျေပွန်မှုတွေနဲ့ သစ္စာရှိမှုတွေကြောင့် ရာထူးအဆင့်ဆင့်တိုးခဲ့တယ်။

အခုတော့ ရန်ကုန်မြို့မှာရှိတဲ့ရုံးချုပ်ကြီးမှာ နေရာကြီး



www.burmeseclassic.com

www.burmeseclassic.com



ကြီးတစ်ခုရနေပြီ။

ဘကြီးက သူ့အတွက် တစ်ထပ်တိုက်လေးတစ်လုံး ဈေးတန်မှာ ငှားပေးထားတယ်။

ကားတစ်စီး သပ်သပ်မပေးထားပေမဲ့ သူအလိုရှိရင် မော်တော်ယာဉ်ဌာနစိတ်ကို ဖုန်းဆက်လိုက်၊ ကားတစ်စီး မိနစ်အနည်းငယ်အတွင်း ရောက်လာမယ်။

မြတ်နိုးသဇင် သည်တိုက်လေးကိုရောက်စက သည်တိုက်လေးမှာ မိဘနှစ်ပါးခေါ်ပြီး အတူနေကြဖို့ စိတ်ကူးမိသေးတယ်....၊

ဒါပေမယ့် မိဘတွေကလည်း မုံရွာနယ်ထဲမှာ သနပ်ခါးခြံ ကေများများစိုက်ထားလို့ မလာနိုင်ဘူး။

ဆွေမျိုးနီးစပ်ထဲက ကောင်မလေးတစ်ယောက်ပဲ အဖော်ရအောင် ပို့ပေးလိုက်တယ်။

ဒါကြောင့် မြတ်နိုးသဇင်တို့နှစ်ယောက် ဒီတိုက်လေးမှာ နေကြတယ်၊ ခုဆိုရင် နှစ်–နှစ်ကျော်လောက်ဖြစ်နေပြီ....၊

လွန်ခဲ့တဲ့ လေးလလောက်ကတော့ ညီနုံကြီးစရောက်လာတယ်။

မြတ်နိုးသဇင် အိပ်ရာဝင်ဖို့ အခန်းထဲအဝင်မှာ ရှုံ့ကိုက်မိ



www.burmeseclassic.com

www.burmeseclassic.com



တာ....၊

တစ်ခါမှ ဒီလိုအနံ့ဆိုးမျိုးမရဘူးတော့ မြတ်နိုးသဇင် အုံ့ဩသွားတယ်....။

ညှီနံ့က ဝေါ်ဝေါ်ဆိုးဆိုးရွှားရွှား အနံ့ကြီး....၊

အဖော်ကောင်မလေး၊ အသား၊ ငါးတွေကိုင်ပြီး မလိုတာတွေ တိုပစ်၊ သည်ပစ်- ပစ်မယ်၊ အဲဒါတွေကို ကြောင်ကချီလာမယ်။

ဒီလိုနဲ့ အိပ်ခန်းတစ်ခန်းလုံး ညှီနံ့တွေ နံဟောင်သွားတာဖြစ်မယ်။

တခြားအိမ်မှာ မွေးထားတဲ့ ကြောင်တစ်ကောင်ကလည်း မကြာခဏလာနေကျဆိုတော့ မြတ်နိုးသဇင် သည်လိုပဲ တွေးမိတယ်....။

အဲ့ကြောင့် အိပ်ခန်းထဲ ရှာကြတယ်၊ မတွေ့ဘူး။

ချောင်ကြို ချောင်ကြား၊ ကုတင်အောက်၊ အပေါ်တန်းတွေပေါ်၊ ဘီရိုပေါ် အနံ့ရှာကြပြန်တယ်၊ အဲလည်း မတွေ့ဘူး။

ဘယ်လိုမှရှာမတွေ့တဲ့အဆုံး မောမောနဲ့ အခန်းအပြင်ဘက် ထွက်လာကြတယ်။

အဲဒီမှာ ထူးခြားမှုတစ်ခုတွေ့လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အိပ်ခန်းရဲ့အပြင်ဘက်မှာ ဘာညှီနံ့မှမရဘူး။

ထူးခြားတဲ့ အဲဒီအခြေအနေကြောင့် အိပ်ခန်းထဲပြန်ဝင်ကြည့်ကြတယ်။

ညှီနံ့ကြီး ရှူရှိုက်မိရတယ်.....၊

အိပ်ခန်းအပြင်ထွက်ကြည့်တော့ ညှီနံ့မနံပြန်ဘူး....၊

မြတ်နိုးသဇင်ရဲ့အိပ်ခန်းထဲမှာပဲ ညှီနံ့ကြီးနံနေတယ်။

အိမ်ရဲ့ တစ်ခုခုတော့ရှိမှာပဲဆိုပြီး ထပ်ရှာကြတယ်။

သူတို့နှစ်ယောက်လုံးသာ မောသွားတယ်၊ ဘာဆိုဘာမှ မတွေ့ရဘူး။

ညှီနံ့ကြီး ဘာ့ကြောင့်နံနေရတာလဲ၊ ဘယ်လိုမှ စဉ်းစားလို့မရဘူး။

ဘယ်နေရာက ထွက်ပေါ်လာတာလဲ၊ အိလည်း မသိဘူး။

"ဒီလောက် ညှီစော်နံတဲ့အခန်းထဲ ဘယ်လိုလုပ်ပြီးအိပ်လို့ရမှာလဲ....."

မြတ်နိုးသဇင် အဖော်ကောင်မလေးအခန်းထဲ ပြောင်းအိပ်တယ်။

အနံ့ကြီးမနံဘူးဆိုပြီးစိတ်အေးသက်သာအိပ်ဖို့ကြံရွယ်ခဲ့မှာပဲ ညှီနံ့ကြီးကို ထောင်းခနဲရှူလိုက်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့မှ ထူးဆန်းတဲ့ညှိနံ့ကြီးဟာ မြတ်နိုးသဇင်သွားရာနောက် ကောက်ကောက်ပါအောင်လိုက်နေတယ်ဆိုတာ ထင်ထင်ရှားရှား သိလာရတော့တယ်။

◆◆◆

ဒီထူးဆန်းတဲ့ညှိနံ့ကြီးဟာ မြတ်နိုးသဇင်ကို ရက်သတ္တ၊ နှစ်ပတ်လောက် ဒုက္ခပေးခဲ့တယ်။

နံဟောင်နေတဲ့ ညှိနံ့ဆိုးကြီးကို သူလှိမ့်ခံခဲ့ရတယ်။

အိပ်ပျက်ညတွေ ဖြစ်ခဲ့ရတယ်။

စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်ပြီး ပြည့်ပြည့်ဖြိုးဖြိုး သူ့ကိုယ်လုံးလေးတောင် ပိန်ကျသွားခဲ့တယ်။

ဒီအတောအတွင်း ညှိနံ့ဆိုးကြီးနဲ့ပတ်သက်တဲ့ ထူးခြားချက်တွေကို သတိပြုမိခဲ့ကြတယ်....၊

ညှိနံ့ဟာ မြတ်နိုးသဇင်အိပ်တဲ့အခန်းမှာပဲ ရောက်လာတတ်တယ်....၊

အခြား ဘယ်အခန်းမှ ညှိနံ့မနံဘူး။

နောက်ပြီး နေ့လည့်နေ့ခင်းတွေမှာမနံဘဲ ညဘက်မှသာ ညှိနံ့ကိုရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတွေ့ရှိချက်တွေအရ ထူးဆန်းတဲ့ညှိနှိုင်းကြီးတာ မြတ်နိုးသဇင်နဲ့ ပတ်သက်ဆက်နွယ်တယ်ဆိုတာ သိသာနေတယ်။

"ဒါဟာ မလိုတဲ့သူတစ်ယောက်ယောက်က အောက်လမ်းပညာနဲ့လုပ်တဲ့ ညှိနှိုင်းကြီးလား....."

မြတ်နိုးသဇင် စဉ်းစားမိတယ်။

လူဆိုတာက ဘယ်လောက်ကောင်းအောင်နေနေ ချစ်သူခင်သူရော၊ မုန်းသူပါရှိတတ်တာ မဟုတ်ပါလား။

ညှိနှိုင်းကြီးရောက်လာပြီး ပထမနှစ်ပတ်လောက်အကြာမှာတော့ နည်းနည်းရိုးသလိုဖြစ်လာတယ်။

ပြောရရင် နှာခေါင်းယဉ်သွားတာပေါ့။

ထူးဆန်းတဲ့ ညှိနှိုင်းနဲ့ပတ်သက်ပြီး သူ့စိတ်ထဲမှာ လေးလေးနက်နက် မခံစားရတော့ဘူး။

အညှိနှိုင်းကိုပဲ ရနေတာဖြစ်ပြီး ဘယ်လိုဘေးအန္တရာယ်၊ ဘယ်လိုကြောက်စရာ၊ လန့်စရာမှ မကြုံရတာကြောင့် ဖြစ်မယ်။

အချိန်က ကုစားလိုက်တာကြောင့်လည်း ဖြစ်မယ်။

စတင်ရောက်လာချိန်ကလောက် အော်ဂလီဆန်စရာ မဖြစ်တော့ဘူး.....၊

ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲ မဖြစ်တော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ညှိနှံ့နံ့နေလျက်နဲ့ အိပ်တတ်သွားတယ်။

စိတ်လက် ပေါ့ပေါ့ပါးပါးနဲ့ပဲ အိပ်လို့ရသွားတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ညှိနံ့ကတော့ ညညမှာနံ့နေတုန်းပဲ။

မြတ်နိုးသဇင် ဒီအကြောင်းတွေ မိဘကိုပြန်မပြောဘူး။

အဖော်လာနေပေးတဲ့ ညီမဝမ်းကွဲကိုလည်း မိဘတွေ ပြန်မပြောဖို့ နှုတ်ပိတ်ထားတယ်။

မလိုအပ်ဘဲ မိဘတွေစိတ်သောကရောက်မှာ စိုးရိမ်လို့ ပါ.....၊

ဒီလိုနဲ့ညှိနံ့ကြီးသူ့ဆီရောက်လာတာ လေးလကျော်ကာ လအထိ ရောက်လာတယ်။

ဒီအချိန်မှာပဲ ပြဿနာက တစ်မျိုးတစ်ဖုံထပ်တက်လာ ပြန်တယ်။

တစ်ညမှာ မြတ်နိုးသဇင် အိပ်မက်ဆိုးတွေမက်ပြီး အိပ်ရာက လန့်နိုးလာတယ်....၊

အိပ်မက်ထဲမှာ မြွေကြီးတစ်ကောင်က သူ့နောက်ကို အတင်းလိုက်နေတယ်...၊

သူက ကြောက်လန့်ခြင်းကြီးစွာနဲ့ အသည်းအသန်ထွက် ပြေးနေရတယ်....၊



www.burmeseclassic.com

www.burmeseclassic.com



သူက ချောင်းတွေကို ဖြတ်ပြေးရတယ်၊

ရွံ့ နွံ့အိုင်တွေကိုလည်း ရှန်းပြေးရတယ်၊

ကျောက်လှိုဏ်ဂူပေါက်တွေထဲကလည်း ပြေးရတယ်၊

သူ ဘယ်နေရာရောက်ရောက် မြွေကြီးက လိုက်နေတုန်းပဲ....၊

မြွေကြီးက အကြီးကြီး၊

မီဒီယိုကားတွေထဲမှာတွေ့ဖူးတဲ့ အာဖရိကတိုက် တောကြီးတွေထဲက အင်နာကွန်ဒါဆိုတဲ့ မြွေကြီးလိုမျိုးပဲ....၊

သူ့နောက်ကို လျှောခနဲ၊ လျှောခနဲ လျှင်လျှင်မြန်မြန်နဲ့ လိုက်နေတယ်၊

သူ သေပြေးရှင်ပြေး ပြေးနေပေမယ့် ကုန်းကမူလေး တစ်ခုအနီးမှာ မြွေကြီးသူ့ကိုမီသွားတယ်....။

သူက "မသာတ်ပါနဲ့၊ ကျွန်မကို မသာတ်ပါနဲ့" လို့ လက်အုပ်ချီပြီး တောင်းပန်တယ်။

မြွေကြီးက နီရဲနေတဲ့မျက်လုံးအစုံနဲ့ သူ့ကိုအပေါ်ကနေ မိုးပြီး ကြည့်နေတယ်။

လျှာနှစ်ခွကလည်း မြူတစ်၊ မြူတစ်ထုတ်လို့။

ခဏနေတော့ သူ့ရဲ့အမြီးကြီးနဲ့ မြတ်နိုးသောင်ရဲ့ခန္ဓာ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကို စပြီးရစ်ပတ်တယ်....။

ထိတ်လန့်ချောက်ချားခြင်းကြီးစွာနဲ့ မြတ်နိုးသဝင်အောင် တစ်ရှုန်းကန်တယ်။

ကံအားလျော်စွာ သူ့အိပ်ရာက လန့်နိုးသွားတယ်။

ကြောက်စိတ်ကြောင့် သူ့တစ်ကိုယ်လုံး တဆတ်ဆတ် တုန်နေတယ်...၊ ချွေးတွေကလည်း ရွှဲနစ်လို့....။

အဲဒီအချိန်မှာပဲ တစ်စုံတစ်ခုကို သူသတိပြုမိလိုက် တယ်...၊

သူ့ညာဘက်လက်တာ အကောင်တစ်ကောင်ရဲ့ ကိုယ် ပါက အကြေးခွံလိုအရာတွေနဲ့ ထိမိနေတယ်ဆိုတာ သိလိုက် တယ်။

သိတဲ့အချိန်မှာပဲ အကြေးခွံတွေဟာ ဆတ်ခနဲ တွန့်သွား တာကို သူခံစားသိ– သိလိုက်တယ်။

"အကောင်တစ်ကောင်....."

သူ ငယ်သံပါအောင် အလန့်တကြားအော်ပြီး လက်ကို ပ်လိုက်တယ်၊ ပြီးတော့ ချက်ချင်းဆိုသလိုပဲ နောက်တစ်ကြိမ် ပြန်လှည့်ကြည့်လိုက်တယ်။

အကြေးခွံလိုအရာတွေ မရှိတော့ဘူး...၊

www.burmeseclassic.com

www.burmeseclassic.com



သူ အရမ်းအံ့ဩသွားတယ်....၊

"စောစောတုန်းက အမှန်တကယ် ထိမိကိုင်မိလိုက်တဲ့ အကြေးခွံလိုအရာတွေ ဘယ်ရောက်သွားတာလဲ.....၊

အိပ်မက်ကို တကယ်ထင်နေတာများလား...."

သူ သေသေချာချာ ပြန်ပြီးစဉ်းစားတယ်။

ဒီတော့လည်း အိပ်မက်မဟုတ်ဘဲ အကြေးခွံလိုအရာတွေကို အမှန်တကယ် ထိမိ၊ ကိုင်မိတယ်လို့ပဲ အဖြေကထွက်လာတယ်.....၊

သေသေချာချာ ထိကိုင်မိတယ်.....၊

အဲဆိုရင် အခုဘယ်ရောက်သွားလဲ.....၊

ဒီလိုကျပြန်တော့လည်း သူ မပြောတတ်ဘူး။

ဘယ်လိုပဲဖြစ်ဖြစ် သူ့စိတ်ထဲ သံသယအတွေးတစ်စ ရောက်လာတယ်။

အဲဒီအတွေးကတော့.....၊

"ညစဉ်ညတိုင်း ရှိုက်နေရတဲ့ညှီနံ့ကြီးဟာ ဒီ့ညတွေ့လိုက်တဲ့ အကြေးခွံတွေနဲ့အကောင်ကြီးဆီက ထွက်လာတဲ့ ညှီနံ့ကြီးများလား...." ဆိုတဲ့ သံသယအတွေးတစ်စပဲ ဖြစ်ပါတယ်။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ဆီကို အမျိုးသမီးတစ်ယောက် ရောက်လာတယ်.....၊

ညစဉ်ညတိုင်း သူ့အိပ်ခန်းထဲမှာ ညှီနံ့ကြီးနံ့နေလို့တဲ့...၊

ပြီးတော့ သူ့အိပ်ရာကုတင်ပေါ်မှာ အကြေးခွံတွေနဲ့အတောင်ကြီးတစ်ကောင် ရောက်လာတယ်လို့လည်း ပြောတယ်၊

အဖြစ်အပျက်ကတော့ တော်တော်ထူးဆန်းတယ်။

စစ်ဆေးကြည့်ဖို့ မနက်ဖြန် မနက်ကိုးနာရီ ချိန်းထားတယ်.....၊

လက်တွေ့လေ့လာချင်ရင် ကျွန်တော့်ဓါတ်ခန်းကို လာခဲ့...."

မနေ့က ဆရာပွင့် ဖုန်းဆက်တယ်။ •

အဲ့ကြောင့် ဒီနေ့မနက်စောစော ထွက်လာခဲ့တယ်။

ရွှေပြည်သာကနေ ၁၂၄ (အထူး) စီးပြီး ဘတ္တာမှတ်တိုင်မှာ ဆင်းတယ်။

အဲဒီနောက် ဆရာပွင့်ရဲ့ဓါတ်ခန်းရှိတဲ့လှိုင်မြို့နယ်၊တရားရုံးအရှေ့ဘက်က ကျိုက်သာဒီကံပွင့် ဆုတောင်းပြည့်စေတီတော်ဆက် လျှောက်လာခဲ့တယ်။

တခရေးသူ ရောက်သွားတဲ့အချိန်က ကိုးနာရီထိုးဖို့ဆယ်မိနစ်

www.burmeseclassic.com



ငါးမိနစ်လောက်လိုသေးတယ်….၊

ဆရာပွင့်ကတော့ ဓါတ်ခန်းတံခါး ဖွင့်ပြီးနေပြီ….၊

စားပွဲခုံပုလေးပေါ်က ပန်းအိုးမှာ ပန်းတွေလဲပြီးနေပါပြီ၊

"လာ…. စာရေးဆရာရေ…၊ ဧည့်သည်တွေလည်း ကား နဲ့ လာနေကြပြီတဲ့၊ အခုလေးတင်ပဲ ဖုန်းဆက်တယ်…."

ဆရာပွင့်က စာရေးသူကို ဆီးကြိုနေရာပေးရင်း ပြော တယ်။

ဆရာပွင့်နဲ့ စာရေးသူခင်မင်ကြတာ နှစ်တွေတော်တော် ကြာနေပါပြီ….၊

ဆရာပွင့် အရင်နေတာက လှိုင် (၇) ရပ်ကွက်ထဲမှာ၊

စာရေးသူရဲ့ တစ်ဝမ်းကွဲ ညီနဲ့ညီမတွေကလည်း (၇) ရပ်ကွက်၊ သရက်မြိုင်ထဲမှာ နေကြတယ်….၊

ညီ၊ ညီမတွေဆီ စာရေးသူအလည်ရောက်တဲ့အခါ ဆရာ ပွင့်နဲ့ မျက်မှန်းတန်းမိလာတယ်….၊

အဲဒီကနေ ဖြစ်ရပ်မှန် ထူးထူးဆန်းဆန်းအဖြစ်အပျက် တွေ ရှာဖွေရေးနေတဲ့စာရေးသူနဲ့…..၊

စုန်းကဝေ၊တစ္ဆေ၊ မြေဖုတ်ပယောဂအတွေ့အကြုံ တွေ့ရတဲ့ ရှေးရင်ကျော်ဆရာပွင့်တို့ သတင်းလွှင့်ပွဲ၊ ပေါင်းဖက်

www.burmeseclassic.com

www.burmeseclassic.com



တွေ့မိကြပါတယ်။

အဲဒီနောက်ပိုင်းမှာ ဆရာပွင့်ကိုယ်တွေ့ ကုသပေးခဲ့ရတဲ့ ထူးထူးဆန်းဆန်း အဖြစ်အပျက်တော်တော်များများ စာရေးသူရဲ့ ဖြစ်ရပ်မှန်ဇာတ်လမ်းတွေ ဖြစ်လာခဲ့တယ်....၊

“ဆရာပွင့်ရေ...၊ လူနာအခြေအနေက ဘယ်လိုတဲ့လဲ...”

ဆရာပွင့်က အနီးကထွေးခံကို ယူတယ်၊ ကွမ်းတံတွေး ထွေးထည့်တယ်။

ပြီးမှ စာရေးသူရဲ့အမေးကို ဖြေတယ်။

“လူနာလို့တော့ မပြောနိုင်ဘူးဗျ...၊

အိပေမဲ့ သူ့မှာ ပယောဂတစ်စုံတစ်ခုတော့ အနှောင့်အယှက်ပြုတာ ခံနေရပုံရတယ်၊ နာမည်က မြတ်နိုးသဇင်တဲ့.....၊

သူပြောတဲ့အတိုင်းဆိုရင်တော့တော်တော်ထူးဆန်းမယ့် အဖြစ်အပျက်ပဲ.....၊

ဘယ်ကဘယ်လို ရောက်နေမှန်းမသိတဲ့ ညှိနံ့ကြီးနံနေတာ လေးလလောက်ရှိပြီတဲ့.....၊

နောက်ပြီးတိရစ္ဆာန်တစ်ကောင်ကောင်ရဲ့ကိုယ်ခန္ဓာက လို့ထင်ရတဲ့ အကြေးခွံတွေကိုလည်း အိပ်ရာပေါ်မှာ လက်နဲ့စမ်းမိ



www.burmeseclassic.com

www.burmeseclassic.com



တယ်.....။

ဒီပေမဲ့ ဘာမှန်းမသိခင် ပျောက်သွားတယ်တဲ့...."

"အဲဒီ ဘာသဘောလဲ ဆရာပွင့်၊ ဘာဖြစ်နိုင်လဲ....."

"စစ်ကြည့်မှ သိရမှာပဲဗျ.....၊

ခဏနေရင် ရောက်လာမှာပါ...."

စာရေးသူနဲ့ ဆရာပွင့်တို့နှစ်ယောက် စုန်းကဝေ အောက်လမ်းပညာသည်တွေအကြောင်းနဲ့ဆန်းကြယ်ပြီးတန်ခို ရှိတဲ့ စုန်းနိုင်ဂမုန်းတွေအကြောင်းပြောရင်းစကားကောင်းနေကြ တယ်....။

အဲဒီအချိန်မှာပဲ ဓါတ်ခန်းရှေ့ကို ပါဂျဲရိုးကားလေးတစ်စီ ထိုးဆိုက်လာတယ်။

စာရေးသူရော၊ ဆရာပွင့်ပါ ကားလေးဆီကို ငြိမ်တ ကြည့်မိကြတယ်။

ပထမဦးဆုံး အရပ်မြင့်မြင့်၊ ဆံနွယ်ရှည်ရှည်တွေ ကျော ပေါ်ဖြန့်ချထားတဲ့.....။

မိန်းမချင်းတောင် အနည်းဆုံးနှစ်ခါလောက် ပြန်လှည့် ကြည့်ရမလောက်၊ မျက်နှာတန်ပန်ရော၊ ကိုယ်လုံးကိုယ်ပေါက်ပါ အချိုးကျကျလှတဲ့ မိန်းမချောလေးတစ်ယောက် ကားခန်းဆီ



www.burmeseclassic.com

www.burmeseclassic.com



ဖွင့် ဆင်းလာတယ်။

"အဲဒါပေါ့...၊ မြတ်နိုးသဇင်ဆိုတာ...."

ဆရာပွင့်က စာရေးသူကြားရုံသာ ပြောတယ်။

မြတ်နိုးသဇင်ဆိုတဲ့ မိန်းမချောလေးက ကားပေါ်ကခပ်သွက်သွက်ဆင်းပြီး နောက်ခန်းတံခါးကို ဆွဲဖွင့်ပေးတယ်။

ကားပေါ်က အသားလတ်လတ်၊ ထောင်ထောင်မောင်းမောင်း၊ ခန့်ခန့်ညားညားလူကြီးတစ်ယောက်နဲ့....၊

အသားဖွေးဖွေး၊ မပိန်မဝနဲ့ စိတ်သဘောထားပြည့်ဝပြီး ခင်မင်နှစ်လိုဖွယ်ကောင်းတဲ့ အမျိုးသမီးကြီးတစ်ဦးတို့ ဆင်းလာတယ်....၊

မြတ်နိုးသဇင်ဟာ လူကြီးနှစ်ယောက်ကို အသာအယာတွဲခေါ်ပြီး ဓါတ်ခန်းထဲဝင်လာတယ်။

"ဆရာ ဒီ... သမီးရဲ့ ဖေဖေနဲ့ မေမေပါ...၊

သမီးကို စိတ်ပူလို့တဲ့လေ၊ မုံရွာက အားချင်းလိုက်လာတာ...."

မြတ်နိုးသဇင်က သူ့မိဘနှစ်ပါးနှင့် ဆရာပွင့်ကိုမိတ်ဆက်ပေးတယ်။

"ကျွန်တော့်သမီး ရင်ဆိုင် ကြုံတွေ့နေရတဲ့အဖြစ်က



www.burmeseclassic.com

www.burmeseclassic.com



တော့ ကျွန်တော့်တစ်သက်နဲ့တစ်ကိုယ် မကြားဘူးတဲ့ အဖြစ်ပါပဲ ခင်ဗျာ....၊

ဆရာ့ပညာနဲ့ ဖယ်ရှားရှင်းလင်းပေးဖို့ မေတ္တာရပ်ခံပါတယ်...."

မြတ်နိုးသဇင်ရဲ့ဖခင်ကလည်း ရည်ရည်မွန်မွန်နဲ့ ဆရာပွင့်ကို မေတ္တာရပ်ခံတယ်၊ ပဋိသန္ထာရစကား ဆိုတယ်။

"ဒါက စာရေးဆရာ မောင်မှိုင်းညိုပါ။

ထူးထူးဆန်းဆန်း ဖြစ်ရပ်မှန်တွေရေးတဲ့ စာရေးဆရာပေါ့....၊

ဆရာပြောပြလို့ သမီးကြုံတွေ့နေရတဲ့ အဖြစ်အပျက်ကို သိပြီး စိတ်ဝင်စားလို့တဲ့၊

လက်တွေ့ လေ့လာဖို့လာတာ...."

ဆရာပွင့်က မြတ်နိုးသဇင်တို့မိသားစုသုံးယောက်နဲ့ စာရေးသူကို မိတ်ဆက်ပေးတယ်။

"ဆရာ၊ သမီးရဲ့ အဖြစ်အပျက်ကို စာရေးမလို့လား"

"အခုအခြေအနေက ဘာမှန်းမသိရသေးဘူးလေ၊ အမှန်တကယ် ထူးထူးခြားခြား ဖြစ်ရပ်ဆန်းဆိုရင်တော့ ရေးဖြစ်ပါမယ်....၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအတွက်လည်း တစ်ခါတည်းခွင့်တောင်းပါတယ်...”

“ရပါတယ် ဆရာ၊

သမီးကြုံတွေ့နေရတဲ့ အဖြစ်အပျက်က ထိတ်လန့်အံ့ဩစရာကောင်းလွန်းလို့သမီးကိုယ်တိုင်တောင်ဝတ္ထုရေးချင်နေတာ၊ မရေးတတ်လို့သာပေါ့....၊

အခု ဆရာရေးမယ်ဆိုတော့ သမီးသဘောတူပါတယ်၊ ရေးပေးပါ ဆရာ....”

“ကဲ... ကဲ... ကဲ...၊ ဒါဆိုလည်း စစ်ကြည့်လိုက်ရအောင်.....၊

ပထမဦးစွာ သမီးရဲ့အသက်နဲ့ ခန္ဓာကို ဆရာ့ကိုအပ်ပါ၊

ဒီလိုအပ်နှံမှ ဆရာတို့က လူနာကို ကုသခွင့်ရှိတယ်ကွယ့်.....၊

ဒါက ဆရာတို့ဂိုဏ်းတော်ကြီးက ချမှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်း ဖြစ်ပါတယ်....”

ဆရာပွင့်ကား ပယောဂစစ်ရန် သူ၏လုပ်ငန်းကို နိဒါန်းပျိုးလိုက်ပြီ ဖြစ်ပါတယ်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



ဆရာပွင့်က မြတ်နိုးသဇင်ကို ခြေထောက်နှစ်ဖက်စင်းပြီး ထိုင်ခိုင်းတယ်။

လက်နှစ်ဖက်ကိုတော့ အောက်က သင်ဖြူးဖျာပေါ် ထောက်ထားစေတယ်။

"ကြာသပတေးသမီး မမြတ်နိုးသဇင်ကို အနှောင့်အယှက်ပြုနေတဲ့ပုဂ္ဂိုလ်ဟာ စုန်းအမျိုးမျိုး၊ ကဝေအမျိုးမျိုး အောက်လမ်းပညာသည် အမျိုးမျိုးထဲက တစ်မျိုးဖြစ်နေရင် ညာခြေ မြှောက်-မရစေ...."

ဆရာပွင့်ဟာ 'စေ' တစ်လုံးသုံးပြီး အမိန့်ပေးလိုက်တယ်၊ ပြီးတော့.....

"ကဲ သမီးရဲ့ ညာခြေကို မြှောက်ကြည့်ပါ" လို့ ပြောလိုက်တယ်။

မြတ်နိုးသဇင်ဟာ သူမရဲ့ထမီစကို အသာအယာ လက်ဖြင့်ထိန်းဖိပြီး ညာခြေကိုမြှောက်ကြည့်တယ်။

ညာခြေ အပေါ်မြှောက်လာတာ တွေ့ကြရတယ်။

ဆရာပွင့် ရှေ့နည်းအတိုင်းပြောပြီး အမိန့်ပေးပြန်တယ်....၊

"ကြာသပတေးသမီး မမြတ်နိုးသဇင်ကို အနှောင့်အ



www.burmeseclassic.com

www.burmeseclassic.com



ယှက်ပြနေတဲ့ပုဂ္ဂိုလ်ဟာ စုန်းအမျိုးမျိုး၊ ကဝေအမျိုးမျိုး၊ အောက်လမ်းပညာသည် အမျိုးမျိုးထဲက တစ်မျိုးဖြစ်နေရင် ဘယ်ခြေ ဖြောက်–မရစေ....”

အမိန့်ပေးပြီး ဘယ်ခြေကိုဖြောက်ခိုင်းတယ်။

ဘယ်ခြေ ဖြောက်လို့ရပြန်တယ်။

“သမီးကို အနှောင့်အယှက် ပြုနေတဲ့ပုဂ္ဂိုလ်က စုန်း၊ ကဝေ၊ အောက်လမ်းပညာသည်တွေထဲက မဟုတ်ဘူးဆိုတာ သေချာတယ်...၊

ကဲ နောက်တစ်မျိုး စစ်ကြည့်ကြဦးစို့....”

“ကြာသပတေးသမီး မမြတ်နိုးသဇင်ကို အနှောင့်အယှက် ပြုနေတဲ့ပုဂ္ဂိုလ်ဟာ သိုးဆယ့်တစ်ဘုံသား ပြိတ္တာမျိုးနွယ်၊ တစ္ဆေ၊သရဲ၊မြေဖုတ်၊ဘီလူး၊ကျုတ်၊မှင်စာအစရှိသောနာနာ ဘာဝပုဂ္ဂိုလ်သတ္တဝါဆိုရင် ညာခြေ ဖြောက်–မရစေ....”

ဆရာပွင့်က အမိန့်ပေးပြီး ညာခြေဖြောက်ခိုင်းတယ်။

ညာခြေဖြောက်လို့ရတာ တွေ့ရတယ်။

နောက်တစ်ကြိမ်အမိန့်ပေးပြီး ဘယ်ခြေဖြောက်ခိုင်း တော့လည်း ဘယ်ခြေအပေါ် ဖြောက်လာတယ်....။

“လူသားတစ်ယောက်ကို ပြုစားတာ၊ ဖမ်းစားတာ၊ အ



www.burmeseclassic.com

www.burmeseclassic.com



နှောင့်အယှက် အပြုတတ်ဆုံးသူတွေကတော့ စုန်းကဝေ၊ အောက်လမ်းပညာသည် အမျိုးမျိုးနဲ့....၊

ဖုတ်၊ပြိတ္တာ၊တစ္ဆေ၊သရဲ၊ကျတ်၊မှင်စာအစရှိတဲ့နာ နာဘာဝတွေပဲ....၊

ဒါပေမဲ့ ဆရာစစ်ဆေးကြည့်တော့ သူတို့နဲ့ပတ်သက် စပ်ဆိုင်ခြင်းမရှိတာ တွေ့ရတယ်။

ဒါဆိုရင်နှောင့်ယှက်နေတဲ့ပုဂ္ဂိုလ်သတ္တဝါဘယ်သူလဲဆို တာသိဖို့ ဆက်စစ်ကြတာပေါ့...."

ဆရာပွင့်က 'စေ' တစ်လုံးနဲ့အမိန့်ပေးပြီး အနှောင့်အ ယှက်ပြုနေသူ ဘယ်သူလဲဆိုတာ ဆက်စစ်တယ်။

အသူရကာယ် ဘုံသားတွေဖြစ်တဲ့ နေ့စံညခံ ပုဂ္ဂိုလ်တွေ၊ နေ့စံညစံ ပုဂ္ဂိုလ်တွေ....၊

ရက္ခစိုး၊ အာကာသစိုး၊ ရက္ခိုလ်ဆိုတဲ့ ဝိနာဘာဝတွေ...၊

ဥစ္စာစောင့်၊သိုက်စောင့်အမျိုးမျိုးတွေကို တစ်မျိုးပြီးတစ် မျိုး စစ်ကြည့်တယ်၊ ဒါပေမဲ့......၊

မမြတ်နိုးသဇင် ကြုံတွေ့နေရတဲ့ ပယောဂအနှောင့်အ ယှက်တာ သူတို့အားလုံးနဲ့ လုံးဝမသက်ဆိုင်ဘူးဆိုတာ ထင်ထင် ရှားရှားတွေ့ရတယ်....၊

www.burmeseclassic.com

www.burmeseclassic.com



"ကြာသပတေးသမီး မမြတ်နိုးသဇင် ကြုံတွေ့နေရတဲ့ ပယောဂအနှောင့်အယှက်ဟာ အဏ္ဏဝါပျော်ပါး ရေနဂါးတို့နဲ့ ပတ်သက်ဆက်နွယ်ပါက ညာခြေ မြှောက်လို့–မရစေ...."

ဆရာပွင့်က နတ်နဂါးအမည်ဖော်ပြီး အမိန့်ပေးတယ်။

ရှေးနည်းအတိုင်း မြတ်နိုးသဇင်ရဲ့ ညာခြေကို မြှောက်ခိုင်းလိုက်တယ်။

မြတ်နိုးသဇင်ကလည်း ဆရာပွင့်ညွှန်ကြားတဲ့အတိုင်း ညာခြေကို မြှောက်လိုက်တယ်....၊

"ဟင်..."

သူမ အံ့ဩသွားတယ်။

ပယောဂစစ်နေတဲ့တစ်လျှောက်လုံး မြှောက်လို့ မ–လို့ ရခဲ့တဲ့ခြေထောက်ဟာ ဒီတစ်ခါတော့ မြှောက်လို့မရဘူး....၊

သူမ အားစိုက်ပြီးမြှောက်ကြည့်တယ်။

မရဘူး...၊ တစ်စုံတစ်ယောက်က ညာခြေကို အပေါ်က နေ အားနဲ့ဖိပြီး ကပ်ထားတဲ့အတိုင်း ကပ်နေတယ်။

သူမ ဘယ်လိုမြှောက်မြှောက် ညာခြေကြွမလာဘူး....၊

"ကလေးမကတော့ခြေထောက်မြှောက်မရဘူးဖြစ်နေပြီ....၊



www.burmeseclassic.com

www.burmeseclassic.com


အမေဖြစ်သူက သမီးရဲ့ညာခြေကို အပေါ်ရောက်အောင် မြှောက်ပေးပါဦး....”

ဆရာပွင့်စကားကြောင့်မြတ်နိုးသဇင်ရဲ့မိခင်ရှေ့တိုးလာတယ်။

သမီးဖြစ်သူရဲ့ ညာခြေကိုကိုင်ပြီး မြှောက်တယ်။

အံ့အားသင့်သွားတဲ့အမူအရာ သူမမျက်နှာမှာ ထင်ဟပ်သွားတယ်...၊

သူမ အားစိုက်ပြီး ရအောင်မြှောက်ကြည့်တယ်။

မြတ်နိုးသဇင်ရဲ့ ခြေထောက်ကတော့ ဘယ်လိုမြှောက် မြှောက် မြှောက်မလာဘူး....။

“ကြာသပတေးသမီး မမြတ်နိုးသဇင် ကြုံတွေ့နေရတဲ့ ပယောဂအနှောက်အယှက်ဟာ အဏ္ဏဝါပျော်ပါ။ ရေနဂါးတို့နဲ့ ပတ်သက်ဆက်နွယ်ပါက ညာခြေမြှောက်လို့ရစေ.....”

ဆရာပွင့်ရဲ့အမိန့်အဆုံးမှာ စောစောက ဘယ်လိုမြှောက် လို့မှမရတဲ့ညာခြေဟာလွယ်လင့်တကူပဲမြှောက်လို့ရသွားတယ်။

ဆရာပွင့်ဟာ သေချာသည်ထက် သေချာအောင်၊ ဘယ် ခြေမြှောက်ခိုင်းပြီး စစ်ပြန်တယ်။

“ကြာသပတေးသမီး မမြတ်နိုးသဇင် ကြုံတွေ့နေရတဲ့


www.burmeseclassic.com

www.burmeseclassic.com



ပယောဂအနှောင့်အယှက်တော အင်္ဂုတ္တရပါပျော်ပါး၊ ရေနဂါးတို့နဲ့ ပတ်သက်ဆက်နွယ်ပါက ဘယ်ခြေမြောက်လို့ မရစေ.....”

ဆရာပွင့် အမိန့်ပေးလိုက်တာနဲ့ တစ်ပြိုင်နက် မြတ်နိုးသဇင်ရဲ့ဘယ်ခြေဟာမမြင်ရတဲ့တစ်ဦးတစ်ယောက်ရဲ့ဖိကပ်ထားတာကို ခံနေရတဲ့အတိုင်း အပေါ်ကိုမြောက်လို့မရတော့ဘူး......၊

ဆရာပွင့်က ကာယကံရှင်ရဲ့မိခင်နဲ့ ဖခင်ကိုပါ သမီးဖြစ်သူရဲ့ဘယ်ခြေကို မြောက်ခိုင်းတယ်.....၊

ဘယ်ခြေကတော့ ဘယ်လိုမှ မြောက်မလာဘူး။

“ကဲ....ကဲ...ဒီလောက်ဆိုရင်သမီးကိုအနှောင့်အယှက်ပြုနေတဲ့သူဟာ နဂါးသိုက်ကနဂါးဆိုတာ ထင်ထင်ရှားရှားသိလောက်ပါပြီ.....၊

ရေထဲမှာပျော်ပါးကျက်စားနေထိုင်ကြတဲ့သတ္တဝါမှန်သမျှမှာ အညှီနံ့ရှိကြပါတယ်။

သမီးဆီကို ဒီနဂါးရောက်လာပါလိမ့်မယ်.....၊

ဒီလိုရောက်လာတဲ့အချိန်ကစပြီး ညှီနံ့ကြီးနံနေခဲ့တာဖြစ်တယ်....၊

နောက်ပိုင်းမှာ နဂါးက သမီးအိပ်တဲ့ကုတင်ပေါ်ထိ တက်လာတယ်၊



www.burmeseclassic.com

www.burmeseclassic.com



အဲ့ကြောင့် သူ့ရဲ့ခန္ဓာကိုယ်က အကြေးခွံတွေကို သမီးကိုင်မိလိုက်တာပေါ့...."

"ဆရာ့ကြောင့်သာ ရှင်းရှင်းလင်းလင်း သိရပါတော့တယ်....၊

ကျွန်တော်တို့ မိဘတွေရော၊ သမီးကပါ မနာလိုတဲ့သူတစ်ယောက်ယောက်က အောက်လမ်းပညာသည်နဲ့ နှောင့်ယှက်နေတယ်လို့ပဲ ထင်ခဲ့ကြတယ်...."

"မဟုတ်ပါဘူးခင်ဗျာ၊

စုန်းကဝေ၊ တစ္ဆေ၊ မြေဖုတ်၊ နာနာဘာဝ၊ ဝိနာဘာဝဘာတစ်ခုမှ မဟုတ်ဘူး.....၊

နဂါးသိုက်က နဂါးတစ်ကောင် နှောင့်ယှက်နေတာပါ...."

"ဟုတ်ပါတယ် ဆရာ၊ ဆရာ့ကျေးဇူးကြောင့် ယုံမှားသံသယရှင်းရှင်းနဲ့ နဂါးဆိုတာသိရပါပြီ....၊

သမီးအပေါ်ကျရောက်နေတဲ့ အနှောင့်အယှက်ကိုသာကင်းစင်သွားအောင် ရှင်းပေးပါဆရာ....."

"ဟုတ်ကဲ့ပါ၊ ဒီအတွက် ဘာမှမပူပါနဲ့၊ ကျွန်တော် အာဝန်ခံယူပါတယ်.....၊



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုရှိတာက ဒီလိုဖြေရှင်းနိုင်ဖို့ဆိုရင် အကြောင်းခြင်းရာ၊ အချက်အလက် အစုံအလင်သိမှ ဖြစ်ပါမယ်....၊

ဒါတွေကိုသိဖို့ စောစောကလိုပဲ ဆက်ပြီးစစ်ကြည့်ရမှာ ဖြစ်ပါတယ်..."

"ဟုတ်ကဲ့ပါ၊ ကျွန်တော်တို့မိဘတွေက ဆရာ့ကိုအပ်နှံပါတယ်...."

"ကဲ... သမီးလည်း ပင်ပန်းနေရော့မယ်၊

ခဏနားမယ်၊ နားပြီးမှ ပြန်စစ်ကြည့်ကြတာပေါ့..."

စာရေးသူကား ဆရာပွင့် ပယောဂစစ်ဆေးနေမှုကို သည်းကောင်း၊

ဆရာပွင့်နှင့် မမြတ်နိုးသဇင်၏ဖခင်တို့ ပြောဆိုနေကြသည်ကိုလည်းကောင်း.....၊

ဘာတစ်ခုမှ ဝင်ရောက်ပြောဆိုမှု မပြုပါ.....။

သူတို့ ပြောကြဆိုကြသည်များကို ဇုန်းဖြင့်အသံဖမ်းယူခြင်း.....၊

ရုံဖန်ရုံခါ ဖုန်းဖြင့် မှတ်တမ်းတင်၊ ဓါတ်ပုံရိုက်ကူးခြင်းတို့ကိုသာ ပြုလုပ်လျက်ရှိပါတယ်။

မလှမ်းမကမ်းရှိ လက်ဖက်ရည်ဆိုင်မှ ဆရာပွင့်မှာယူ

www.burmeseclassic.com

www.burmeseclassic.com



ညွှန်ခံတဲ့ လက်ဖက်ရည်နှင့်မုန့်များကို စားရင်းသောက်ရင်း နားနားနေနေ စကားပြောကြတယ်။

ဆယ့်ငါးမိနစ်လောက်ကြာမှ

"ကဲ.... အလုပ်လေး ဆက်လုပ်လိုက်ကြဦးဆို့ကွဲ့...."

ဟု ဆရာပွင့်က ပြောလိုက်ပါတော့တယ်။

◆ ◆ ◆

ဒီနေရာမှာ စာရေးသူအနေနဲ့ စာဖတ်သူကို ကြိုတင်တင်ပြစရာ အချက်နှစ်ချက်ရှိပါတယ်...။

နံပါတ်တစ် အချက်က....

ဆရာပွင့်အနေနဲ့ ယခင်ပြုလုပ်နေကျ ပယောဂစစ်နေကျအတိုင်း.....၊

ပြုစားနှောင့်ယှက်သူကို အမိန့်ပေးပြီးခေါ် တစ်စုံတစ်ဦးဆီကို ပူးကပ်ခိုင်း၊

ထို့နောက်မှ သိချင်တဲ့အချက်အလက်၊ အကြောင်းအရာတွေ မေးမြန်းတဲ့နည်းကို အသုံးမပြုတဲ့အချက် ဖြစ်ပါတယ်။

(ဒီလိုပူးကပ်ခိုင်းပြီးမေးတဲ့နည်းကိုဆရာပွင့်ပြုလုပ်ခဲ့ဖူးတဲ့အကြောင်း၊ စာရေးသူရဲ့ မြသပိတ်တောင်က သိုက်ဆက်ညီ



www.burmeseclassic.com

www.burmeseclassic.com



အစ်မ စာအုပ်နဲ့ ဥစ္စာစောင့်တွေ လျှုတဲ့ငွေ စာအုပ်တွေမှာ ဖော်ပြထားပါတယ်....။)

နံပါတ်နှစ် အချက်ကတော့.....

ယခုတစ်ကြိမ်ဆရာပွင့်ပယောဂစစ်ဆေးရာမှာညာခြေ၊ ဘယ်ခြေမြှောက်ခိုင်းတဲ့ နည်းတစ်ခုတည်းကိုသုံးပြီး ဟုတ်၊ မဟုတ် စစ်ဆေးခဲ့ပါတယ်။

ဥပမာ– မမြတ်နိုးသဇင်နဲ့ လာရောက်နှောင့်ယှက်တဲ့ နဂါးတို့ ယခင်ဘဝက ဘယ်လိုတော်စပ်ခဲ့သလဲလို့ စစ်ဆေးတဲ့အခါ....၊

မိဘနဲ့ သားသမီးတော်စပ်ခဲ့ရင် ညာခြေမြှောက်၍ မရစေ....၊

ညီအစ်ကို၊ မောင်နှမတော်စပ်ခဲ့ရင် ညာခြေမြှောက်၍ မရစေ.....၊

ချစ်သူရည်းစား တော်စပ်ခဲ့တယ်ဆိုရင်........၊

လင်မယားတော်စပ်ခဲ့တယ်ဆိုရင် ညာခြေမြှောက်၍ မရစေ....၊ စသည်ဖြင့် စစ်ဆေးခဲ့ပါတယ်။

ဒီလိုမေးသမျှ မြန်းသမျှအားလုံးကို ရေးသားဖော်ပြနေပါက မလိုအပ်ဘဲ စာမျက်နှာဖြုန်းတီးရာကျတဲ့အပြင် စာဖတ်သူ



www.burmeseclassic.com

www.burmeseclassic.com



အနေနဲ့လည်း ငြိမ်းငွေ့ ယူခံရနိုင်တဲ့အတွက်.....၊

ဖြစ်စဉ်ကို တစ်လုံးမကျန်ရေးသားဖော်ပြမှ မပြုတော့ဘဲ လိုအပ်သလောက်သာ ဖော်ပြပါ့မယ်ဆိုတဲ့အချက်ပဲ ဖြစ်ပါတယ်။

တစ်နာရီနဲ့ ဆယ်မိနစ်တိတိစစ်ဆေးပြီးမှ ဆရာပွင့်သိချင်တဲ့ အချက်အလက်တွေ ရခဲ့ပါတယ်....။

ရရှိတဲ့ အချက်အလက်တွေက......၊

◆မမြတ်နိုးသဇင်ဟာနဂါးသိုက်ကလာတဲ့နဂါးသိုက်ဆက်ဖြစ်တယ်....၊

◆လာရောက်နှောင့်ယှက်နေတဲ့နဂါးဖွာအဘိတ်က နဂါးဘဝမှာ မမြတ်နိုးသဇင်ရဲ့ လင်ယောကျ်ား တော်စပ်ခဲ့တယ်...၊

◆အဲ့ကြောင့်မမြတ်နိုးသဇင်ရှိရာသို့လာရောက်နေတာ ဖြစ်တယ်.....၊

◆မမြတ်နိုးသဇင်ဟာလူ့ဘဝကနေနဂါးသိုက်ကိုပြန်ဖို့အချိန်နီးကပ်နေပြီဆိုတဲ့ အချက်တွေပဲ ဖြစ်ပါတယ်။

တွေ့ရှိချက်တွေက မြတ်နိုးသဇင်ကိုရော၊ သူ့ရဲ့ဘဝနှစ်ပါးကိုပါ ထိတ်လန့်သွားစေတာနဲ့တူရဲ့.....၊



www.burmeseclassic.com

www.burmeseclassic.com



သူတို့အားလုံးရဲ့ မျက်နှာတွေမှာ စိုးရိမ်သောကအရိပ်မည်းတွေ သိသိသာသာ ဖုံးလွှမ်းသွားတယ်....၊

ဆရာပွင့် စစ်ဆေးပေးတာကိုလည်း မယုံလို့မရတဲ့ အနေအထား ဖြစ်နေတယ်။

ဘာ့ကြောင့်လည်းဆိုတော့သူတို့ရှေ့မှာသူတို့ကိုယ်တိုင်ကိုယ်ကျ ပါဝင်စစ်ဆေးခဲ့တာကြောင့်ပါ....၊

"ဒါဆိုရင် ကျွန်တော့်သမီးလေးအပေါ် ကျရောက်လာမယ့် ဘေးအန္တရာယ်တွေကို ဘယ်လိုနည်းနဲ့ ကာကွယ်စောင့်ရှောက်လို့ရမလဲ ဆရာ...."

မြတ်နိုးသဇင်ရဲ့ဖခင်က ဆရာပွင့်ကို အားကိုးတကြီး မေးတယ်။

"ရပါတယ်၊ ကာယကံရှင်ဖြစ်တဲ့ သမီးကသာသဘောတူရင် ဆောင်ရွက်ပေးလို့ရပါတယ်....၊

သိုက်ဆက်ဖြတ်တယ် ခေါ်တာပေါ့...."

"ကာယကံရှင်က သဘောတူမှ ဆောင်ရွက်လို့ရတယ် ဆိုတာ ဘာကိုဆိုလိုတာပါလဲ ဆရာ...."

"ဒါက ဒီလိုပါ။တစ်ချို့သိုက်ဆက်တွေကျတော့ အတိတ်ဘဝကဆုံခဲ့တဲ့ဖူးစာဖက်ကိုချစ်ခင်စွဲလန်းတဲ့စိတ်က ဒီဘက်ဘဝ



www.burmeseclassic.com

www.burmeseclassic.com



ထိ ပါလာတတ်ပါတယ်....၊

ဒါ့ကြောင့် ကာယကံရှင်ကိုယ်တိုင် သဘောတူညီမှ သိုက်ဆက်ဖြတ်လို့ရတယ်....၊

ကဲ... သမီးအနေနဲ့ ဘယ်လိုဆန္ဒရှိသလဲ...."

ဆရာပွင့်က မမြတ်နိုးသဇင်ကို မေးလိုက်တယ်။

"အတိတ်ဘဝနဲ့ ပတ်သက်ပြီး သမီးအနေနဲ့ ဘာတစ်ခု မှ သတိမရပါဘူးဆရာ....၊

စွဲလန်းတယ်ဆိုတာလည်း လုံးဝမရှိပါဘူး...၊

ဒါ့ကြောင့်မို့လို့ သိုက်ဆက်ဖြတ်ပေးဖို့ ဆရာ့ကို အနူးအညွတ် မေတ္တာရပ်ခံပါတယ်...."

မမြတ်နိုးသဇင်ရဲ့ မေတ္တာရပ်ခံချက်ကြောင့် ဆရာပွင့် ရေမန်းတစ်ခွက်ကိုယူပြီး သစ္စာဆိုတယ်။

"ကျွန်ုပ်သည် ရှေးရင်ကျော် အထက်လမ်းပညာကို ယူ တဲ့နေ့ကစပြီး...၊

နွားသား၊ ကျွဲသားများကို ဘယ်သောအခါမှ သိလျက် နှင့် မစားမသောက်ပါ....၊

ကာမပိုင် လင်ရှိမယားကို ဘယ်သောအခါမှ သိလျက် နှင့် မခိုးယူ၊ မပေါင်းသင်းပါ....၊



www.burmeseclassic.com

www.burmeseclassic.com



မှုးယစ်စေတတ်သော သေရည်အရက် စသည်တို့ကို လည်း သိလျက်နှင့် ဆေးအဖြစ်တောင်မှ ဘယ်သောအခါမှ မ လိမ်းမကျံ၊ မစားမသောက်ပါ.....၊

ဤသစ္စာစကားတို့ မမှန်မကန်ကျိုးပေါက်ပါက ရွှေရင် ကျော် အထက်လမ်းပညာရပ်များ ကျွန်ုပ်ထံမှ ပျောက်ပျက်သွား ပြီး သေချင်းဆိုးအမျိုးမျိုးဖြင့် သွေးပွက်ပွက်အန်၍ သေရပါစေ...၊

သေပြီးသည့်နောက်မှာလည်း မဟာအဝီစိငရဲ၌ မကျွတ် မလွတ်တမ်း ခံရပါစေ.....၊

ပွင့်လတ္တံ့သော ဘုရားအဆူဆူနှင့် လွဲပါစေ....၊

အကယ်၍ ကျွန်ုပ်၏ ဤသစ္စာစကားမှန်ကန်ခဲ့သည် ရှိသော် ကြာသပတေးသမီး မမြတ်နိုးသဇင်၌ ကျရောက်လျက်ရှိ သည့် နဂါးသိုက်ဆက်ကြိုးသည် လျှင်မြန်စွာစွာ ချက်ချင်းပြတ် တောက်ပါစေ....၊

ကျွန်ုပ်သည်လည်း နိဗ္ဗာန်မရမီစပ်ကြား သံသရာ၌ကျင် လည်သမျှ အပါယ်လေးဘုံမှကင်းလွတ်ပြီး ပွင့်သမျှဘုရားအဆူ ဆူတို့အား ဖူးတွေ့နိုင်သောသူ ဖြစ်ရပါစေသား......"

ဆရာပွင့်တာ သစ္စာရေမန်းခွက်ကို မမြတ်နိုးသဇင်ဆီ လှမ်းပေးပြီး သောက်စေတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနောက်မှာတော့ ပယောဂစစ်ခြင်းနှင့်....၊

မမြတ်နိုးသဇင်ကို နဂါးသိုက်ဆက်ကြိုး ဖြတ်ခြင်းကိစ္စ တို့ ပြီးဆုံးသွားတယ်။

ဆရာပွင့်က မမြတ်နိုးသဇင်တို့အဖွဲ့ကို တစ်ပတ်တိ တိပြည့်တဲ့နေ့မှာ ထပ်မံလာရောက်ဖို့ချိန်းဆိုပြီး ပြန်လွှတ်လိုက် တယ်....၊

စာရေးသူလည်း ဆရာပွင့်နှင့် အချိန်အတန်ကြာမျှ စကားစမြည်ပြောဆိုပြီး ရွှေပြည်သာသို့ ပြန်လာခဲ့ပါတော့တယ်။

◆◆◆

ဆရာပွင့်နှင့် မမြတ်နိုးသဇင်တို့ ချိန်းဆိုထားတဲ့နေ့ရက် ကို ရောက်ရှိခဲ့ပါပြီ......။

စာရေးသူကတော့ ခရီးတိုတစ်ခု ထွက်လိုက်ရတာ ကြောင့် မရောက်ဖြစ်ခဲ့ပါဘူး....၊

ဒါပေမဲ့ မြတ်နိုးသဇင်ရဲ့အခြေအနေကို သိချင်လို့ မှတ် မှတ်ရရပဲ နေ့လယ်ဘက်မှာ ဆရာပွင့်ဆီဖုန်းဆက်ပြီး မေး ကြည့်ခဲ့ပါတယ်....၊

"ဩော်...စာရေးဆရာ ရောက်လာမယ်ထင်လို့မျှော်နေ



www.burmeseclassic.com

www.burmeseclassic.com



မိသေးတယ်ဗျ....၊

မမြတ်နိုးသဇင်ရဲ့ အခြေအနေကောင်းသွားပါပြီ၊

နဂါးသိုက်ဆက်လည်း ပြတ်သွားပါပြီ.....၊

ကိုယ့်ဆီက ပြန်သွားတဲ့နေ့ကစပြီး အညှီနံ့ကြီးပျောက်သွားတယ်တဲ့.....၊

အကြေးခွံတွေနဲ့ ဘ၀ဟောင်းက ဖူးစာဖက်ဖြစ်ခဲ့သူ မောင်မင်းကြီးသားနဂါးလည်း ပြန်မလာတော့ဘူးလို့ ပြောပါတယ်....."

"အချိန်အားရဲ့လား၊ ကျွန်တော် ဆရာပွင့်ကို မေးစရာလေး တစ်ခု နှစ်ခုရှိလို့......"

"ရပါတယ်ဗျာ...၊ စာရေးဆရာ ဖုန်းဘေကုန်မှာမကြောက်ရင် ကြိုက်သလောက်သာမေး....."

"ဒီလိုပါ ဆရာပွင့်ရေ....၊

ဘ၀ဟောင်းက လင်ယောကျ်ားနဂါးက မမြတ်နိုးသဇင်ရောက်နေတဲ့ဘ၀ကို ဘယ်လိုလုပ်ပြီးသိတာလဲ....၊

ဘယ်နေရာ ရောက်နေတယ်ဆိုတာရော ဘာ့ကြောင့်သိနိုင်တာလဲ....၊

အဲဒီအချက်ကို ကျွန်တော် ဘ၀င်မကျဘူးဗျာ...."



www.burmeseclassic.com

www.burmeseclassic.com



"ဘဝင်မကျမရှိနဲ့ စာရေးဆရာ၊ ကျွန်တော် ရှင်းပြမယ်.....၊

ဒီဘက်ခေတ်မှာလူတစ်ယောက်(အိမ့်မဟုတ်)၊တိရစ္ဆာန်တစ်ကောင်ရဲ့ခန္ဓာကိုယ်ထဲ မိုက်ခရိုချစ်စ်လို့ခေါ်တဲ့ ကွန်ပျူတာပစ္စည်းသေးသေးလေး တပ်ဆင်ပေးလိုက်ရင်....၊

တပ်ဆင်ပေးခံရသူ ဘယ်နေရာရောက်နေတယ်ဆိုတာကို ချက်ချင်းအလွယ်တကူ သိနိုင်ကြတယ်မဟုတ်လား....၊

ဒီသဘောအတိုင်းပါပဲ....၊

မြတ်နိုးသဇင်ဖြစ်လာမယ့်နဂါးမလေးသွားမယ်ဆိုတော့နဂါးမိုက သူတို့ရဲ့တန်ခိုး၊ ကမ္ဘာဇီဇီနဲ့ အပင်း၊ ဖူးသွင်းလိုက်တယ်။

အဲဒီအပင်းဖူးကြောင့်ဘယ်ဘဝရောက်နေတယ်ဆိုတာသိနိုင်တယ်.....၊

ဘယ်နေရာ ရောက်နေတယ်ဆိုတာ သိနိုင်တယ်လေ။

နဂါးသိုက်ဆက်ကြိုး ဖြတ်တယ်ဆိုတာက အဲဒီအပင်းဖူးကျသွားအောင်၊ပျောက်သွားအောင်သစ္စာဆေးတော်တိုက်ပြီးဆောင်ရွက်ရတာပါ...."

"ဟုတ်ပါပြီ ဆရာပွင့်ရေ၊
နောက်တစ်ခု မေးပါဦးမယ်...."



www.burmeseclassic.com

www.burmeseclassic.com



"မေးပါဗျာ...၊ မေးပါ..."

"ဆရာပွင့်ရော၊ အခြားသော ပယောဂဆရာတွေရော ပြဿနာရဲ့အဖြေကိုရှာရာမှာ ပြုစားနှောင့်ယှက်သူကို အမိန့်ပေးခေါ်.....၊

ဝင်ပူးခိုင်းပြီးမှ နှောင့်ယှက်ရတဲ့အကြောင်းကို မေးမြန်းတာ၊ ဆုံးမတာတွေ ပြုလုပ်လေ့ရှိကြပါတယ်.....၊

အခု နဂါးသိုက်ဆက်ကိစ္စမှာတော့ ဝင်ပူးခိုင်းတာမလုပ်ဘဲ စစ်တဲ့နည်းကိုပဲ ဘာ့ကြောင့်အသုံးပြုရတာလဲ...."

"အဲဒါကတော့ စာရေးဆရာရယ်.....၊

စာ့ရေးဆရာပဲ စဉ်းစားကြည့်လေ.....၊

နဂါးက ဝင်ပူးပါပြီတဲ့...၊

လူလိုမေးတာကို နားလည်ပါ့မလား...၊

သူက နဂါးလိုပြောတာကိုရော ကျွန်တော်ကနားလည်ပါ့မလား...၊

အဲ့ကြောင့် ဝင်မပူးခိုင်းတာပါ..."

"တတ်လည်း တတ်နိုင်ပါပေ့ ဆရာပွင့်ရယ်...."

စာရေးသူက ဆရာပွင့်ကိုနှုတ်ဆက်ပြီး ဖုန်းချလိုက်ပါတယ်.....။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပဲဖြစ်ဖြစ်......။

စာရေးသူကတော့.........၊

ထူးဆန်းတဲ့ညှို့နှံကြိုး.....

အိပ်ရာပေါ်တက်လာတဲ့ အကြေးခွံတွေနှင့် နဂါးတစ်ကောင်.....

နောက်ပြီး နဂါးသိုက်ဆက်မိန်းမချောလေး မြတ်နိုးသဇင်တို့ရဲ့အကြောင်းကိုတော့ စာတစ်ပုဒ်ဖြစ်အောင် ဖန်တီးနိုင်မှာဖြစ်ပါတော့တယ်။ ။

◆ ◆ ◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

# ဥစ္စာစောင့်တွေ နေတဲ့ရွာ

မြင်ကွင်းက ထိတ်လန့်ချောက်ချားစရာကြီး.....၊
သူ့ဖခင်ဟာ အသက်လုပြီးပြေးနေတယ်။
သူ့နောက်မှာက လူထက် အရပ်သုံးဆလောက်
မြင့်မားပြီးကိုယ်ထည်ကြီးမားတဲ့.....၊
အမွေးအမျှင်တွေ တစ်ကိုယ်လုံးပေါက်နေတဲ့...၊
ဘီလူးကြီးတစ်ကောင်က လိုက်နေတယ်။
ဘီလူးကြီးဟာ သူ့ရဲ့ကြီးမားလှတဲ့ခြေဖဝါးကြီးနဲ့
ဖခင်ဖြစ်သူကို လိုက်နင်းနေတာ တွေ့ရတယ်။
ဖခင်ဟာ ခြေထောက်ကြီးနဲ့မနင်းမိအောင် တွေ့ပတ်၊
ပြေးလွှား ရှောင်တိမ်းနေပါတယ်.....။



www.burmeseclassic.com

www.burmeseclassic.com

# ဥစ္စာစောင့်တွေ နေတဲ့ဂူ

## ထူးဆန်းတဲ့ ကျတ်တီးကုန်း

"ကျတ်တီးကုန်း..."

အံ့ဩစရာ ကျတ်တီးကုန်းတစ်ခု ရှိတယ်....၊

အကျယ်အဝန်းဧရိယာက ကေနှစ်ဆယ်နီးပါးလောက် ရှိတယ်....၊

ကုန်းတစ်ခုလုံးကို သဲကျောက်တွေဖုံးလွှမ်းထားတယ်၊ သစ်ပင်ကြီးကြီးမားမားရယ်လို့တစ်ပင်တစ်လေကောင်း မရှိတဲ့ ကျတ်တီးကုန်းပေါ်မှာ.....၊



www.burmeseclassic.com

www.burmeseclassic.com



သဲကျောက်ဆန်တဲ့မြေမျိုးမှာသာ ပေါက်ရောက်ရှင်သန်လေ့ရှိတဲ့ ဆူးခြုံပုတ်တွေနဲ့ ရိုးတံပြိုင်းပြိုင်း၊ အကိုင်းကျိုးတိ ကျိုးကျဲအပင်ပုတွေသာ ရုပ်ပျက်ဆင်းပျက် မင်းမူနေကြတယ်.....၊

ကျွတ်တီးကုန်းမှာ မြေကြီးထဲက အလိုအလျောက်စိမ့်ထွက်နေတဲ့ စမ်းပေါက် နှစ်ခု၊ သုံးခုလောက်ရှိတယ်။

စမ်းပေါက်ဆိုပေမယ့် အခြားအခြားသော တောတောင်၊ လျှိုမြောင်တွေက စမ်းပေါက်တွေလို ကြည်လင်အေးမြပြီး အမောအပန်းပြေစေတဲ့ စမ်းရေတွေမထွက်ဘူး.....၊

ကျွတ်တီးကုန်းစမ်းပေါက်က ထွက်တဲ့ရေတွေက အရောင်မြူပြီး၊ အရသာကလည်း ဆားရေတွေလို ငန်တယ်။

ဒါ့ကြောင့် အနီးအပါးရွာတွေက စမ်းတွင်းကို ကျွတ်ငန်တွင်းလို့ခေါ်ပြီး စမ်းရေကိုလည်း ကျွတ်ငန်ရေလို့ခေါ်ကြတယ်။

ဒီကျွတ်ငန်ရေတွေဟာ ရွာသူရွာသားတွေ အသုံးပြုလို့မရပေမယ့် တစ်ဖက်တစ်လမ်း အကျိုးပြုနေတာတွေ့ရတယ်။

အဲဒီကတော့ကျွဲနွားတိရစ္ဆာန်တွေကကျွတ်ငန်တွင်းရေကို မက်မက်မောမော သောက်သုံးကြတဲ့အတွက်ပါပဲ.....၊

ပူပြင်း ခြောက်သွေ့ကာလ၊ ကျွတ်ငန်တွင်းရေတွေခြောက်ခန်းသွားရင်တောင်တိရစ္ဆာန်တွေဟာမြေကြီးကိုလျှာနဲ့



www.burmeseclassic.com

www.burmeseclassic.com



လျှက်ပြီး စားသုံးတတ်ကြတယ်......။

ဒီလိုနဲ့ ကျုတ်တီးကုန်းမြေဟာ ဘယ်သူ့မှ မသတ်မှတ်ရဘဲ ကျွဲနွားစားကျက်တစ်ခု ဖြစ်လာတယ်။

ကျွဲတွေ၊ နွားတွေ လွှတ်ကျောင်းကြတယ်။

ကျွဲနွားလွှတ်ကျောင်းတယ်ဆိုပေမဲ့ ကျွဲကျောင်းသား၊ နွားကျောင်းသား မပါဘူး......၊

လုပ်ငန်းခွင်ပြီးတာနဲ့ မိမိတို့ရဲ့ကျွဲနွားတွေကို ကျုတ်တီးကုန်းမှာ ဒီအတိုင်း သွားလွှတ်ထားတယ်.....။

လုပ်ငန်းခွင်ဝင်ရမယ်ဆိုမှတိရစ္ဆာန်တွေရဲ့လည်ပင်းမှာ ချိတ်ဆွဲထားတဲ့ ချူလုံးသံ၊ ခလောက်သံကို နားထောင်ပြီး လိုက်ရှာတယ်။

ကိုယ့်ကျွဲနွား ကိုယ်ဆွဲသွားကြတယ်.....၊

ရွာသူ ရွာသားတွေကလည်း သစ္စာရှိကြတယ်....၊

သူတစ်ပါးကျွဲနွားကို မရိုးမသား ခိုးယူတာမျိုးမလုပ်ကြဘူး....၊

မတော်တဆ မှားပြီးဆွဲသွားတယ်ဆိုတာတောင် မရှိဘူး။

အဲ.... တစ်ခုတော့ရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွဲနွားတွေကို ထိန်းကျောင်းသူမပါဘဲ လွှတ်ကျောင်းထားပြီးအလေ့အထကိုသိတဲ့အခြားရပ်ဝေးကသူခိုးနှစ်ယောက်တော့ ကျတ်တီးကုန်းထဲ ဝင်ခိုးဖူးတယ်.....။

ဒါပေမဲ့သူတို့လည်းတစ်ကောင်တစ်မြီးမှ ရမသွားဘူး...။

ကျတ်တီးကုန်းထဲကတောင် အသက်ရှင်လျက် မထွက်ခဲ့ဘူး.....။

နှစ်ယောက်စလုံးမျက်လုံးပြူးကြီးတွေနဲ့သေနေတာကို တွေ့ရတယ်.....။

ရုပ်ပျက်ဆင်းပျက်သေနေကြတဲ့အနေအထားကိုကြည့်ရင်း မသေခင်မှာ ထိတ်လန့်ချောက်ချားစရာ တစ်စုံတစ်ခုကို တွေ့ခဲ့ဖြစ်မယ်လို့ ခန့်မှန်းကြတယ်။

ဘယ်လို ထိတ်လန့်ချောက်ချားစရာကောင်းတဲ့ တစ်စုံတစ်ခုလည်းဆိုတာကိုတော့ ဘယ်သူမှမပြောနိုင်ကြဘူး.....။

သူတို့ခိုးယူသွားဖို့အတွက် နဖားကြိုးတွေတပ်ဆင်ချည်နှောင်ထားတဲ့ နွားလေးကောင်ကိုလည်း အလောင်းတွေအနီးမှာ တွေ့ရတယ်။

အဲဒီတစ်ကြိမ်ပဲ ခိုးတာဝှက်တာ ဖြစ်ဖူးတယ်.....။

နောက် တစ်ခါမှ မကြားရတော့ဘူး.....။

www.burmeseclassic.com

www.burmeseclassic.com



ရွာသူရွာသားတွေကတော့သူတို့ရဲ့ကျွဲနွားတိရစ္ဆာန်တွေကို ကျတ်တီးကုန်းသိုက်က ဥစ္စာစောင့်တွေက စောင့်ရှောက်ပေးနေတယ်လို့ ယုံကြည်နေကြတယ်.....၊

ဟုတ်တယ်.....၊ ကျတ်တီးကုန်းထဲမှာဘုရားသိုက်တစ်ခုရှိတယ်......။

သိုက်ကို စောင့်ရှောက်နေကြရတဲ့ ဥစ္စာစောင့်တွေရှိတယ်လို့ အစဉ်အဆက် ယုံကြည်လာကြတယ်။

ဒီ့ကြောင့်ကျွဲနွားတိရစ္ဆာန်လာလွှတ်ရာမှာပဲဖြစ်ဖြစ်၊

ကျတ်တီးကုန်းကိုဖြတ်ပြီး ခရီးသွားချင်လို့ပဲ ဖြစ်ဖြစ်ကျတ်တီးကုန်းအစပ်မှာရှိတဲ့သစ်ညိုပင်မောင်နှမကို ရှိခိုးဦးချပြီးအပ်နှံကြ၊ ခရီးသွားကြလေ့ရှိတယ်.....။

နောက်ပြီး ကျတ်တီးကုန်းက ဥစ္စာစောင့်တွေနဲ့ ပတ်သက် ဆက်နွှယ်တဲ့ ဇာတ်လမ်းတွေ၊ အဖြစ်အပျက်တွေကလည်းရွာတိုင်းရွာတိုင်းမှာ ရှိနေခဲ့ပါတယ်။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com



## သိုက်မြောင်းကြားတဲ့ လမ်းညွှန်

တောင် မြောက်တန်းနေတဲ့ ပဲခူးရိုးမတောင်တန်းကြီးနဲ့.....၊

မြောက်ကနေ တောင်ကိုစီးဆင်းနေတဲ့ စစ်တောင်းမြစ်တို့ရဲ့အကြားက နယ်မြေဒေသ....၊

ဒီနယ်မြေထဲမှာ ပဲခူးရိုးမပေါ်က ချောင်းဖျားခံလာပြီး စစ်တောင်းမြစ်ထဲစီးဝင်သွားတဲ့ တောင်ကျချောင်းလေးတွေ ရှိတယ်.....၊

စပါးခင်း၊ ပဲခင်း၊ ဂုန်လျှော်စိုက်ခင်း၊ ကြံစိုက်ခင်းတွေနဲ့ တစ်နှစ်ပတ်လုံး မြစိမ်းရောင်ဖုံးလွှမ်းနေတဲ့ လယ်ယာမြေတွေရှိတယ်....၊

ဒီလို မြေဆီမြေနှစ်ပြည့်လျှမ်းပြီး မြေဩဇာကောင်းမွန်လှတဲ့ နယ်မြေဒေသထဲမှာမှ....၊

ဘယ်လိုသီးနှံမျိုးမှ စိုက်ပျိုးမရတဲ့ သဲကျောက်တွေ ဖုံးလွှမ်းထားတဲ့ ကျတ်တီးကုန်းတစ်ခု ဖြစ်ပေါ်နေတယ်။

ဒီဟာဘာ့ကြောင့် ဖြစ်ပေါ်လာရတာလဲ....၊



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူမှ အဖြေမပေးနိုင်ကြဘူး။

အားလုံးက လျှို့ဝှက်တတ်တဲ့သဘာဝတရားရဲ့ ဆန်းကြယ်မှုတစ်ခုလို့ပဲ လက်ခံထားကြတယ်။

ဒီကျတ်တီးကုန်းကို အချို့က ရှေးခေတ်ကသချိုင်းဟောင်းတစ်ခုလို့ ပြောကြသလို.....၊

ရွာပျက် ရွာဟောင်းကြီးတစ်ခုလို့လည်း ယူဆကြသူတွေရှိတယ်.....။

ဘယ်လိုပဲဖြစ်ဖြစ် ခိုင်ခိုင်မာမာအထောက်အထားပြစရာတော့ ဘာမှမရှိဘူး.....၊

အခိုင်အမာ အထောက်အထားပြစရာသာ ဘာမှမရှိတယ်.....၊

ပုံပြင်လိုလို၊ ယုံတမ်းစကားလိုလို၊ ဒဏ္ဍာရီတွေကတော့ တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်းဆိုသလို ပြည့်လို့ပါပဲ....၊

ဒီလို ဒဏ္ဍာရီတွေထဲမှာ လပြည့်ညတစ်ညမှာ ဖြစ်ပျက်ခဲ့တဲ့ကျတ်တွင်းကုန်းဖြစ်စဉ်လည်းတစ်ခုအပါအဝင်ဖြစ်ပါတယ်။

အဲဒီလပြည့်ညက လမင်းကြီးအစွမ်းကုန် ထိန်ထိန်သာနေတဲ့ည....၊



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာမြေပြင်ပေါ်မှာ လရောင်ဖါဖါတွေ ရွှန်းရွှန်းမြမြ ထွန်းလင်းပြာကျနေတဲ့ ညပါတဲ့....၊

လူတွေဟာ ထူးထူးခြားခြားအာသာကြီးသာနေတဲ့ မိုး ပေါ်ကလမင်းကြီးကို ငေးမောကြည့်ရင်း အိပ်စက်အနားယူ ဖို့တောင် မေ့နေကြသတဲ့....။

ဒီလိုနဲ့ ညသန်းခေါင်အချိန်လောက် ရောက်တယ်။

အဲဒီအချိန်မှာ ရွာသူရွာသားတွေဟာ ထူးဆန်းတဲ့ အဖြစ် အပျက်ကို ကြုံတွေ့ကြရသတဲ့....၊

ရွာရဲ့ တောင်ဘက်ကနေ ရွာလယ်လမ်းအတိုင်း ဝင်လာ တဲ့လှည်းတန်းရှည်ကြီးရဲ့ အသံကိုကြားကြရတယ်။

နွားချူသံတွေ၊ လှည်းအိသံတွေ၊ လှည်းမောင်းသမားရဲ့ နွားဒေါက်မောင်းတဲ့အသံတွေ၊

လှည်းပေါ်က လူအချင်းချင်းစကား ပြောလာတဲ့အသံ တွေ၊ လှည်းတစ်စီးပေါ်က အခြားလှည်းဆီ အော်တစ်ပြောဆိုနေ တဲ့ စကားသံတွေ....၊

မိန်းမသံတွေ၊ ကလေးသံတွေ၊ စသည် စသည် ဆူညံ နေတာပဲတဲ့....။

တစ်နေရာရာကနေ ရွာလုံးကျွတ်ပြောင်းရွှေ့လာပြီး အ

www.burmeseclassic.com

www.burmeseclassic.com



ခြားတစ်နေရာဆီ ဦးတည်သွားနေတဲ့ပုံတဲ့.....။

ရွာသူရွာသားတွေတော့ မမျှော်လင့်ဘဲကြားရတဲ့ လှည်းသံ၊ လူသံတွေကြောင့် ရွာလယ်လမ်းဆီကို ကြည့်မိကြတယ်။

အသံတွေသာ ဆူညံပွက်လောရိုက်နေတယ်.....။

သူတို့မျက်စိထဲမှာတော့ လှည်းတစ်စီး၊ လူတစ်ယောက် မဆိုထားနှင့် ခွေးတစ်ကောင်၊ ကြောင်တစ်မြီးကိုတောင် မမြင် မတွေ့ကြရဘူးတဲ့.....၊

ဒီတော့မှ ဒါဟာ ဥစ္စာစောင့်တွေသိုက်ပြောင်းလာတာ ဖြစ်မယ်လို့ သဘောပေါက်မိကြတယ်။

ဒါ့ကြောင့် အသံမပေး၊ အနှောင့်အယှက်မပြုဘဲ အသံကြားရာကို ငြိမ်ငြိမ်သက်သက် ကြည့်နေကြတယ်.....၊

လှည်းတွေ၊ လူတွေကလည်း ဘယ်လောက်တောင်များ လည်းမသိဘူး။

ညသန်းခေါင်လောက်ကတည်းက ရွာကိုဖြတ်သွားနေတာ အရုဏ်တက်တာတောင် မကုန်နိုင်သေးဘူးတဲ့...၊

အရုဏ်တက်ပြီးလို့ အလင်းရောင်ကောင်းကောင်း ပေါ် လာမှ

"နောက်ဆုံးလှည်းပဲပေါ့....၊ ဒါပြီးရင် အားလုံးကုန်



www.burmeseclassic.com

www.burmeseclassic.com



ပြီ–” ဆိုတဲ့ အော်သံကြီးနဲ့ ဓားတွေကို တရှမ်းရှမ်းရိုက်မောင်း သွားတဲ့အသံ ကြားလိုက်ရသတဲ့။

မနက်လင်းတော့ တစ်ရွာလုံး ဒီအကြောင်းကိုပဲ အုံ့ဩ တကြီးပြောကြတယ်.....၊ ဒါပေမဲ့ အုံ့ဩစရာက ဒီလောက်တင် တော့တ်သေးဘူး။

အဲဒီလပြည့်ညက သိုက်ပြောင်းတဲ့ဖြစ်စဉ် ကြားရ၊ သိရ တာဟာ တစ်ရွာတည်းမဟုတ်ဘဲ.....၊

အရှေ့၊ အနောက်၊ တောင်၊ မြောက်မှာရှိတဲ့ ရွာလေးရွာ စလုံးမှာ ဖြစ်နေတာတဲ့....။

လှည်းတွေရဲ့ဦးတည်ရာကလည်းရွာလေးရွာရဲ့အလယ် က ကျောက်တီးကုန်းဆီဖြစ်နေတာကို အံ့အားသင့်စရာ မြင်တွေ့ ကြရသတဲ့.....။

ဒီတော့မှ အရပ်လေးမျက်နှာက ဥစ္စာစောင့်သိုက်တွေ ကျောက်တီးကုန်းကို တစ်ညတည်း၊ တစ်ချိန်တည်း ပြောင်းရွှေ့လာ ကြတယ်ဆိုတာ သဘောပေါက်ကြတယ်တဲ့....၊

အဲဒီည၊ အဲဒီအချိန်ကစပြီး ကျောက်တီးကုန်း၊ ဥစ္စာစောင့် သိုက်ဇာတ်လမ်းတွေ ဖြစ်ပေါ်လာတာလို့ ပြောကြတယ်....။

ထူးခြားတာက အဲဒီဥစ္စာစောင့်ဇာတ်လမ်းတွေထဲမှာ ပေါ်

www.burmeseclassic.com

www.burmeseclassic.com



ဝင်တဲ့သူတွေက….၊

သူတို့ရွာမှာ အမှန်တကယ်ရှိနေတဲ့၊ နေထိုင်တဲ့၊

အမှန်တကယ်ရှိခဲ့ဖူး၊နေထိုင်ခဲ့ဖူးတဲ့သူတွေဖြစ်နေတယ်

ဆိုတာပါပဲ….။

## သိုက်စောင့်ဘီလူးနဲ့တွေ့ရတဲ့ သားအဖ

တစ်ညမှာ ဖားရွာ၊ ငါးရွာထွက်ခဲ့ကြတဲ့ သားအဖနှစ်

ယောက်ဟာ နယ်ကျွံပြီး ကျုတ်တီးကုန်းမြေထဲထိ ရောက်သွား

တယ်….။

ဖခင်က အသက် ငါးဆယ်ခန့်ရှိပြီး၊ သားဖြစ်သူက

အသက်ဆယ့်ခြောက်နှစ်ခန့် လူငယ်တစ်ယောက်ပါ။

ဖားရွာ၊ ငါးရွာဖြစ်ပေမယ့် ငှက်တွေရင်ငှက်ဖမ်းပြီး မြွေ

တွေရင်လည်း လက်မနှေးတမ်းရိုက်တယ်။

စားလို့ရတဲ့အရာ၊ရောင်းလို့ရတဲ့အရာမှန်သမျှဘာပဲဖြစ်

ဖြစ် အလွတ်မပေးစတမ်း ရှာဖွေကြတယ်။

ဒီလိုနဲ့ သူတို့သားအဖနှစ်ယောက်ဟာ ကျုတ်နဲ့တွင်း

တစ်တွင်းအနီး ရောက်သွားတယ်….။



www.burmeseclassic.com

www.burmeseclassic.com



မိုးဦးကျကာလ၊ မိုးဖွဲဖွဲရွာထားတာကြောင့် ကျတ်ငန်ရေတွေတာလျှံပြီး ချောင်းလေးသဖွယ် စီးဆင်းနေတယ်။

ချောင်းရေထဲမှာ ငါးတွေ ကူးခတ်နေတယ်။

သားအဖနှစ်ယောက် ဝမ်းသာအားရနဲ့ ငါးတွေဖမ်းကြတယ်...၊

ငါးတွေဖမ်းနေတုန်း 'ဝုန်း' ခနဲအသံတစ်ခု ကြားလိုက်ရတယ်။

မီးအုပ်နဲ့ကြည့်လိုက်တော့ ဖွတ်ကြီးတစ်ကောင်ကို တွေ့တယ်...၊ ငါးပေလောက်ရှည်တဲ့ ဖွတ်ကျားကြီး...။

ဖွတ်ကြီးက ကျတ်ငန်ရေလာသောက်တာ၊ လူနဲ့တိုးလို့ လန့်ပြီးထွက်ပြေးတာ...။

"သား ဒီမှာပဲနေခဲ့...၊ အဖေ လိုက်သွားမယ်"

ဖခင်ဖြစ်သူတာ မှိန်းကိုကိုင်ပြီး ဖွတ်ကြီးနောက်ကို မြို့တွေတိုးပြီး၊ ချောင်ပြီး လိုက်တယ်။

သားဖြစ်သူက ငါးဖမ်းရင်း၊ ကျတ်ငန်တွင်းမှာ ကျန်ခဲ့တယ်...။

တော်တော်လေးကြာတော့ သားဖြစ်သူတာ အသံတစ်သံ ကြားလိုက်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



အသံက သူ့ဖခင်ရဲ့အသံ....။

ကြောက်လန့်တကြား အော်တစ်နေတဲ့အသံ....။

သားဖြစ်သူလည်း ဘာမှငြိမ်းစားမနေတော့ဘူး....။

အသံကြားရာဆီသို့ ချက်ချင်း အပြေးအလွှားသွားတယ်။

တစ်ခဏအတွင်းမှာပဲ သူ့ဖခင်ရှိရာဆီ ရောက်သွားတယ်....။

သူ့ဖခင် ရင်ဆိုင်ကြုံတွေ့နေတဲ့ အဖြစ်အပျက်ကို မြင်ရတယ်....၊

မြင်ကွင်းက ထိတ်လန့်ချောက်ချားစရာကြီး....၊

သူ့ဖခင်ဟာ အသက်လုပြီး ပြေးနေတယ်....၊

ကိုင်နေတဲ့မြှီးကလည်း တစ်နေရာရာမှာ ကျကျန်ရစ်ခဲ့ပုံရတယ်၊ လက်ထဲ ပါမလာတော့ဘူး....။

သူ့နောက်မှာက လူထက် အရပ်သုံးဆလောက်မြင့်မားပြီး အမွေးအမျှင်တွေ တစ်ကိုယ်လုံးပေါက်နေတဲ့ လူလိုလို မျောက်လိုလို၊ ဘီလူးကြီးတစ်ကောင်က လိုက်နေတယ်။

လူ့ဘီလူးကြီးဟာ သူ့ရဲ့ ကြီးမားလှတဲ့ ခြေဖဝါးကြီးနဲ့ ဖခင်ဖြစ်သူကို လိုက်နင်းနေတာတွေ့ရတယ်....။



www.burmeseclassic.com

www.burmeseclassic.com



ဖခင်ဟာ ခြေထောက်ကြီးနဲ့ လိုက်နင်းနေတာကို မခံရအောင် ကွေ့ပတ်၊ ပြေးလွှား၊ ရှောင်တိမ်းနေရတယ်....။

သားဖြစ်သူလည်း "အဖေရေ.... ပြေးဗျို့...... ပြေး...... ပြေး....." လို့အော်ပြီး ဘီလူးကြီးကို လက်ထဲက ငှက်ကြီးတောင်ဓားနဲ့ လှမ်းပစ်လိုက်တယ်။

ငှက်ကြီးတောင်ဓားက ဘီလူးကြီးရဲ့ကိုယ်ခန္ဓာက အမွေးအမျှင်တွေနဲ့ထိပြီး မြေပေါ်ပြုတ်ကျသွားတယ်....၊

ဒီတော့မှ ဘီလူးကြီးက ဆက်မလိုက်တော့ဘဲ မတ်တတ်ရပ်ကျန်ခဲ့တယ်.....။

သားအဖနှစ်ယောက်လည်း ကြောက်အားလန့်အားနဲ့ နောက်လှည့်မကြည့်စတမ်း ပြေးလိုက်ကြတာ ရွာရောက်တဲ့အထိပဲတဲ့.....။

ဒီသားအဖနေတဲ့ရွာက ကျတ်တီးကုန်းရဲ့တောင်ဘက် တစ်မိုင်ခွဲလောက်မှာ ရှိတယ်....။

ခုချိန်မှာတော့ သားအဖနှစ်ယောက်စလုံး လူ့လောကထဲမှာ မရှိတော့ပါဘူး.....။

နှစ်တွေကြာမြင့်ပြီး အသက်အရွယ်ကြီးရင့်ကာ ကွယ်လွန်သွားကြတာပါ.....။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပဲဖြစ်ဖြစ်သူတို့ရဲ့ဆွေမျိုးစဉ်ဆက်တွေတော့ရှ
မှာရှိနေကြတယ်။

ဘိုးဘေးတွေဖြစ်တဲ့ သူတို့သားအဖနှစ်ယောက် တွေ
ကြုံခဲ့ကြရတဲ့အကြောင်းကို တစ်ဆင့်စကား၊ တစ်ဆင့်နားနဲ့ ပြော
နေကြတုန်းပါ။

ခြေထောက်နဲ့လိုက်နင်းနေတဲ့ ဘီလူးကြီးနဲ့ ပတ်သက်
လို့လည်း.....၊

သိုက်ကိုစောင့်ရှောက်ရတဲ့ ဘီလူးကြီးဖြစ်ပြီး တကယ်
လိုက်နင်းတာမဟုတ်ဘဲ.....၊

သိုက်အနီးအနားရောက်လာသူတွေကို နောင်မလာရဲ
အောင် ခြောက်လှန့်ခြင်းသာဖြစ်ကြောင်းနဲ့....၊

အမှန်တကယ်သာ အန္တရာယ်ပေးချင်ရင် ဘယ်လိုလူမှ
အသက်နဲ့ခန္ဓာတွဲလျက် ကျုတ်တီးကုန်းကနေ ပြန်ထွက်နိုင်မှာ
မဟုတ်ဘူးလို့ ဒီနေ့အထိ ယုံယုံကြည်ကြည်ပြောဆိုနေကြဆဲ ဖြစ်
ပါတယ်....။

◆ ◆ ◆

စိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



## ဥစ္စာစောင့်ရဲ့ ကျေးဇူးရှင်

သူ့အမည်က ကိုအောင်သွန်း ဖြစ်ပါတယ်။

သူနေတဲ့ရွာက စစ်တောင်းမြစ်အနောက်ဘက်ကမ်းမှာ ရှိတဲ့ ရွာတန်းရှည်ကြီးတစ်ရွာပါ....၊

ကိုအောင်သွန်းအလုပ်က ရပ်ဓလေ့၊ ရွာဓလေ့အတိုင်း အများနည်းတူ လယ်ယာအလုပ်လုပ်တယ်။

သူ့လယ်က ဘိုးဘေးဘီဘင်တွေ ခားမဦးချလုပ်ခဲ့တဲ့ လယ်ဖြစ်ပြီး နာမည်ကြီးကျွတ်တီးကုန်းနဲ့ တစ်ဆက်တည်းဖြစ် နေတယ်.....။

ကျွတ်တီးကုန်းမှာ ဥစ္စာစောင့်တွေရှိတယ်ဆိုတာ ဘယ် အချိန်ကတည်းက သိနေ၊ ပြောနေကြမှန်းမသိပေမဲ့ ကိုအောင် သွန်းတို့သိတတ်တဲ့အရွယ်လောက်ကျ ဒီအသိကစွဲနေပြီ....။

ကျွတ်တီးကုန်း ပတ်ဝန်းကျင်ရွာတွေမှာရှိတဲ့ ရွာသူရွာ သားအားလုံးရဲ့ စိတ်ထဲမှာ၊ ဦးနှောက်ထဲမှာ၊ အသိထဲမှာ၊ ကျွတ် တီးကုန်းက ဥစ္စာစောင့်ဇာတ်လမ်းတွေ စွဲနေကြပြီ....။

ကြောက်လန့်စိုးထိတ်မှုတွေကလည်း နှလုံးသားထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



စွဲနေကြပြီ။

ဘာပဲဖြစ်ဖြစ်၊ ကိုအောင်သွန်္ဂက ဘာသာရေးသမား ရတနာသုံးပါး နှလုံးသားထဲမှာရှိသူ၊ ငါးပါးသီလကို ခါးဝတ်ပုဆိုးလို မြဲသူဖြစ်တယ်။

ဒါ့ကြောင့် သုံးဆယ့်တစ်ဘုံသားအားလုံးအပေါ် မေတ္တာစိတ်ထားတယ်။

ဘဝတစ်ကွေ့မှာ ဆုံတွေ့လာသူ မှန်သမျှကိုလည်း မေတ္တာတရားရှေးရှုပြီး ဆက်ဆံတယ်.....။

ကျွတ်တီးကုန်းက နာနာဘာဝ၊ ဝိနာဘာဝ၊ ဥစ္စာစောင့်တွေအတွက်ရည်စူးပြီး သစ်ညိုပင်မောင်နှမမှာ နေ့တိုင်းထမင်းဟင်းတွေ စွန့်ကြဲပေးလေ့ရှိတယ်။

မိသားစုအားလုံး လယ်ထဲမှာပဲ အိမ်ဆောက်ပြီးနေကြတယ်....။

ကျွတ်တီးကုန်းနဲ့ထိစပ်နေတာကြောင့် ဥစ္စာစောင့်တွေ၊ ဝိနာဘာဝတွေ လှုပ်ရှားသွားလာကြတာတွေကို မကြာခဏတွေ့ကြရသတဲ့.....။

ကျွတ်တီးကုန်းတောထဲမှာ အခုခေတ် အပြိုမ့်မှသမီးတွေဝတ်သလို အကျီခါးရှည်၊ ထမိအနားရှည်ကြီးတွေဝတ်ဆင်



www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့ မိန်းမခုနစ်ယောက်ကို ရံဖန်ရံခါတွေ့နေရတယ်တဲ့.....။

ဦးအောင်သွင်နဲ့ဆီက ကြားရတဲ့စကားတော့ မဟုတ်ဘူး၊

ဦးအောင်သွင်ရဲ့ သားသမီးငယ်တွေဆီကနေ ကလေး အချင်းချင်း ပြန်ပြောလို့သိရတာပါ။

အဲဒီ မိန်းမခုနစ်ယောက်ရဲ့လက်တွေထဲမှာ ဆီမီးခွက်လို မီးထွန်းထားတဲ့ခွက်ကလေးတွေကို ကိုင်ထားကြတယ်လို့ ပြောတယ်.....၊

ကလေးတွေပြောတဲ့ စကားအရဆိုရင် သူတို့ကိုမကြာခဏ တွေ့နေရတဲ့သဘောပဲ.....။

ကျွတ်တီးကုန်းနဲ့ နယ်ချင်းဆက်စပ်နေတဲ့ လယ်တွေအများအပြားရှိပေမယ့် လူနေတာကတော့ ဦးအောင်သွင်နဲ့တို့ပဲ ရှိတယ်........၊

နာမည်အရှိန်အဝါကြီးလွန်းတဲ့ ကျွတ်တီးကုန်းက ဥစ္စာစောင့်တွေကြောင့် ဘယ်သူမှမနေရဲကြဘူး.....။

တစ်ဦးစ၊ နှစ်ဦးစ လာနေဖူးပေမဲ့ တစ်မိုးကုန်အောင် ဘယ်သူမှမနေနိုင်ကြဘူး၊

တဲဖျက်၊ အိမ်ဖျက်ပြီး ရွာထဲပြန်ပြောင်းသွားရတာချည်းပဲ.....။



www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ဥစ္စာစောင့်တွေက ဦးအောင်သွန့်တို့မိသားစုကိုပဲ နေခွင့်ပြုတယ်၊ အခြားဘယ်သူမှ မနေရဘူးဆိုတဲ့ သတင်းတွေပါ ထွက်လာတယ်။

သူများပြောလည်း ပြောစရာပဲ။

တစ်ခါက ဥစ္စာစောင့်ကပေးတဲ့ အနီရောင်ကျောက်တစ်လုံး ဦးအောင်သွန့်ရဖူးတယ်.....၊

ရပုံရနည်းကတော့ ထူးဆန်းတယ်။

အဲဒီညက ဦးအောင်သွန့် အိပ်မက်တစ်ခုမက်တယ်။

အိပ်မက်ထဲမှာ ရှေးခေတ်နန်းတွင်းသူလို ဝတ်ဆင်ထားတဲ့ မိန်းမပျိုတစ်ယောက်နဲ့ စကားပြောရတယ်။

မိန်းမပျိုလေးဟာအရမ်းချောမောလှပပြီးဖြန့်ချထားတဲ့ ဆံပင်ကလည်း ခြေဖနောင့်ထိတောင်ရောက်ပြီး ကော့ပျံနေတယ်။

"သမီးကို အရင်ကမတွေ့ဖူးပါဘူး၊ ဘယ်ကလာတာလဲ သမီး...." လို့ ဦးအောင်သွန့်က မေးလိုက်တယ်။

မိန်းမပျိုလေးက ဦးအောင်သွန့်ကို ရိုရိုသေသေလက်အုပ်ချီပြီး....၊

"ဖခင်၊ သမီးနေတာက ဒီကျုတ်တီးကုန်းတဲ့မှာ ဖြစ်ပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်...''

ဦးအောင်ညွှန့် အံ့ဩသွားတယ်။

ဘာ့ကြောင့်လည်းဆိုတော့ ကျုတ်တီးကုန်းမြေထဲမှာ သူနေ အိမ်ခြေတစ်ခုတစ်လေမှ မရှိဘူးဆိုတာ သူသိနေတာ ကိုး...။

အိုပေမဲ့ဦးအောင်ညွှန့်ရဲ့စိတ်ထဲမှာမိန်းမပျိုကိုဥစ္စာစောင့် တစ်ယောက်ဖြစ်မယ်ရယ်လို့မတွေးမိဘူး။သာမန်မိန်းမပျိုလေး အမှတ်နဲ့ပဲ ထင်မြင်ပြီး စကားပြောဆိုနေတာ ဖြစ်တယ်...။

''ဘာကိစ္စရှိလို့ လာတာလဲသမီး...''

''ဖခင်ကို ကျေးဇူးဆပ်ချင်လို့ပါ...''

မိန်းမပျိုရဲ့စကားကြောင့်ဦးအောင်ညွှန့်ပိုပြီးအံ့အားသင့် သွားတယ်...၊

ဒီမိန်းမပျိုလေးကို သူတစ်ကြိမ်တစ်ခါမျှ မတွေ့မမြင်ဖူး ဘူး။ ဒါ့ကြောင့် ကျေးဇူးတင်လောက်စရာ အပြုအမူလည်း လုံးဝ မပြုမူခဲ့မိဘူး...၊

မိန်းမပျိုက ဆက်ပြောတယ်။

''ဖခင့်က ကြုံကြိုက်တဲ့ဝေနေယျ သတ္တဝါအားလုံးအ တွက် မေတ္တာနဲ့ရည်စူးပြီး သစ်ညိုပင်တွေမှာ လျှုဒါန်းခဲ့တဲ့အစေ့



www.burmeseclassic.com

www.burmeseclassic.com



အစာတွေကို သမီးတို့မိသားစုက နေ့စဉ်နေ့တိုင်း ရရှိပါတယ်....

ဖခင်ရဲ့ကျေးဇူးကြောင့် သမီးတို့မိသားစုမှာ မပူမပင် မကြောင့်မကျ အစားအစာ ရရှိစားသောက်ခဲ့ရပါတယ်...."

ဒီတော့မှ ဦးအောင်ညွှန့် သဘောပေါက်သွားတယ်။

မိန်းမပျိုဟာ သစ်ညိုပင်မောင်နှမမှာ နေ့စဉ်သူပြုတဲ့ အလှူဒါနကို စားသောက်ရတဲ့ဝိနာဘာဝ ပုဂ္ဂိုလ်သတ္တဝါဖြစ်မယ်လို့ တွေးမိလိုက်တယ်.....။

မိန်းမပျိုက အသင့်ပါလာတဲ့ ကတ္တီပါရှုံ့အိတ်အနီထဲက ကျောက်လေးတစ်လုံးထုတ်ယူတယ်။

ကျောက်က အနီသွေးရောင်လက်ပြီး ရှန်းစိုတောက်ပနေတယ်.....။

"ဒါ.... ပတ္တမြားလား..."

အနီရောင်ကျောက်မို့ ပတ္တမြားလို့ယူဆပြီး ဦးအောင်ညွှန့် မေးလိုက်တယ်။

မိန်းမပျိုက ခေါင်းကိုအသာယမ်းခါပြီး....၊

"ပတ္တမြား မဟုတ်ပါဘူးဖခင်၊

ပတ္တမြားဆိုတာက တွင်းထွက်ရတနာပါ....၊

ဒီကျောက်ကို အလင်းရတနာလို့ ခေါ်ပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ပဋ္ဌာန်းဆက်ရှိသူတွေသာ ပိုင်ဆိုင်ခွင့်ရတဲ့ ရတနာမျိုး ပါ...၊

အလင်းရတနာက အရောင်အမျိုးမျိုးရှိပါတယ် ဖခင်...၊

အနီရောင်တောက်နေရင်' ပတ္တမြားအလင်း၊ အစိမ်းရောင်တောက်နေရင် ကျောက်စိမ်းအလင်းလို့ ခေါ်ပါတယ်။

အရောင်ကိုလိုက်ပြီး နီလာအလင်း၊ ပုလဲအလင်း စသည်ဖြင့် အမည်တွေကွဲပြားသွားပါတယ်....၊

ဒီကျောက်က 'သမီးတို့ပိုင်ဆိုင်တဲ့ ကျောက်ဖြစ်တဲ့အတွက် ကျေးဇူးဆပ်တာကို လက်ခံပေးပါ ဖခင်...၊

ကျောက်ကိုရောင်းပါ၊ ရောင်းပြီးရင် တစ်ဝက်ကို အလှူဒါနပြုလုပ်ပေးပါ၊

တစ်ဝက်ကိုတော့ ဖခင်နှင့်မိသားစုအတွက် အလိုရှိရာသုံးစွဲပါ" လို့ပြောပြီး ပတ္တမြားအလင်းကို ဦးအောင်သွန်လက်ထဲထည့်တယ်....။

လက်ထဲထည့်ပြီးတာနဲ့ မိန်းမပျိုဟာ ရုတ်ခြည်းပျောက်ကွယ်သွားတယ်။

ဦးအောင်သွန် အိပ်ရာကလန့်နိုးလာတယ်။

အိပ်မက်က စဉ်းလွန်းတယ်၊ တကယ်လိုလို ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



တယ်....။

ဒါကြောင့် အိပ်မက်မက်နေတာလား၊ တကယ်ဖြစ်ခဲ့တဲ့ အဖြစ်အပျက်လားလို့ စဉ်းစားနေမိတယ်....။

စဉ်းစားနေတုန်းမှာပဲ သူ့လက်က တစ်စုံတစ်ခုကိုဆုပ် ကိုင်ထားတာကို သတိထားမိတယ်.....။

လက်ကိုဖွင့်ကြည့်လိုက်တော့ အိပ်မက်ထဲက မိန်းမပျို ပေးသွားတဲ့ အနီရောင်ကျောက်ကို တွေ့ရတယ်တဲ့။

ဦးအောင်သွန့်ဟာ အိပ်မက်ထဲက မိန်းမပျိုပြောတဲ့အ တိုင်း ကျောက်ကို မြို့ပေါ်တက်ပြီး ရောင်းချလိုက်တယ်။

ရတဲ့ငွေထဲက တစ်ဝက်တိတိနဲ့ ရွာလုံးကျွတ်မီးခိုးတိတ် အလှူကြီးပေးတယ်။

ကျတ်တီးကုန်းမှာနေထိုင်ကြတဲ့ ပုဂ္ဂိုလ်သတ္တဝါတွေ အတွက်လည်း လူတွေကိုကျွေးမွေးသလို ထမင်းဝိုင်းတွေပြင်ပြီး သစ်ညိုပင်မောင်နှမအောက်မှာ မဏ္ဍပ်ကြီးထိုးပြီး ကျွေးမွေးသ တဲ့.....။

အဲဒီ မဏ္ဍပ်ထဲမှာပဲ သံဃာတော်တွေပင့်၊ တရား တယ်၊ ရေစက်ချ အမျှပေးဝေခဲ့တယ်။

ရွာရဲ့အလေ့အထက အလှူတစ်ခုလုပ်မယ်ဆိုရင် ရပ်ရွာ



www.burmeseclassic.com

www.burmeseclassic.com



တို အနည်းဆုံးသုံးလေးလ ကြိုတင်အကြောင်းကြားထားရတယ်။

ရပ်ရွာက လိုအပ်တာအကုန်လုံးကို အဖွဲ့လိုက်၊ အဖွဲ့လိုက် တစ်ခုချင်း ကူညီလုပ်ဆောင်ပေးကြတယ်။

ဒါမှ အလှူကြီးရက်လည်းရောက်ရော လိုလေသေးမရှိ အားလုံးပြည့်ပြည့်စုံစုံနဲ့ အလှူကြီး အောင်အောင်မြင်မြင် ပြီးဆုံးနိုင်တယ်။

ဒါပေမဲ့ အခုဦးအောင်သွန့်လှူတဲ့အလှူက ရုတ်တရက်ကြီး ကမန်းကတန်းထပြီး လုပ်တဲ့အလှူ....၊

ပြီးတော့ အကြီးအကျယ်၊ ရွာလုံးကျွတ် မီးနိုးတိတ်ကျွေးတယ်၊

နောက်ပြီး လူတွေထိတ်လန့်တဲ့ ကျတ်တီးကုန်းတောစပ်၊ သစ်ညိုပင်မောင်နှမအောက်မှာ မဏ္ဍာပ်ထိုး၊ လူတွေကျွေးတဲ့အတိုင်းထမင်းပွဲတွေပြင်ဆင်ပြီးနာနာဘာဝတွေကို ကျွေးတယ်။

ရှိသေးတယ်၊ အမျှဝေတဲ့အခါမှာလည်း "ကျတ်တီးကုန်းမှာနေထိုင်ကြတဲ့ ပုဂ္ဂိုလ်သတ္တဝါအပေါင်းနှင့်တကွ" လို့ဆည့်သွင်းဖိတ်ခေါ်ပြီး အမျှဝေတယ်။

ဒီအချက်အလက်တွေချိန်ကြည့်ရင် ဦးအောင်သွန့်အလှူ



www.burmeseclassic.com

www.burmeseclassic.com



လုပ်ကိုင်တာတာ ရိုးရိုးသာမန်အနေအထား မဖြစ်နိုင်ဘူး။

ဥစ္စာစောင့်တွေနဲ့ ပတ်သက်နေမယ်.....။

ဥစ္စာစောင့်တွေပေးလို့သာ ဒီလှူလုပ်တာဖြစ်မယ်လို့ တွေးကြတယ်.....။

အလှူလုပ်ပြီးနောက်မှာ ကျုတ်တီးကုန်းကဥစ္စာစောင့် တွေအကြောင်း ပိုပြီးလူပြောများလာတယ်။

ပြောတဲ့စကားတွေထဲမှာ မှန်တာ ဟုတ်သင့်သလောက် ပါပေမဲ့ မသိမမြင်ဘဲ ချဲ့ကားပြောတဲ့စကားတွေက ပိုများနေ တယ်။

ကြောက်စရာ၊ လန့်စရာတွေရော၊ ထူးဆန်းအံ့သြစရာ တွေရော အလွန်အကြူးပြောကြတယ်။

အဲဒီစကားတွေထဲမှာ

"ဦးအောင်သွန့်သမီးတွေ အလှူအတန်းသွားစရာရှိရင် ဥစ္စာစောင့်တွေဆီက ရွှေထည်၊ လက်ဝတ်လက်စား ငှားဝတ်လို့ ရတယ်။

အလှူအတန်း သွားပြီးလာပြီးတာနဲ့ ပြန်ပေးရတယ် ဆိုတာမျိုး....၊

"တစ်ခါက ဆွဲကြိုးတစ်ကုံးပျောက်တယ်ဆိုပြီး ပြန်မ



www.burmeseclassic.com

www.burmeseclassic.com



ဆေးလို့ ဦးအောင်သွန့်သမီး အငယ်မကိုပြုစားလိုက်တာ အသည်းအသန်ဖြစ်ပြီး ဆေးရုံကတောင် မရတော့ဘူးပြောပြီး ပြန်လွှတ်လိုက်တယ်.....၊

ဆွဲကြိုးပြန်ပေးပြီးတောင်းပန်တော့မှ သေတော့မယ့်လူမောတာ ချက်ချင်းထထိုင်ပြီး အကောင်းအတိုင်းပြန်ဖြစ်သွားတယ်" ဆိုတဲ့ စကားတွေလည်းပါတယ်။

ဘယ်သူတွေ ဘာပဲပြောပြော၊ ကျွတ်တီးကုန်းက ဥစ္စာစောင့်တွေအကြောင်း အကောင်း၊ အဆိုး ဘာတစ်ခုမှမပြောဖို့ ဦးအောင်သွန့်က သူ့မိသားစုကိုပြောထားတယ်။

ဒါပေမဲ့ ဘူးတစ်ရာအပေါက်ကိုသာ ပိတ်လို့ရမယ်၊ ပါးစပ်ပေါက်တစ်ပေါက်ကိုတော့ ပိတ်လို့မရဘူးဆိုတဲ့ စကားအတိုင်း....၊

ဦးအောင်သွန့်ကို ဥစ္စာစောင့်မက အိပ်မက်ထဲမှာ ကျောက်တစ်လုံး လာပေးတဲ့အကြောင်း လူတွေသိကုန်ကြတယ်။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com



## ဥစ္စာစောင့်အကြောင်း အင်တာဗျူး

(၁၉၈၂– ၈၃) လောက်ကလို့ ထင်ပါတယ်။

စစ်တောင်းမြစ် အနောက်ဘက်ကမ်းနဖူးမှာရှိတဲ့ ဦး
အောင်ညွှန့်ရဲ့ရွာကို စာရေးသူရောက်ခဲ့ပါတယ်။

(ကျတ်တီးကုန်းနဲ့ တစ်ဆက်တည်းမှာရှိတဲ့ ဦးအောင်
ညွှန့်နေခဲ့တဲ့ လယ်ထဲကအိမ်တော့ မဟုတ်ပါဘူး....)

ရောက်သွားတဲ့အကြောင်းက သာသနာ့ဝင်မှတ်တမ်း
တွေ ထုတ်ပေးနိုင်ဖို့အတွက်ပါ။

(၁၉၈၀)မှာ ဗုဒ္ဓဘာသာ ဂိုဏ်းပေါင်းစုံညီညွတ်ရေး
ဆောင်ရွက်နိုင်ခဲ့တယ်။

နိုင်ငံတော်အစိုးရက အမိန့်အမှတ် ၂/၈၀ လွှတ်ငြိမ်းချမ်း
သာခွင့် အမိန့်ထုတ်ပြန်တယ်။

နောက်ဆက်တွဲရလာဒ်အဖြစ် တစ်နိုင်ငံလုံးမှာရှိတဲ့ သာ
သနာ့ဝန်ထမ်းတွေကို သာသနာ့ဝင်မှတ်တမ်းတွေ ထုတ်ပေး
ဖို့ ဆောင်ရွက်တယ်။

ဒေသအသီးသီးက ဆရာတော်ကြီးတွေက ကျေး



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းတော်ကြီးကျောင်းတွေအထိဆင်းပြီး စာရင်းပြုစုရ၊ ညှိနှိုင်း ကိုင်ပင်ရ၊ ရှင်းလင်းတာတွေ ပြုလုပ်ရတယ်။

စာပေလုပ်သားအဖွဲ့ဝင်တွေက ဆရာတော်ကြီးတွေကို အကူအညီပေးဖို့ မြို့နယ်က တာဝန်ပေးတယ်။

အဲဒီစာပေလုပ်သားအဖွဲ့မှာ စာရေးသူနဲ့အတူ စာရေးဆရာများဖြစ်တဲ့......၊

ကိုခင်မောင်ချို (ခင်မောင်ချို–ကညွတ်ကွင်း) ယခု အုတ်တွင်းဆေးရုံဓါတ်ခွဲမှူးကိုမျိုးဝင်း(မောင်ရှပ်ဆိုး–ကညွတ်ကွင်း)။ ကိုမိုင်း (ဓါတ်ပုံ–မိုးဝင်း)၊ ယခု အောင်ပန်းမြို့နေသူတို့ ဖြစ်တယ်။

အဲဒီခရီးစဉ်မှာ ဦးအောင်သွန့်ရဲ့ရွာကို ရောက်သွားခဲ့ပြီး ဥစ္စာစောင့်တွေနေတဲ့ ကျတ်တီးကုန်းအကြောင်းနဲ့ ဥစ္စာစောင့် ဇာတ်လမ်းတွေကို ကြားသိခဲ့ခြင်းဖြစ်ပါတယ်။

စာရေးသူရောက်သွားတဲ့အချိန်မှာ ဦးအောင်သွန့်ရော၊ သူ့ရဲ့ဇနီးဖြစ်သူပါ ဆုံးပါးသွားခဲ့ပါပြီ.....။

ဦးအောင်သွန့်ရဲ့ သားသမီးအချို့ ရွာမှာနေထိုင်ကြပေမဲ့ ခရီးလွန်နေတာကြောင့် အိမ်ထောင်သည်ဘဝရောက်နေတဲ့ တလေးနှစ်ယောက်မိခင်၊ ဦးအောင်သွန့်ရဲ့ သမီးအငယ်ဆုံးနဲ့ တွေ့ဆုံပြီး မေးမြန်းခွင့်ရခဲ့ပါတယ်...။



www.burmeseclassic.com

www.burmeseclassic.com



နှစ်တွေကြာမြင့်နေပြီဖြစ်လို့ မှတ်မိသလောက်ပြန်လည်တင်ပြလိုက်ပါတယ်။

"ဦးအောင်ညွှန့်နဲ့ ကျုတ်တီးကုန်းကဥစ္စာစောင့်တွေ ဘယ်လိုကနေ မိတ်ဆွေဖြစ်သွားကြတာလဲ....."

"ဒီကျုတ်တီးကုန်းမြေထဲမှာဥစ္စာစောင့်တွေနေတယ်ဆိုတာ ဖေဖေရော၊ ကျွန်မတို့ပါ သိကြတယ်.....၊

မကြာခဏ မြင်နေ၊ တွေ့နေရတာကိုး.....၊

ဥစ္စာစောင့်ညီအစ်မခုနစ်ဖော်လာတာတွေ့ရင် ဖေဖေက တစ်အိမ်လုံးကို နှိုးပြီးပြတယ်.....၊

ဘာအသံမှမထွက်ဘဲ ငြိမ်ငြိမ်လေး ကြည့်ကြရတယ်။ အဲဒီတုန်းက ကျွန်မက နည်းနည်းကြောက်တတ်တယ်။

ကြောက်ကြောက်လန့်လန့်နဲ့ပဲ ကြည့်ခဲ့ရတာကို မှတ်မိနေတယ်....."

"အခြား ကြောက်စရာအကောင်ကြီးတွေ မြင်ဖူးသေးလား...."

"မမြင်ဖူးဘူး။

ဖေဖေကတော့ တွေ့ချင်တွေ့မှာပေါ့။ ဒါပေမဲ့ ကျွန်မတို့ကိုတော့ တစ်ခါမှမပြဖူးဘူး....၊



www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီး ဖေဖေက ဘုရား၊ တရားလုပ်တယ်၊

အဲ့ကြောင့်တစ္ဆေသရဲတွေ၊ဥစ္စာစောင့်တွေကိုလုံးဝမ ကြောက်ဘူး။ သူတို့ဘဝတွေက ပင်ပန်းလွန်းတယ်၊ ဆင်းရဲကြ တယ်၊ မေတ္တာထားကြပါလို့ပဲ မိသားတစ်စုလုံးကို ပြောတယ်။

ကျုတ်တီးကုန်းတောစပ်မှာရှိတဲ့သစ်ညိုပင်မောင်နှမမှာ ထမင်းတွေ၊ ဟင်းတွေသွားထားတယ်.....၊

ကြုံကြိုက်တဲ့သတ္တဝါများ စားကြ၊ သောက်ကြပါလို့ပြော ပြီး ဖေဖေကသင်ပေးထားတယ်....”

“သစ်ညိုပင်မောင်နှမကို တင်တဲ့မြောက်တဲ့အနေနဲ့ ပူ ဇော်တာလား....”

“မဟုတ်ဘူး....၊ တင်တာမြောက်တာ မဟုတ်ဘူး။ ကြုံ ကြိုက်တဲ့ ပုဂ္ဂိုလ်သတ္တဝါတွေစားရအောင် အလှူဒါနပြုတဲ့ သ ဘောပါ....၊

ကျွန်မတို့ပြုတဲ့ အလှူဒါနကို ဥစ္စာစောင့်တွေက စားကြ ရတယ်။

အဲ့ကြောင့် ဖေဖေ့ကို ကျေးဇူးရှင်ဆိုပြီး ကျောက်နီလေး တစ်လုံးလာပေးတာလို့ ပြောတယ်....”

“အဲ့ဆို ဥစ္စာစောင့်က ကျောက်လာပေးတာယ်ဆိုတော့ ဖ

www.burmeseclassic.com

www.burmeseclassic.com



ကယ်ပေါ့...”

“ဟုတ်ပါတယ်၊ တကယ်ပါ...”

“ကျောက်ရောင်းရတဲ့ ငွေနဲ့ အလှူလုပ်တယ်ဆိုတာက ရော...”

“ဒါလည်း အမှန်ပါပဲ...၊

တစ်ရွာလုံးမီးနိုးတိတ်၊ ထမင်းရည်ချောင်းစီး အလှူကြီး လုပ်ခဲ့တာ ကျွန်မမှတ်မိပါသေးတယ်၊

ထူးထူးခြားခြားဖြစ်သွားတာက သစ်ညိုပင်ဖမောင်နှမ အောက်မှာ မဏ္ဍပ်ကြီးထိုးပြီး...၊

နာနာဘာဝ၊ ဝိနာဘာဝတွေကို လူတွေကျွေးသလို ထမင်းပွဲတွေပြင်ပြီး ကျွေးခဲ့ပါတယ်...”

“အလှူ မင်္ဂလာဆောင် သွားစရာရှိရင် ဥစ္စာစောင့်ဆီ က လက်ဝတ်ရတနာ ငှားလို့ရတယ်လို့လည်း ပြောကြတယ်နော် အဲဒါကရော အမှန်ပဲလား...”

“ဒီကိစ္စကတော့ ချဲ့ကားပြီးပြောကြတာပါ၊

ဖေဖေက အလုပ်ကိုအရှမ်းလုပ်တယ်၊

အရက်မသောက်၊ ဆေးလိပ်မသောက်ဘူး၊ လောင်းကစား စားလည်း ဘာမှမလုပ်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုလူမျိုးမှမချမ်းသာရင် ဘယ်သူချမ်းသာမှာလဲနော်၊ ကျွန်မတို့ညီအစ်မအားလုံး တစ်ကိုယ်ဆင်စီရှိတယ်၊ ဒေါင်းဘယက်ကြီးတွေ၊ ရွှေခြေကျင်းကြီးတွေပါ ဝယ်ပေးတယ်။

ရှိပေမဲ့ အနေအထိုင်သိုသိပ်တော့ မရှိဘူးလို့ထင်ကြတယ်.....၊

ဒီလိုထင်နေတုန်း အလှူအတန်းရှိလို့ထုတ်ဝတ်တော့ ဥစ္စာစောင့်ဆီက ငှားတယ်ပဲထင်ကြတာပေါ့....၊

ဖေဖေကတော့ ပြောတယ်။

ထင်ပါစေ၊ ဘာမှ ပြန်မပြောနဲ့၊

ဒါမှ ငါးပြတိုက်မခံရမှာတဲ့....၊

လွတ်လပ်ရေးရပြီးကာစ၊ ခေတ်ကလည်း ခေတ်ပျက်၊ ရောင်စုံသူပုန်တွေခေတ်ဆိုတော့ အဲဒီလိုထင်ကြတာပဲ ကောင်းတယ်ဆိုပြီး အသာနေလိုက်တယ်.....၊

ဘာမှပြန်မပြောတော့ ဥစ္စာစောင့်ဆီကငှားတာ ဟုတ်လို့ပဲလို့ ပိုပြီးထင်သွားကြတယ်.....”

“ဒါဆိုရင်ဆွဲကြိုးတစ်ကုံးပြန်မပေးလို့ဥစ္စာစောင့်ပြုစားတာခံရပြီး အသည်းအသန် နေမကောင်းဖြစ်တယ်၊ ဆေးရုံက



www.burmeseclassic.com

www.burmeseclassic.com



တောင်လက်မခံဘဲပြန်လွှတ်လိုက်တယ်ဆိုတာမဟုတ်ဘူးပေါ့..."

"အသည်းအသန်ဖျားတယ်ဆိုတာ ကျွန်မပါ။ ဆေးရုံကလက်လျှော့ပြီး ပြန်လွှတ်လိုက်တာလည်း မှန်ပါတယ်။ ဒါပေမဲ့ ဆွဲကြိုးပြန်မပေးလို့ ဥစ္စာစောင့်ပြုစားတယ်ဆိုတာ မဟုတ်ပါဘူး"လို့ ပြောကြားပါတယ်။

မြန်မာနိုင်ငံ နေရာအနှံ့အပြားမှာ ဥစ္စာစောင့်နဲ့ပတ်သက်တဲ့ ဖြစ်ရပ်ဆန်းကြယ်ဇာတ်လမ်းတွေ အများအပြားရှိပါတယ်။

အချို့က ယုံကြည်လက်ခံကြပေမယ့် အချို့ကတော့ မယုံကြည်၊ လက်မခံကြပါဘူး။

ဘယ်လိုပဲဖြစ်ဖြစ်၊ ဥစ္စာစောင့်ဇာတ်လမ်းတိုင်းမှာ သက်သေအဖြစ် နေရာဌာနတွေ၊ အမည်နာမတွေကတော့ အထင်အရှားကျန်ရှိနေကြတာ တွေ့ရမှာဖြစ်ပါတယ်။

◆ ◆ ◆◆ ◆

စိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com

၁

# ဥစ္စာစောင့်မလေးရဲ့ချစ်သူ

ဥစ္စာစောင့်မလေး နန်းစောမွန်ဟာ
တစ်နေ့ရောက်တော့ အခန်းတစ်ခုရဲ့
တံခါးကို ဖွင့်ပြတယ်......၊
မောင်ဝင်းနွယ် ကြည့်လိုက်တော့
ရွှေရောင်တွေ တဖိတ်ဖိတ် တောက်ပ၊
ဝင်းလက်နေတဲ့ ရတနာပစ္စည်းတွေ
အခန်းပြည့်မျှ စုပုံရှိနေတယ်....။
ထူးဆန်းတာက ဒီလိုတွေ့နေရပေမဲ့....၊
မောင်ဝင်းနွယ်ရဲ့စိတ်ထဲမှာ လိုချင်တပ်မက်တဲ့
လောဘစိတ်မရှိဘဲ အံ့ဩစိတ်တစ်ခုပဲ
ဖြစ်ပေါ်နေသတဲ့........၊



www.burmeseclassic.com

www.burmeseclassic.com

# ဥစ္စာစောင့်မကျဲ့ ချစ်သူ

ပစ္စည်းဥစ္စာကိုစောင့်ရတဲ့ ပြိတ္တာဘုံသားမို့ ဥစ္စာစောင့် လို့ ခေါ်ခြင်းဖြစ်ပါတယ်။

ဥစ္စာစောင့်အမျိုးအစား (၃) မျိုးရှိပါတယ်။

- ပွင့်တော်မူပြီး၊ ပွင့်တော်မူလတ္တံ့သော ဘုရားရှင်တို့ရဲ့ သာသနာနဲ့ သက်ဆိုင်တဲ့ ရတနာသိုက်တွေကို စောင့်ရှောက်ရတဲ့ ဥစ္စာစောင့်၊
- သေလွန်ပြီးနောက်မှာ မိမိပိုင် သိမ်းဆည်းသိုဂှက် ထားတဲ့ ပစ္စည်းဥစ္စာတွေကို စွဲလမ်းပြီးစောင့်နေရတဲ့ ဥစ္စာစောင့်နဲ့
- သာသနာအတွက် ရည်စူးထားခြင်းလည်း မရှိ မိမိပိုင်ဆိုင်သော ပစ္စည်း၊ ဥစ္စာလည်းမဟုတ်တဲ့ ရတ



www.burmeseclassic.com

www.burmeseclassic.com



အသိုက်တွေကိုစောင့်ကြပ်ရတဲ့ ဥစ္စာစောင့်တွေ ဖြစ်ပါတယ်။

ဥစ္စာစောင့်တွေကို ကုဝေရနတ်မင်းကြီးရဲ့လက်အောက် အတော်အတန် ဘုန်းတန်ခိုးကြီးတဲ့ ဘုမ္မစိုးနတ်ဘီလူးတွေက အုပ်ချုပ်တယ်လို့ ဆိုပါတယ်....။

ဘုမ္မစိုးနတ်ဘီလူးတွေစေခိုင်းတဲ့အတိုင်းမြေတွင်းရှိဥစ္စာ သိုက်တွေကို စောင့်ကြပ်ရတယ်။

ဥစ္စာစောင့်တွေကိုယ်တိုင်လည်း တန်ခိုးတ္တန္ဒိ အသင့်အ တင့်ရှိကြသူတွေပါ။

သူတို့ရဲ့မူလရုပ်ဆင်းသဏ္ဍာန်က ကြီးသော၀မ်းဗိုက်နှင့် ချယ်သော၊ ပြူးသော၊ နီသော မျက်လုံးရှိကြပေမယ့်....၊

သူတို့ကိုယ်သူတို့ လှပအောင် ဖန်ဆင်းနိုင်ကြတယ်။

လူ့ပြည်ကလူသားတွေနဲ့ ဆက်ဆံနိုင်တဲ့ အနေအထား ရှိတယ်။

လူတွေကဖိတ်ရင် တရားနာနိုင်ကြတယ်။

အမျှအတမ်း ပေးဝေတာ၊ သာဓုခေါ်တာနဲ့ အိပ်မက်ပေး တာတွေလည်း လုပ်နိုင်တယ်လို့ဆိုပါတယ်။

ဥစ္စာစောင့်တွေတာ လူ့ရုပ်သဏ္ဍာန်ဖန်ဆင်းပြနိုင်ပြီး...၊ လူသားတွေနဲ့လည်း စကားယှဉ်ပြောနိုင်တယ်....။



www.burmeseclassic.com

www.burmeseclassic.com



လူတွေက ရွှေငွေကအစ၊ ဝတ္ထုပစ္စည်းတွေ ပေးကမ်းနိုင်သူတွေ ဖြစ်တယ်။

ဒါ့အပြင် ကျေးဇူးဆပ်တတ်သူတွေ ဖြစ်တယ်လို့ ဆိုပါတယ်...။

သူတို့ဟာ ကျောင်းကန်ဘုရားတွေနဲ့ နီးစပ်သူတွေဖြစ်ပေမဲ့.....၊

သူတို့ သိုက်နန်းထဲမှာ ပျော်ပျော်ရွှင်ရွှင်နေကြတယ်။

သူတို့ရဲ့ဘဝကို စွဲလန်းသာယာနေကြတယ်။

ဒါ့ကြောင့် တော်ရုံတန်ရုံကုသိုလ်ပြုပြီး အမျှပေးဝေပေမယ့် ဥစ္စာစောင့်ဘဝကနေ ကျွတ်သူလွတ်သူ နည်းပါးကြတယ်လို့ ဆိုပါတယ်....။

ယုံချင်ယုံ၊ မယုံချင်နေလို့ပြောရလောက်အောင် ဒီလိုယုံကြည်ဖို့ခက်တဲ့ ထူးခြားဆန်းကြယ် ဥစ္စာစောင့်ဇာတ်လမ်းတွေထဲမှာ လူသားလုလင်ပျိုနဲ့ ဥစ္စာစောင့်မလေးတို့ရဲ့ လွမ်းမောဖွယ်၊ ချစ်မေတ္တာဖွဲ့ဇာတ်လမ်းတွေ အများအပြားပါရှိနေပါတယ်။

တရေးသူ ဆက်လက်တင်ပြမယ့် ဖြစ်ရပ်မှန်ဇာတ်လမ်းကလည်း ကျွတ်တီးကုန်းမြေမှာ ဖြစ်ပျက်ခဲ့တဲ့ လူသားတစ်ယောက်နဲ့ ဥစ္စာစောင့်မတစ်ယောက်ရဲ့ အချစ်ဇာတ်လမ်းတစ်ပုဒ်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါတယ်.....။

ကျောက်တီးကုန်းနဲ့ မလှမ်းမကမ်းမှာ ရွာလေးတစ်ရွာ ရှိ
တယ်။

အဲဒီရွာမှာ မောင်ဝင်းနွယ်ဆိုတဲ့ လူငယ်တစ်ယောက်
က မိခင်မုဆိုးမကြီးနဲ့အတူ နေထိုင်တယ်။

မောင်ဝင်းနွယ်ရဲ့ဖခင်ကတော့ သူငယ်စဉ်ကတည်းက
ဆုံးပါးသွားခဲ့တယ်တဲ့....။

မိခင်ကြီးတာ နောက်အိမ်ထောင်မပြုဘဲ သားကိုဂရုဟ
စိုက် ပြုစုစောင့်ရှောက်တယ်။

စားဝတ်နေရေးတောင် ခက်ခက်ခဲခဲရုန်းကန်နေရတဲ့
ကျေးလက်တောရွာက မုဆိုးမတစ်ယောက်အနေနဲ့ မဖြစ်နိုင်တဲ့
အလုပ်တစ်ခုကိုလည်း ဖြစ်အောင်လုပ်ပြခဲ့တယ်။

အဲဒါကတော့ သားလေးမောင်ဝင်းနွယ်ကို ဆယ်တန်း
အောင်မြင်တဲ့အထိ စွမ်းဆောင်ခဲ့တာပါ။

မောင်ဝင်းနွယ်ကလည်း သားလိမ္မာတစ်ယောက်ပါ။

ရိုးသားတယ်၊ ကြိုးစားတယ်၊ မိခင်ကြီးကို ဂရုစိုက်လုပ်
ကျွေးပြီး ကျေးဇူးဆပ်တယ်။

ဆယ်တန်းအောင်ပြီးတာနဲ့ မြို့က ဆန်ပွဲရုံတစ်ခုမှာ အ

www.burmeseclassic.com

www.burmeseclassic.com



ရေးဝင်လုပ်တယ်။

တက္ကသိုလ်ပညာရေးကိုတော့ စာပေးစာယူနဲ့ ဆက်သင်နေတယ်...။

မောင်ဝင်းနွယ်က အသားဖြူပြီး ချောတယ်၊ နှုတ်ခမ်းမွေးရေးရေးနဲ့ တောက်ပတဲ့ မျက်လုံးအစုံရှိတယ်။

ခန္ဓာကိုယ်က သွယ်သွယ်မြင့်မြင့်နဲ့....၊

နှမ်းပါးပေမယ့် ခေတ်ပညာတတ်တာရယ်၊ ချောတာရယ်၊ ရိုးသားယဉ်ကျေးတာရယ်ကြောင့် သူတို့ရွာမှာ ဖိုးတိုင်းကြိုက်တဲ့နှင်းဆီခိုင် ဖြစ်နေတယ်။

သမီးရှင်တွေကလည်း အကြောင်းသာညီညွတ်ရင် မောင်ဝင်းနွယ်ကိုသမက်တော်ချင်နေကြတယ်၊ ဒါပေမဲ့မောင်ဝင်းနွယ်ကတော့ ဖူးစာရှင်မတွေ့သေးလို့နဲ့ တူရဲ့.....။

ချစ်ရေး ကြိုက်ရေး၊ အိမ်ထောင်ရေးကိစ္စတွေကို လုံးဝမစဉ်းစားသေးဘူး။

မိခင်အိုကြီးကို လုပ်ကျွေးပြုစုပြီး သားအမိနှစ်ယောက်အေးအေးချမ်းချမ်း ပျော်ပျော်ရွှင်ရွှင်နေတယ်။

မောင်ဝင်းနွယ်တာ ရွာနဲ့မြို့ကို နေ့ချင်းပြန်သွားပြီး အလုပ်လုပ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



မနက် ၆ နာရီထိုးတာနဲ့ ရွာကထွက်၊ မြို့သွားတဲ့ ကားလမ်းရောက်အောင် နှစ်မိုင်လောက် ခြေလျှင်လျှောက်ရတယ်။

ကားလမ်းရောက်မှ ဘတ်စ်ကားစီးပြီး မြို့ကဆန်ပွဲရုံကို သွားဘာယ်၊ အပြန်ကျတော့လည်း အလာတုန်းကလိုပဲ....၊

မြို့ကနေ ဘတ်စ်ကားစီးပြီးပြန်လာ....၊

ကားလမ်းတစ်နေရာမှာဆင်း၊

အဲဒီကနေ နှစ်မိုင်လောက် ခြေလျှင်လျှောက်တာနဲ့ ရွာပြန်ရောက်ပြီ။

ဒါက မောင်ဝင်းနွယ် နေ့စဉ်နေ့တိုင်းပြုနေကျအလုပ်၊ သွားနေကျလမ်းပါ....။

ပြောစရာရှိတာက သူ ခြေလျှင်လျှောက်ရတဲ့ခရီးထဲမှာ ခင်တန်းကုန်းလေးတစ်ခုကို ဖြတ်သွားရတယ်။

အဲဒီခင်တန်းကုန်းလေးက ဥစ္စာစောင့်တွေရှိတယ်လို့ နာမည်ကြီးတဲ့ ကျတ်တီးကုန်းပါ။

ဒီကျတ်တီးကုန်းမှာ ဥစ္စာစောင့်တွေ နေထိုင်တဲ့အကြောင်း ဟိုးအစဉ်အဆက်ကတည်းက ပြောလာကြတဲ့ဇာတ်လမ်းတွေ မောင်ဝင်းနွယ်ကြားဖူးပါတယ်။

ဒါပေမဲ့.....၊



www.burmeseclassic.com

www.burmeseclassic.com



ငယ်စဉ်ကတည်းက ရင်းနှီးလာတဲ့ ပတ်ဝန်းကျင်ဖြ
တာရယ်....၊

အလင်းရောင်ရှိတဲ့ နေ့အချိန်မှာ ဖြတ်သန်းတာရယ်
ကြောင့် ကြောက်လန့်စိတ် မဖြစ်မိခဲ့ဘူး....။

ဒီလို ကြောက်စိတ်၊ လန့်စိတ်မဖြစ်တဲ့အပြင်....၊

သဘာဝအလျောက်ဖူးပွင့်နေတဲ့ တောပန်းတွေရဲ့ရနံ့တ
ရှူရှိုက်ရင်း....၊

လွတ်လပ်မှုအရသာကို အပြည့်အဝခံစားရင်း မြက်ခင်
ပြင်ကျယ်မှာ အစာအစားနေကြတဲ့ ကျွဲနွားတွေ၊ မြို့ရိပ်မှာဝ
ရင်း စားမြုံ့ ပြန်နေတဲ့ ကျွဲနွားတွေကိုကြည့်ရင်း....၊

ကိုယ့်ရပ်ထဲ၊ ကိုယ့်ရွာထဲမှာပဲ သွားနေရတဲ့အတိုင်း
အေးအေးဆေးဆေး၊ စိတ်ပေါ့ပေါ့ပါးပါးနဲ့ သွားရတဲ့အတွက်
မောင်ဝင်းနွယ် ပိုပြီးပျော်မိတယ်။

ဒီလိုနဲ့ ရက်တွေလတွေကြာမြင့်လာပြီး နံနက်ခင်းတစ်ခု
မှာတော့ မောင်ဝင်းနွယ်ဟာ အင်မတန် ချောမောလှပတဲ့ မိန်းမ
ပျိုလေးတစ်ယောက်နဲ့ ကျတ်တီးကုန်းတောထဲမှာ ဆုံမိလိုက်
တယ်။

"ကျွန်မ တိုဘက်ရွာကပါ....၊



www.burmeseclassic.com

www.burmeseclassic.com


လယ်လုပ်ငန်းခွင်ဝင်တော့မှာမို့စားကျက်ထဲလွှတ်ထား တဲ့နွားနှစ်ကောင် လာရှာတာပါ...”

မိန်းမပျိုက အခြားရွာဘက် လက်ညှိုးညွှန်ရင်း မောင်ဝင်းနွယ်ကို ပြောတယ်။

မိန်းမပျိုကစပြီး ခင်ခင်မင်မင်ဆက်ဆံတော့ မောင်ဝင်းနွယ်ကလည်း ရင်းရင်းနှီးနှီး၊ လိုက်လိုက်လျောလျော ပြောဆိုတယ်။

မိန်းမပျိုဟာ မောင်ဝင်းနွယ်ရွာကလာတဲ့ နံနက်တိုင်း၊ မောင်ဝင်းနွယ်မြို့ကအပြန် ညနေပိုင်းမှာ ကျတ်တီးကုန်းတောထဲကနေ စောင့်နေတတ်တယ်။

ဒီလိုနဲ့ သူတို့နှစ်ယောက် ခင်မင်သွားတယ်။

တဖြည်းဖြည်း ခင်မင်ရာကနေ ရင်းနှီး၊ ရင်းနှီးရာ ကျွမ်းဝင်၊ ကျွမ်းဝင်ရာကနေ ချစ်သူတွေဖြစ်သွားကြတယ်။

ထူးခြားတာက မောင်ဝင်းနွယ်ရဲ့ စိတ်ပဲ.....။

ဥစ္စာစောင့်တွေ ရှိတယ်လို့သတင်းကြီးတဲ့ ကျတ်တီးကုန်းထဲမှာ နေ့တိုင်း မပျက်မကွက်လာစောင့်နေတဲ့ မိန်းမပျိုကို ဥစ္စာစောင့်များလားလို့ သင်္ကာမကင်းစိတ် နည်းနည်းလေးမှ မဖြစ်ပေါ်တာပဲ။

www.burmeseclassic.com



နောက်ပြီး ကျုတ်တီးကုန်းတောထဲမှာတွေ့တဲ့ မိန်း
ပျိုရဲ့အကြောင်း မိခင်ကြီးကိုရော၊ အခင်ဆုံးသူငယ်ချင်းတွေ
ဘယ်သူတစ်ဦးတစ်ယောက်မှ အရိပ်အမြွက်လေးတောင် လေသံ
မဟတာတာပါပဲ။

(တရေးသူကို ပြောပြတဲ့သူကတော့....၊

ဒီလိုဖြစ်တာဟာ ဥစ္စာစောင့်မက သူ့ပညာနဲ့တန့်ထားလို့
ဖြစ်ရတာလို့ ဆိုပါတယ်....။)

ဘယ်လိုပဲဖြစ်ဖြစ် သားကို အရိပ်တကြည့်ကြည့် ရှိ
တဲ့မိခင်ကြီးကတော့ သားဖြစ်သူရဲ့ ထူးခြားတဲ့အပြုအမူတစ်ခု
ကို ရိပ်မိခဲ့တယ်။

အရင်က နံနက် ၆ နာရီတိတိ၊ အိမ်ကနေထွက်သွားလေ့
ရှိတဲ့သားဟာ ခုတလော ဆယ့်ငါးမိနစ်လောက်စောပြီး အိမ်က
ထွက်နေတယ်။

ဒီလိုပဲ ဆန်ပွဲရုံမှာ အလုပ်စဝင်ကတည်းကအချိန်
မှန်မှန်ပြန်ရောက်နေကျသားဟာ နာရီဝက်လောက် နောက်ကျ
ပြီးမှ အိမ်ကို ပြန်ရောက်လာတတ်တယ်။

မိခင်ကြီးက မေးကြည့်တော့ "အလုပ်အရှုပ်များလို့
စောစောသွားပြီး နောက်ကျမှပြန်ခဲ့တာပါ..." လို့ ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



မိခင်ကြီးက သားရဲ့မျက်နှာကို ကြည့်တယ်။

သားရဲ့အမူအရာကို အကဲခတ်ကြည့်တယ်။

သားဖြစ်သူ လိမ်နေသလားလို့ပေါ့။

ဒါပေမဲ့ မောင်ဝင်းနွယ်က တစ်စက်ကလေးမှ အမူအရာ မပျက်ဘူး....။

ဟုတ်တိုင်းမှန်ရာကို ရိုးရိုးသားသားပြောနေကျအတိုင်း မိခင်ကြီးကို ပြောနေတာတွေ့ရတယ်။

မောင်ဝင်းနွယ်တာ ငယ်စဉ်ကတည်းက ခုချိန်ထိ ဘယ်သူ့ကိုမှ လိမ်လည်ပြောဆိုဖူးတာ မရှိခဲ့ဘူး....၊

ဒါကြောင့် မိခင်ကြီးဟာ သားရဲ့စကားကို ယုံယုံကြည် ကြည်လက်ခံလိုက်တယ်။

အမှန်တော့ မောင်ဝင်းနွယ်ရဲ့စိတ်ကို ချစ်သူဥစ္စာစောင့် မလေးက ညှို့ယူပြုစားထားတာ ဖြစ်တယ်။

မောင်ဝင်းနွယ်ဟာ တွေ့နေကျမနက်ပိုင်းနဲ့ ညနေပိုင်း တွေမှာ ချစ်သူနဲ့တွေ့ချင်စိတ်တွေ ထိန်းမနိုင်၊ သိမ်းမရပေါ်လာ တယ်။

အခြားသော အချိန်တွေမှာတော့ ဥစ္စာစောင့်မလေးနဲ့ ပတ်သက်သမျှအကြောင်းအရာအားလုံးကို မေ့လျော့နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်းနဲ့ မောင်ဝင်းနွယ်နဲ့ ဥစ္စာစောင့်မလေးတို့ရဲ့ အချစ်သက်တမ်းရှည်ကြာလာတယ်။

တစ်နေ့ညနေပိုင်းမြို့ကပြန်အလာကျတ်တီးကုန်းတောထဲက တွေ့နေကျနေရာလေးမှာ သူတို့နှစ်ယောက်တွေ့ကြတယ်၊

ဥစ္စာစောင့်မလေးက မောင်ဝင်းနွယ်ကို မေးတယ်။

"အစ်ကို ကျွန်မတို့အိမ်ကို လိုက်ခဲ့မလား...."

မောင်ဝင်းနွယ်ဟာ ရှမဝနိုင်တဲ့ ချစ်သူ့ရဲ့မျက်နှာကို တစိမ့်စိမ့်ကြည့်ရင်း....၊

"လိုက်ချင်တာပေါ့ ညီမရယ်၊

ဒါပေမဲ့ ညီမရဲ့ဖေဖေနဲ့ မေမေက အစ်ကိုတို့နှစ်ယောက်ကို သဘောတူပါ့မလား...၊

ခွဲပစ်မှာကို အရမ်းစိုးရိမ်တယ် ညီမရယ်...."

"ဒီအတွက်တော့ မစိုးရိမ်ပါနဲ့ အစ်ကို....၊

ဖေဖေနဲ့ မေမေတို့ကို ညီမအကြောင်းစုံ ဖွင့်ပြောပြီးပါပြီ.....၊

အစ်ကို့ကိုတွေ့ချင်လို့ ခေါ်ခဲ့ပါလို့ပြောတယ်...."

"ဝမ်းသာလိုက်တာ ညီမရယ်၊

ဒီလိုဆိုရင် ညီမတို့အိမ်ကို အစ်ကိုလိုက်မယ်....၊



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့ လိုက်ရမှာလဲတင်...."

"အခုပဲ သွားကြမယ်လေ....."

"အင်း... သွားကြမယ်လေ......"

ဥစ္စာစောင့်မလေးက မောင်ဝင်းနွယ်ရဲ့လက်ကို ဆွဲကိုင်လိုက်တယ်......။

အဲဒီခဏမှာပဲ မောင်ဝင်းနွယ် မိုက်ခနဲဖြစ်ပြီး မူးဝေသွားတယ်၊ သတိလစ်သလို ဖြစ်သွားတယ်။

ဒါပေမဲ့ ချက်ချင်းဆိုသလို ပြန်ကောင်းလာတယ်။

အဲဒီအချိန်မှာ တစ်ယောက်လက် တစ်ယောက်တွဲပြီး ခရီးတစ်ခုကို သွားနေတယ်.....။

မောင်ဝင်းနွယ်ရဲ့ စိတ်တွေကလည်း ဟူးထူးခြားခြား၊ လန်းဆန်းပေါ့ပါးနေတယ်။

သူတို့နှစ်ယောက်စလုံးရဲ့ စိတ်ထဲမှာ စိတ်ညစ်ညူးစရာ ဘာတစ်ခုမှမရှိဘဲ ပျော်နေကြတာကို မောင်ဝင်းလွင် သတိပြုမိတယ်......။

◆ ◆ ◆

အဲဒီနေ့ညနေက မိုးချုပ်တဲ့အထိ မောင်ဝင်းနွယ်အိမ်ကို



www.burmeseclassic.com

www.burmeseclassic.com



ပြန်ရောက်မလာဘူး။

မောင်ဝင်းနွယ်ဟာဘယ်လောက်နောက်ကျကျဒီအချိန်ထိ ဘယ်တော့မှနောက်မကျတတ်ဘူး.....၊

သားလေးတစ်ခုခုဖြစ်ပြီလို့ မောင်ဝင်းနွယ်ရဲ့မိခင်ကြီး ထင်တယ်။

ဒါကြောင့် ဆွေမျိုးသားချင်း ယောကျ်ားသားတစ်ချို့ အကူအညီတောင်းပြီး မောင်ဝင်းနွယ်လာနေကျလမ်းအတိုင်းလိုက် ကြည့်ကြတယ်။

အဲဒီမှာ မောင်ဝင်းနွယ်ရဲ့သက်မဲ့ရုပ်ခန္ဓာကိုယ်ကို ကျတ် တီးကုန်းတောစပ်တစ်နေရာမှာ တွေ့ ကြရတယ်။

အလောင်းရဲ့ဘေးမှာ မောင်ဝင်းနွယ်ရဲ့လွယ်အိတ်နဲ့ သရက်သီးမှည့်တွေ ထည့်ထားတဲ့အိတ်တစ်လုံးကို တွေ့ရတယ်။

သရက်သီးမှည့်တွေက မိခင်ကြီးမှာလိုက်တာ....၊

ရာသီသီးနှံ ပေါ်ပြီးပေါ်ချားမို့ သစ်သီးဆွမ်းကပ်ချင်လွန်းလို့ တစ်ခုတ်တရမှာလိုက်တာ ဖြစ်တယ်။

မမေ့မလျော့ဝယ်ခဲ့ဖို့လည်း အတန်တန်သတိပေးလိုက် တယ်......။

လိမ္မာတဲ့သားလေးက အမေမှာလိုက်တဲ့ သရက်သီး



www.burmeseclassic.com

www.burmeseclassic.com



ည့်တွေကို မမေ့မလျော့ဝယ်လာတယ်၊ ဒါတွေကို စဉ်းစားမိတော့....၊ သားလိမ္မာအတွက် မိခင်ကြီး ပိုပြီးစိတ်ထိခိုက်သွားတယ်။

သားရဲ့အလောင်းဘေးမှာ ရှိုက်ကြီးတငင်ငိုကြွေးတယ်၊

မကြာဘူး။ သူလည်း ခွေခွေလေးလဲကျပြီး သတိလစ်၊ မေ့မြောသွားတော့တယ်။

◆ ◆ ◆

ဥစ္စာစောင့်မလေး နန်းစောမွန်ဟာ မောင်ဝင်းနွယ်ရဲ့ဝိညာဉ်ကိုနှုတ်ပြီး ခေါ်သွားတာဖြစ်တယ်.....။

သူတို့နှစ်ယောက်ဟာ တစ်ယောက်လက်၊ တစ်ယောက်တွဲပြီး လှပကျယ်ဝန်းတဲ့ အခန်းတွေ၊ အဆောင်တွေကို တစ်ခန်းပြီးတစ်ခန်း၊ တစ်ဆောင်ပြီးတစ်ဆောင်ဖြတ်ကျော်လာကြတယ်။

သူတို့ရဲ့ပတ်ဝန်းကျင်မှာ ရှေးခေတ်နန်းတွင်းသူ၊ နန်းတွင်းသားတွေလို ဝတ်ဆင်ထားတဲ့ ယောကျ်ား မိန်းမတွေ ဟိုမှသည်မှ လှုပ်ရှားသွားလာနေကြတာ တွေ့ရတယ်။

သူတို့ကလည်း မောင်ဝင်းနွယ်တို့ကိုတွေ့တော့နှစ်လိုတဲ့အမူအရာနဲ့ ပြုံးပြုံးရွှင်ရွှင် နှုတ်ဆက်ကြတယ်....။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ရောက်တော့ နန်းစောမွန်က အခန်းတစ်ခုရဲ့ တံခါးကို ဖွင့်ပြီးပြတယ်။

မောင်ဝင်းနွယ်ကြည့်လိုက်တော့ ရွှေရောင်တွေ တဖိတ် ဖိတ်တောက်ပြီးဝင်းလက်နေတဲ့ရတနာပစ္စည်းတွေအခန်းပြည့်မျှ စုပုံရှိနေတယ်။

ထူးဆန်းတာက ဒီလိုတွေ့နေရပေမဲ့ မောင်ဝင်းနွယ်စိတ် ထဲမှာ လိုချင်တဲ့လောဘစိတ် လုံးဝမရှိဘဲ အံ့ဩစိတ်တစ်ခုပဲ ဖြစ် ပေါ်နေသတဲ့....။

နန်းစောမွန်ဟာ ချစ်တဲ့သူမောင်ဝင်းနွယ်ကို သူတို့နေ ထိုင်ရာသိုက်နန်းကို လှည့်လည်ပြသတယ်။

စုံလင်အောင် ပြသပြီးတာနဲ့လှေကားတစ်ခုကနေ ဆင်း လာတယ်။

အရောင်အသွေးစုံပြီး လှပတဲ့ပန်းမျိုးစုံပွင့်နေတဲ့ ပန်း ဥယျာဉ်ကြီးထဲ ရောက်သွားတယ်။

ဥယျာဉ်ကြီးတစ်ခုလုံးကိုပန်းရနံ့တွေမွှေးပျံ့လွှမ်းခြုံထား တယ်။

မောင်ဝင်းနွယ် အတွက်တော့ မြင်မြင်သမျှအရာအားလုံး အထူးအဆန်းတွေချည်း။ အံ့အားသင့်စရာတွေချည်းပဲတဲ့။

www.burmeseclassic.com

www.burmeseclassic.com



နန်းစောမွန်ဟာ မောင်ဝင်းနွယ်ကို ဥယျာဉ်ခြံကြီးတစ်ခုထဲ ခေါ်သွားပြန်တယ်။

ဒီတစ်ခေါက်ရောက်သွားတဲ့ဥယျာဉ်ကသစ်သီးဥယျာဉ်။

ဥယျာဉ်ထဲမှာ ရာသီအလိုက်သီးလေ့ရှိသော သစ်သီးမျိုးစုံ တစ်ပြိုင်တည်းသီးနေတာ တွေ့ရတယ်။

နန်းစောမွန်ဟာ မောင်ဝင်းနွယ်ကို အရိပ်ကောင်းတဲ့သစ်ပင်ကြီးအောက်က ကွပ်ပျစ်တစ်ခုပေါ်ထိုင်ပြီး အပန်းဖြေခိုင်းတယ်။

သူကတော့ တစ်နေရာကို ထွက်သွားတယ်။

ခဏကြာလို့ ပြန်လာတော့ သူမလက်ထဲမှာ ယွန်းဗျပ်တစ်ခုနဲ့ ထည့်ထားတဲ့ သစ်သီးငါးလုံးပါလာတယ်။

သစ်သီးတွေက လက်ဖက်ရည်ပန်းကန်လုံးသာသာလောက်အရွယ်ရှိပြီးအရောင်အဆင်းကရွှေရောင်နဲ့ပန်းဆီရောင်ရောစပ်ထားတဲ့ အရောင်ဖြစ်တယ်။

"ဒါ.. ဘာအသီးလဲ ညီမ...."

မောင်ဝင်းနွယ် မေးလိုက်တယ်။

"စားကြည့်ပါဦး အစ်ကို...."

နန်းစောမွန်က အဖြေမပေးဘဲ သစ်သီးတစ်လုံးယူပေး



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ စားကြည့်နိုင်းတယ်။

မောင်ဝင်းနွယ် သစ်သီးကို ကိုက်စားလိုက်တယ်။

သစ်သီးရဲ့အနှစ်က အကောင်းစား ကိတ်မုန့်တစ်လုံး ထက် ပိုပြီးမွတ်ဘာ၊ နူးညံ့တာကို သတိထားမိတယ်။

အရသာက ချိုတယ်၊ ချိုတယ်ဆိုတာကလည်း ထူးထူး ကဲကဲအရသာရှိတဲ့ အချို ဘယ်လိုအချိုနဲ့မှ မတူတဲ့အချိုမျိုး။

ထူးကဲတဲ့အရသာကို ခံစားမိတာကြောင့် မောင်ဝင်းနွယ် နှစ်လုံးကုန်အောင် စားပစ်လိုက်တယ်။

စားပြီးတဲ့အချိန်မှာ သူ့တစ်ကိုယ်လုံး လန်းဆန်းပေါ့ပါး သွားသလို ခံစားလိုက်ရတယ်။

"သိပ်အရသာရှိတာပဲ ညီမ....၊

ဒါ ဘာသီးလဲတင်...."

မောင်ဝင်းနွယ်က ဒုတိယအကြိမ်မေးလိုက်တယ်။

နန်းစောမွန်တာ မောင်ဝင်းနွယ်ရဲ့လက်ကို ဆွဲပြီးခေါ် သွားတယ်။

ဥယျာဉ်ကြီးရဲ့ တစ်နေရာကိုရောက်တော့ ရပ်လိုက် တယ်။

သစ်ပင်တစ်ပင်ကို ပြတယ်။



www.burmeseclassic.com

www.burmeseclassic.com



မောင်ဝင်းနွယ် စောစောကစားခဲ့ရတဲ့သစ်သီးတွေ၊သစ်ပင်ပေါ်မှာ တွဲရရွဲသီးနေတယ်။

ထူးဆန်းတာက သစ်သီးလေးတွေတာ မြင်နေကျ၊ တွေ့နေကျ သစ်သီးတွေလို ရှက်ဖျား၊ ကိုင်းဖျားတွေက သီးတာမျိုးမဟုတ်ဘဲ.....၊

အင်ကြွင်းပန်းခက်တွေပွင့်သလိုမျိုး သစ်ပင်ရဲ့ပင်စည်ပေါ်က သစ်ကိုင်းသစ်ခက်လုံးတွေပေါ်ကနေ အတွဲလိုက်၊ အခိုင်လိုက် ပြွတ်ခဲပြီးသီးနေတာ ဖြစ်တယ်....။

ပင်စည်နဲ့ သစ်ရွက်တွေကို ကြည့်လိုက်တော့ မြင်ဖူး၊ တွေ့ဖူးတဲ့ အပင်မျိုးပဲလို့ မောင်ဝင်းနွယ်တွေးတယ်.....၊

သို့ပေမဲ့ အမှတ်ဖော်လို့မရဘူး၊ နှုတ်ဖျားမှာ မေ့နေသလိုဖြစ်နေတယ်.....၊

"ဒီလိုအပင်မျိုး အစ်ကိုမြင်ဖူးတယ်၊
ဒါပေမယ့် အမှတ်ဖော်လို့ မရဘူး....၊
ဘာပင်လဲဆိုတာ အစ်ကိုသိချင်တယ် ညီမ....."

"အဲဒါ.... ဇွန်ရ သရက်ပင်ပါ....၊
ခုနက အစ်ကိုစားတာ ဇွန်ရသရက်သီးပေါ့ အစ်ကို..."

"ဇွန်ရ သရက်သီး.....၊



www.burmeseclassic.com

www.burmeseclassic.com



သရက်သီး.....၊ သရက်သီး...”

သရက်သီးဆိုတဲ့ အသံကိုကြားလိုက်တာနဲ့ မောင်ဝင်းနွယ်ရဲ့ရင်ထဲမှာ အလန့်တကြားဖြစ်သွားတယ်.....၊

မိခင်ကြီးရဲ့မျက်နှာကို ရုတ်တရက်မြင်လိုက်မိတယ်။

“မေမေမှာတဲ့ သရက်သီးတွေ.....”

မောင်ဝင်းနွယ်ရဲ့ ရုတ်တရက်ပြောင်းလဲသွားတဲ့ အမူအရာကိုကြည့်ပြီး နန်းစောမွန် ထိတ်လန့်သွားတယ်....။

သူ မှားသွားပြီဆိုတာလည်း ချက်ချင်းသိလိုက်တယ်။

ဒါပေမဲ့ သူမ အသိက အရမ်းကိုနောက်ကျသွားပြီ....။

ဥစ္စာစောင့်မလေး နန်းစောမွန်တာ သူချစ်သူမောင်ဝင်းနွယ်ကို သူတို့နေထိုင်ရာသိုက်နန်းထိ ခေါ်ဆောင်နိုင်ခဲ့တယ်။

သူ့ရဲ့ပညာနဲ့ မောင်ဝင်းနွယ်ရဲ့အတိတ်ဘဝတွေကို မေ့လျော့အောင် ‘အဟာန့်’ ပြုလုပ်ခဲ့တယ်။

ဒါပေမဲ့ စွဲလန်းမှုက အံ့သြဖို့ကောင်းတယ်။

ဘဝတွေပြောင်းလဲသွားတာတောင် မပျောက်မပျက်လိုက်ပါနေနိုင်တဲ့ အစွမ်းရှိတယ်။

“သရက်သီး” ဆိုတဲ့ အမည်ကိုကြားလိုက်တာနဲ့ မောင်ဝင်းနွယ်ရဲ့စိတ်က ဘဝဟောင်းဆီ ပြန်ရောက်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



မိခင်ကြီး သရက်သီးမှာတာကို ပြေးပြီးသတိရလိုက်သယ်.....၊

လွတ်မြောက်သွားတာနဲ့ တစ်ချိန်တည်း 'ဝုန်း' ခနဲ ာယ်လောင်တဲ့ အသံကြီး.....၊

လျှပ်စီးလက်သလို အလင်းတန်းကြီးတစ်ခု ထွက်ပေါ် ာတယ်။

"အစ်ကို.... အစ်ကို ..." ဆိုတဲ့ ချစ်သူနန်းစောမွန်ရဲ့ စိုး ိတကြီးအော်ခေါ်သံကို နောက်ဆုံးကြားလိုက်ပြီး မောင်ဝင်း ယ်တစ်ယောက် အမှောင်တိုက်ကြီးတစ်ခုထဲ မျောလွင့်လိုက်ပါ ွားပါတော့တယ်။

◆◆◆

မိခင်အိုကြီးနဲ့ သားလိမ္မာလေးတို့ရဲ့ အဖြစ်အပျက်က တစ်ရွာလုံးရဲ့နှလုံးသားကို သိမ်ကြုံးယူငင်၊ ဆွဲဆုပ်ဖျစ်ညှစ် ခံ လိုက်ရသလိုပါပဲ.....။

နှလုံးကြေကွဲ ဆို့နစ်ကြရတယ်။

ဝမ်းနည်း ပူဆွေးကြရတယ်။

မျက်ရည်မဆည်နိုင် ဖြစ်ကြရတယ်။



www.burmeseclassic.com

www.burmeseclassic.com



မောင်ဝင်းနွယ်ရဲ့အလောင်းကို ပြန်သယ်ယူလာတယ်

ရေမိုးချိုး၊ အမွှေးနံ့သာလိမ်းကျံ သန့်စင်ပြီး နေအိမ်မှာ ပြင်ဆင်ထားတယ်။

နောက်နေ့ညနေကျရင်တော့ ရွာပြင်မှာ လေးတိုင်စင် ထုတ်ထားရမှာဖြစ်ပြီး.....၊

ခုနစ်ရက်ပြည့်မှ သုသာန်ပို့ မီးသင်္ဂြိုဟ်ရမှာ ဖြစ်တယ်

"ဒီအမေကြီးလည်းသူ့သားသင်္ဂြိုဟ်တဲ့အချိန်ထိတော ခံ ႏုိ့မလား......"

သားအတွက် ကြီးစွာသောပရိဒေဝမီး တောက်လော ခံနေရရှာတဲ့ မိခင်ကြီးကိုကြည့်ပြီး အားလုံးက သနားကရုဏာ သက်နေကြတယ်။

မောင်ဝင်းနွယ်ရဲ့ မိခင်ကြီးခမျာမှာလည်း မျက်ရည် လည်ရွဲ၊ ငိုပွဲဆင်ရင်း သားအလောင်းအနီးက မခွာနိုင်ဖြစ်နေ တယ်.....။

သားမျက်နှာကို စေ့စေ့ကြည့်လိုက်.....၊

စကားတွေ ပြောလိုက်.....၊

သားကိုဖက်၊ ရင်ဘတ်ပေါ် မျက်နှာအပ်ပြီး ငိုကြွေးနှင့် အရူးမကြီးနှင့်မခြား ဖြစ်နေရှာတယ်။



www.burmeseclassic.com

www.burmeseclassic.com



မိခင်ကြီးရဲ့မျက်ရည်ပူတွေဟာ ဝိညာဉ်ကင်းမဲ့နေတဲ့ မောင်ဝင်းနွယ်ရဲ့ ရင်ဘတ်ပေါ်မှာ ရွဲစိုနေတယ်။

"ဟင်....."

မောင်ဝင်းနွယ်ကို ဖက်ငိုနေတဲ့မိခင်ကြီးဟာ ခံစားလိုက်ရတဲ့ အသိအာရုံတစ်ခုကြောင့် ထိတ်ခနဲ လန့်သွားတယ်။

လန့်သွားတာက ကြောက်လို့မဟုတ်ဘူး။

သူ့သားလေး ပြန်ရှင်လာတာလားဆိုတဲ့ ဝမ်းသာစိတ်နဲ့ ထိတ်ခနဲလန့်သွားတာ။

ဟုတ်တယ်၊ သားကို ဖက်ငိုနေတုန်းက သားခန္ဓာကိုယ်မှာ လှုပ်ရှားမှုတစ်ခုကို သူခံစားသိသိလိုက်တယ်။

"သားလေး..... သားလေး...."

အသုဘအိမ်ရောက်နေသူအချို့က မိခင်ကြီးရဲ့သောကဒီဏကို စိတ်မကောင်းတဲ့အကြည့်တွေနဲ့ ကြည့်နေကြတယ်။

"အင်း... ဟင်း.... ဟင်း...."

တိုးလျလွန်းပေမဲ့ ထင်ရှားပီသတဲ့ ညည်းညူသံတစ်ခု မောင်ဝင်းနွယ်နှုတ်က ထွက်လာတယ်။

မောင်ဝင်းနွယ်ရဲ့မိခင်ကြီးဟာ ထခုန်လိုက်တယ်။

ပြီးတော့....၊

စီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျယ်လောင်တဲ့အသံကြီးနဲ့ ဝမ်းသာအားရ အော်ပြော လိုက်တယ်။

"ငါ့သားလေး မသေဘူး....၊
ငါ့သားလေး မသေဘူး...."

မိခင်ကြီးရဲ့အော်သံကြောင့် လူတွေ စုပြုံရောက်လာ တယ်.....။

ဝိုင်းအုံ ကြည့်ကြတယ်......။

ဟုတ်တယ်၊ မောင်ဝင်းနွယ်ရဲ့ညည်းညူသံက ထင်ထင် ရှားရှား ထပ်မံထွက်ပေါ်လာပြီ ဖြစ်တယ်။

အားလုံးတအံ့တဩ၊ ဝမ်းသာအားရ ဖြစ်သွားကြတယ်။

ပူးချည်ထားတဲ့ခြေမကြိုးကို ဖြတ်လိုက်ကြတယ်။

အသုဘဆိုင်ရာ ပြင်ဆင်မှုတွေကို ချက်ချင်းဖြုတ်ချ ဖျက် ပစ်တယ်။

မောင်ဝင်းနွယ်ကို အဝတ်အစားအသစ်တွေ ပြောင်းလဲ ဝတ်ဆင်ပေးလိုက်တယ်။

တစ်ရွာလုံး အုတ်အော်သောင်းတင်း ဖြစ်သွားတယ်။

ရွာရှိလူကုန်ဆိုသလို မောင်ဝင်းနွယ်တို့အိမ်ကို ရောက် လာကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ာင်ဝင်းနွယ်တစ်ယောက် ဆန်းကြယ်စွာနဲ့ သေကံမရောက်၊
တ်မပျောက်ဘဲ သေရွာကပြန်လာနိုင်ခဲ့တယ်.....။

ဒါပေမဲ့ သေရွာပြန်မောင်ဝင်းနွယ်တာ တိုတုန်းကမောင်
င်းနွယ် မဟုတ်တော့ဘူး။

ဘာမှမေးလို့မရတဲ့အပြင် အစာလည်း စားချင်မှစားတဲ့၊
ိပ်ချင်မှအိပ်တဲ့အဓိပ္ပာယ်မရှိတာတွေလုပ်ချင်လုပ်နေတယ်တဲ့။

တစ်ယောက်တည်း စကားပြောချင်ပြောနေတတ်တဲ့...၊

ပုံမှန်စိတ် ပျောက်ဆုံးသွားတဲ့ မောင်ဝင်းနွယ်ဖြစ်သွား
ခဲ့ပါတယ်.....။

တစ်ခါတလေမှာ သူ့နှုတ်က "နန်းစောမွန်" ဆိုတဲ့
နာမည်ကို ရွတ်နေတာကြားရပြီး.....၊

ရံဖန်ရံခါတော့လည်း "ဗန္ဓုရ သရက်သီး" ဆိုတာကို
ပြောနေတတ်ပါတယ်......။

မကြာခဏဆိုသလို မောင်ဝင်းနွယ် နေအိမ်ကနေ
ပျောက်သွားတတ်တယ်။

လိုက်ရှာတော့ ကျတ်တီးကုန်းထဲက သူလဲကျခဲ့တဲ့နေ
ရာမှာ ငူငူငေါင်ငေါင်ကြီးထိုင်နေတာ တွေ့ရတယ်တဲ့...။

မောင်ဝင်းနွယ်တာ ဒီလိုအသိစိတ်ပျောက်နေတဲ့ အရူး

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ဘဝနဲ့ တစ်နှစ်ကျော်ကျော်နေခဲ့ရပါတယ်။

သူ့ရဲ့အလုပ်ရှင် ဆန်ပွဲရုံပိုင်ရှင်ရဲ့ ကောင်းမှုကြောင့် ရန်ကုန်စိတ်ရောဂါကုဆေးရုံကြီးမှာ လအတန်ကြာကုသမှုခံ ခဲ့ပြီးမှ ပုံမှန်လူကောင်းဘဝကို တဖြည်းဖြည်း ပြန်လည်ရရှိ ပါတယ်။

စာရေးသူ၊ မောင်ဝင်းနွယ်နဲ့ ကျတ်တီးကုန်းက ဥစ္စာ စောင့်မလေးတို့ရဲ့ အဖြစ်အပျက်ကိုကြားသိချိန်မှာ မောင်ဝင်း နွယ်ရဲ့မိခင်ကြီး ဘဝတစ်ပါးပြောင်းသွားခဲ့ပါပြီ......၊

မောင်ဝင်းနွယ်ကလည်း ဆန်ပွဲရုံသူဌေး ဦးဝင်းနွယ်ဘဝ ကို တက်လှမ်းရောက်ရှိနေပြီ ဖြစ်ပါတယ်။

## ဆန်းကြယ်သော ဗန္ဓုရသရက်သီး

ဒီနေရာမှာ အကြောင်းတိုက်ဆိုင်လို့.....၊

မောင်ဝင်းနွယ်ကို ဥစ္စာစောင့်မလေး နှန်းစောမွန်ကျွေး တဲ့ ဗန္ဓုရသရက်သီးမျိုး စာရေးသူလည်း စားဖူးခဲ့တဲ့အကြောင်း တင်ပြလိုပါတယ်။

ဗန္ဓုရသရက်သီးက ထူးခြားဆန်းကြယ်တဲ့ အသီးတစ်



www.burmeseclassic.com

www.burmeseclassic.com



မျိုးပါ ရှားပါးပြီး တန်ဖိုးကြီးပါတယ်.....၊ ဗန္ဓုရသရက်သီး အစေ့ကိုရပေမဲ့ အပင်ပေါက်ဖို့ မလွယ်ပါဘူး။

အပင်ပေါက်ခဲ့ရင်လည်း အပွင့်ပွင့်ဖို့မလွယ်ဘူး။

အပွင့်ပွင့်ရင်လည်း အသီးသီးဖို့မလွယ်ဘူးလို့ အဆိုရှိပါတယ်။

ဒီအဆိုမှန်ကန်တဲ့အကြောင်း စာရေးသူကိုယ်တွေ့မျက်မြင် လေ့လာခဲ့ရပါတယ်။

(၁၉၉၁- ၉၂) ခုနှစ်လောက်ကပါ။

စာရေးသူ ပဲခူးတိုင်းအနောက်ခြမ်း၊ ပြည်ခရိုင်၊ ရွှေတောင်မြို့နယ်ထဲက ညောင်စာရေးဆိုတဲ့ တိုက်နယ်အဆင့်ရှိတဲ့ ရွာတစ်ရွာကို ရောက်ရှိခဲ့ပါတယ်။

ညောင်စာရေးရဲ့ အနောက်ဖက်တစ်မိုင်နီးပါးက ရွာလေးတစ်ရွာမှာ ဗန္ဓုရသရက်ပင်ရှိတယ်သတင်းကြားလို့ သွားရောက်လေ့လာခဲ့ပါတယ်။

ပိုင်ရှင်က အဘိုးအဘွား လင်မယားနှစ်ယောက်ပါ။

(နာမည်တော့ မေ့သွားပါပြီ....)

ဗန္ဓုရသရက်သီးကလည်း သူတို့ခြံပိုင်းထဲမှာ ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဇန္တုရှသရက်ပင်ကို အထွတ်အမြတ်အဖြစ် အပင်အောက်မှာ သဲဖြူခင်းထားပြီး၊ ရာဇမတ်တွေ ကာရံထားပါတယ်။

အပင်က ဆယ့်ငါးပေ၊ ပေနှစ်ဆယ်လောက်မြင့်နေပြီ၊ အကိုင်းတွေက အရွယ်ရှစ်မျက်နှာ ဖြာထွက်နေပါတယ်။

အောက်ဆုံးအကိုင်းအချို့က မြေနဲ့ထိအောင် ညွတ်ကိုင်းကျနေပါတယ်။

အပွင့်၊ အသီး၊ သီးပွင့်နေတာသာမဟုတ်ရင် ဇန္တုရှသရက်ပင်လို့ ဘယ်သူမှ သိနိုင်မှာမဟုတ်ပါဘူး။

သစ်ပင်ရဲ့အပွေးကလည်းရိုးရိုးသရက်ပင်အတိုင်းဖြစ်ပြီး သစ်ရွက်တွေကလည်း သာမန်သရက်ပင်ရဲ့အရွက်တွေနဲ့ ထူးပြီး မခြားနားပါဘူး။

တရေးသူ ရောက်ရှိသွားတဲ့အချိန်က နွေကာလပါ။

ဒါပေမဲ့ လက်ဖက်ရည်ပန်းကန်လုံးအရွယ် အသီးတွေ တော်တော်များများသီးနေတာ တွေ့ရပါတယ်။

တစ်ချိန်တည်းမှာပဲ အပွင့်တွေ အခိုင်အခိုင်ပွင့်နေပြီး သံပုရာသီးလုံးခန့်အရွယ် အသီးကင်းတွေကလည်း အပင်ပေါ်မှာ တစ်ပြိုင်တည်း သီးနေကြ၊ ပွင့်နေကြတယ်။

"ဒီဇန္တုရှသရက်ပင်က ထူးဆန်းတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကိုင်းအရှိုက အသီးကြီးတွေကြီးနေချိန်မှာ၊ ကိုင်းအရှိုက အသီးကင်းတွေသီးနေတယ်။

တစ်ပြိုင်တည်းမှာပဲ ကျန်တဲ့ကိုင်းတွေမှာ အပွင့်တွေထွက်လာတယ်။

ရင့်မှည့်တဲ့အသီးတွေ ဆွတ်ချိန်ကျတော့ အသီးကင်းတွေက ကြီးလာပြီ။

တစ်ချိန်တည်းမှာပဲ အပွင့်တွေက အသီးကင်းလေးတွေ ခြွေနေပြီ.....၊

အဲ့ကြောင့် အပင်ပေါ်မှာ အသီးအပွင့်မပြတ်ဘူး။

တစ်နှစ်ပတ်လုံး သီးနေ၊ ပွင့်နေကြတယ်။

နောက်ပြီး ထူးခြားတာတစ်ခုရှိသေးတယ်။

ရိုးရိုးသရက်ပင်က ဆောင်းလောက်မှာအပွင့်ပွင့်၊အလွန်ဆုံး သုံးလေးလအတွင်း အသီးမှည့်စားနိုင်တယ်။

ဗန္ဓုလသရက်သီးကျတော့ အသီးကင်းလေးစဖြစ်ပြီး ရှစ်ဆယ်ရက်ကြာမှ ရင့်မှည့်တဲ့အဆင့်ကိုရောက်တယ်၊ ခူးလို့ရတယ်။

နောက်ပြီး ဆန်းကြယ်တာရှိသေးတယ်။

ရိုးရိုးသရက်ပင်တွေလို ပင်ဖျား၊ ကိုင်းဖျားကနေ သီးတာပွင့်တာ မဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



အင်ကြင်းပန်းနိုင်တွေ ပွင့်သလို၊ ပိန္နဲသီးတွေသီးသလို

သစ်ပင်ပင်စည်က၊ ကိုင်းမတွေကနေ အပွင့်ခိုင်၊ အသီး

ခိုင်တွေ ထွက်တယ်၊ သီးပွင့်တယ်......" လို့ ဇန္တုရသရက်ပင်ပိုင်

ရှင်အဘိုးက ပြောပြခဲ့ပါတယ်။

"အဘိုးနဲ့အဘွားမှာ သားသမီးနောက်ခံ မရှိဘူး။

အသက်အရွယ်ကလည်း ကြီးရင့်နေပြီဆိုတော့ ဘာအ

လုပ်မှမလုပ်နိုင်ဘူး....၊

ဒီဇန္တုရသရက်ပင်က သူ့တို့ကိုလုပ်ကျွေးနေတာ" လို့

ရွာလူကြီးက ပြောပါတယ်။

"အဘိုး ဒီသရက်သီးကို ဘယ်လိုရောင်းရပါသလဲ" လို့

စာရေးသူမေးကြည့်တော့....၊

"ဒေသခံ ရွာသူရွာသားတွေကိုတော့ တစ်လုံး (၃ဝိ/)နဲ့

ရောင်းပေးပါတယ်။

ခုနောက်ပိုင်းတော့ ရောင်းလို့မရတော့ဘူး။

ထောက်လှမ်းရေးတွေက သူတို့အဘတွေကိုပေးဖို့ဆို

တစ်လုံး ၁၀ဝိ/ နှုန်းနဲ့ ငွေကြိုပေးထားကြတယ်။

ရသလောက်ယူတယ်။

အဲ့ကြောင့် ဘယ်သူ့မှ ရောင်းလို့မရဘူး ဖြစ်နေတယ်...



www.burmeseclassic.com

www.burmeseclassic.com



"အပင်ပွားပြီး မစိုက်ကြဘူးလား....."

"စိုက်ကြတာပေါ့ဗျာ၊ ဒါပေမဲ့ မပေါက်ဘူးဗျ...၊

ဒီအပင်မျိုးက.....၊

စိုက်တိုင်းမပေါက်......

ပေါက်တိုင်းမပွင့်.....

ပွင့်တိုင်းမသီး လို့ စာဆိုရှိတယ်။

ဒီရွာကဘုန်းကြီးကျောင်းထဲမှာလည်း တစ်ပင်ရှိတယ်၊ ဒီအပင်နဲ့ အတူတူစိုက်တာလို့ပြောတယ်။

ဒါပေမဲ့ ဒီအပင်သာ အပွင့်ပွင့်၊ အသီးသီးတယ်။

ဟိုအပင်က ခုထိအပွင့်တောင် မပွင့်ဘူး....." လို့ ရှင်းပြပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ်၊ စာရေးသူကတော့ ဗန္ဓုရသရက်သီး သုံးလုံးဝယ်ယူရရှိခဲ့ပါတယ်။

နေအိမ်က ဘုရားစင်မှာ ကပ်လှူပူဇော်ခဲ့ပါတယ်။

တစ်လုံးကို မိသားစုအားလုံး မျှတခွဲဝေစားပြီး၊

တစ်လုံးကို ကညွတ်ကွင်းမြို့ ကျွန်းတောကျောင်းဆရာတော်ဘုရားကြီး ဦးဿရိယနဲ့ ကျန်တစ်လုံးကိုတော့ ဦးဇင်း ကြီး ဦးဉာဏ် (ဦးစကိန္ဒ)ကို ကပ်လှူပူဇော်ခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဗန္တုရသရက်သီးရဲ့ အရသာက မြကျောက်သရက်သီး နဲ့ဆင်ပေမဲ့ ချိုတဲ့အရသာက ထူးကဲပါတယ်။

သရက်သီးကို ကိုက်စားတဲ့အခါမှာ ပန်းသီးလိုကျွတ် မနေဘဲ ကိတ်မုန့်ကိုစားရသလို နူးညံ့ပါတယ်။

ထူးဆန်းတဲ့ နောက်တစ်ချက်က.....၊

သရက်သီးတစ်လုံးမှာ အစေ့တစ်စေ့တည်းပါတာ မ ဟုတ်ပါဘူး၊

သရက်သီးရဲ့အလယ်မှာ တည်သီးအစေ့လောက်၊ ဇ ခါးသီးအစေ့လောက်ရှိတဲ့ အစေ့သုံးစေ့ထိပ်ချင်းတိုက်ပြီး ဖို နောက်ဆိုင်တည်ရှိနေပါတယ်။

စာရေးသူ ရန်ကုန်မြို့ကိုရောက်တော့ အင်းစိန်၊ မင်းဓမ္မ ကုန်းတော်ပေါ်က ကျောက်တော်ကြီးဘုရားမှာ ဗန္တုရသရက်ပင် တစ်ပင်ရှိနေတာ တွေ့ရပါတယ်။

ဝန်ကြီးချုပ်ဟောင်း ဦးခင်ညွန့်နဲ့ ဇနီးတို့ စိုက်ပျိုးလှူဒါန်း ခဲ့တာလို့ သိရပါတယ်။

ညောင်စာရေးတိုက်နယ်က ဗန္တုရသရက်ပင်ကို ဒ ရောက်လေ့လာတုန်းက.....၊

ထောက်လှန်းရေးတွေက အထက်ကအာဘ ကိုပေးဖို့ငွေ



www.burmeseclassic.com

www.burmeseclassic.com



ကြိုတင်ပေးပြီး မှာထားတယ်ဆိုတဲ့စကားအရ ကျောက်တော်ကြီးဘုရားက ဗန္ဓုရသရက်ပင်ဟာ စာရေးသူတွေ့ခဲ့တဲ့ ဗန္ဓုရသရက်ပင်ရဲ့ မျိုးဆက်များလားလို့ တွေးမိပါတယ်.....။

ကျောက်တော်ကြီးဘုရားက ဗန္ဓုရသရက်ပင်မှာလည်း (၁၀) နှစ်ခန့်ကြာမြင့်ခဲ့သည့်တိုင်အောင် အပွင့်၊ အသီး မပွင့်မသီးတာ သိရှိရပါတယ်။

◆◆◆◆◆



www.burmeseclassic.com

www.burmeseclassic.com

# ဂူထုံကျူးတဲ့နေ့

ဆရာတော် ဂူထဲဝင်သွားတာနဲ့.....।
အသင့်စောင့်နေတဲ့ ပန်းရံအဖွဲ့က ဂူပေါက်ကို
အုတ်ခဲစီ၊ ဘိလပ်မြေသရိုးကိုင်ပြီး ပိတ်တယ်...။
မိဒ္ဒီယိုသမားကလည်း ဖြစ်စဉ်တွေကို
အစအဆုံး၊ အသေးစိတ် လိုက်ရိုက်နေတယ်။
အုတ်တွေ တစ်လွှာပြီး တစ်လွှာ
တက်လာတဲ့အတိုင်း.....।
ဂူပေါက်ကလည်း တဖြည်းဖြည်း
ကျဉ်းမြောင်းနေတယ်.....။
နောက်ဆုံးတော့ ဂူပေါက်ကို လုံးဝပိတ်မိသွားပြီ
ဂူထဲမှာ ဆရာတော်ဘယ်လိုနေမလဲ........।

စိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com

# ဂူထုံကူးတဲ့နေ့

ဒီလောကကြီးထဲမှာ.....၊

ထူးခြားတဲ့ အဖြစ်အပျက်၊ အကြောင်းအရာတွေ....၊

ဆန်းကြယ်တဲ့ ပညာရပ်တွေနဲ့....!

ထူးဆန်းတဲ့ လူထူးဆန်းတွေရှိတယ်ဆိုတာ လက်ခံသည်ဖြစ်စေ၊ လက်မခံသည်ဖြစ်စေ စာဖတ်သူ သိပြီးဖြစ်မှာပါ။

ဒီပေမဲ့...၊

တချို့လူတွေက ဒီလိုထူးဆန်းတဲ့ ဖြစ်စဉ်တွေကိုကိုယ်တိုင်မြင်တွေ့ ကြရတယ်။

ထူးဆန်းတဲ့လူတွေနဲ့ ဆုံကြတယ်၊ မယုံနိုင်အောင် ဆန်းကြယ်တဲ့ပညာရပ်တွေကို မြင်တွေ့ ခွင့်ရကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



လူတချို့ကတော့ ကိုယ်တိုင်ကိုယ်ကျ မြင်ခွင့်၊ တွေ့ ...
မရဘဲ သူတပါးပြောပြတဲ့ တစ်ဆင့်စကားကိုသာ ကြားသိမှ...
သားကြရတယ်။

အခု စာရေးသူတင်ပြမယ့် "ဂူထိုကူးတဲ့နေ့" အမည်...
တဲ့ ဖြစ်ရပ်မှန်ကိုတော့ ကိုယ်တိုင်၊ ကိုယ်ကျလေ့လာခွင့်ရခဲ့...
မိတ်ဆွေတစ်ဦးက ပြောပြခြင်းဖြစ်ပါတယ်။

အဲဒီမိတ်ဆွေကတော့ပဲခူးတိုင်းအရှေ့ခြမ်း၊ကျောက်...
ခါးမြို့နယ်၊ တောကျွဲအင်းမြို့က ဦးယုဆိုသူပဲဖြစ်ပါတယ်။

BURMESE CLASSIC

◆◆◆

ဦးယုက အောင်ဇေယျရပ်ကွက်မှာ နေထိုင်တယ်။

ရပ်မိရပ်ဖတစ်ဦးဖြစ်ပြီး ရပ်ကွက်ရဲ့ သာရေး နာရေး...
ပရဟိတအလုပ်တွေကို အသက်ရှင်နေစဉ်မှာ တတ်စွမ်းနိုင်သ...
လုပ်ပေးချင်တဲ့သူ၊

လုပ်ပေးနေတဲ့သူတစ်ယောက်လည်း ဖြစ်တယ်။

ဦးယုနဲ့ စာရေးသူဟာ ယခင်က သိကျွမ်းခင်မင်သူ...
မဟုတ်ကြဘူး....။

မကြာခင်ကမှ အလှူရေစက်ပါလို့ ပဌာန်းဆက်ရှိလို့...

www.burmeseclassic.com

www.burmeseclassic.com



တွေ့ ကြ၊ ဆုံကြရသူတွေ ဖြစ်ပါတယ်။

ပြီးဆုံးခဲ့တဲ့ ၂၀၁၆၊ ဧပြီ၊ မဟာသင်္ကြန်ကာလမှာ စာရေးသူတာ သားနှစ်ယောက်ဖြစ်တဲ့ ကိုထက်အောင်ကျော်၊ ကိုထက်အောင်ဇော်တို့ကို ရဟန်းခံဖို့ တောကျွဲအင်းမြို့လေးကို ရောက်ရှိခဲ့ပါတယ်။

ဆရာရင်။ အကာရင်းဖြစ်တဲ့ တရားတောခမ္မကထိက ဦးဇောတိပါလ သီတင်းသုံးနေထိုင်တဲ့ တောကျွဲအင်း၊ ပအိုဝ်ကျောင်းကို သွားရောက်ကြခြင်းပါ။

BURMESE CLASSIC

ကျောင်းကိုရောက်တော့ စာရေးသူရဲ့ရဟန်းခံအလှူမှာ အေသခံတစ်ဦးက သာသနာ့အမွေခံပြီး ကလေးတစ်ယောက်ကို ရှင်သာမဏေပြုပေးမယ့် အစီအစဉ်တစ်ခုပါရှိကြောင်း ဦးဇင်းက အမိန့်ရှိပါတယ်။

ရှင်သာမဏေပြုပေးမယ့် အလှူရှင်နှင့်လည်း တွေ့ပေးတယ်။

သူတို့ကတော့ ဦးယုနဲ့ သူ့ဇနီးပါ။ သူတို့ရဲ့ အငယ်ဆုံးသားလေး မောင်ပြည့်ဖြိုးဇော်ကို ရှင်သာမဏေဘောင် သွတ်သွင်းမှာဖြစ်ပါတယ်။

ဒီလိုနဲ့ စာရေးသူတို့မိသားစုနှင့် ဦးယုတို့မိသားစုတော

www.burmeseclassic.com



ထူးခြားတဲ့ နှစ်သစ်ကူး၊ မဟာသင်္ကြန်အခါသမယမှာ မြင့်မြတ်...
တဲ့ ကောင်းမှုကုသိုလ်ကို အတူတကွ ပြုလုပ်ဆင်နွှဲခဲ့ကြတယ်...

စာရေးသူတို့မိသားစုကို ဦးယုက သင်္ကြန်ဒုတိယအ...
ကြတ်နေ့ညနေမှာ အိမ်ကိုအလည်လာဖို့ဖိတ်ပြီး ထမင်းကျွေ...
ပါတယ်။

အလ္လာပ သလ္လာပစကားတွေပြောရင်း ဆိုရင်းက ထူ...
ဆန်းတဲ့ လူပုဂ္ဂိုလ်တွေအကြောင်း၊ ဆန်းကြယ်တဲ့ ပညာရပ်တွေ...
အကြောင်း ရောက်သွားတယ်။

အဲဒီမှာ ဦးယုက သူကိုယ်တိုင် မျက်မြင်ကိုယ်တွေ့ကြုံ...
တဲ့ လူထူးဆန်းတစ်ယောက်ရဲ့ ဂူထိုကူးဖြစ်စဉ်ကို စပြီးပြော...
ပါတော့တယ်.....။

◆ ◆ ◆

''အဲဒီနေ့က ဂူထိုကူးတဲ့နေ့.....၊

ဒီနေ့ ဒီရက် ဂူထိုကူးမယ်ဆိုတာ ကျွန်တော်မသိဘူး...
ထင်လည်းမထင်ဘူး....။

ဆရာတော်ရဲ့ ကျောင်းသင်္ခမ်းက ကျွန်တော့်လယ်တွေ...
နဲ့ မလှမ်းမကမ်းမှာရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က သောက်ရေအိုးလှူချင်စိတ်ပေါ်လို့ ရေအိုး အသစ်နှစ်လုံးဝယ်ပြီး သွားပို့တာ.....။

ကျွန်တော်ရောက်တဲ့အချိန်မှာ လူတွေတော်တော်များ များ ရောက်နေပြီ.....၊

လူတွေထဲမှာ မြို့ကလူကြီးတွေပါတယ်၊ ရဲအရာရှိတွေ လည်း တွေ့ရတယ်။

နောက် ဒြိုး မြို့ကရော၊ အခြားမြို့တွေကပါလာတဲ့ ဆရာ တော်ရဲ့ တပည့်တပန်းတွေရော.......၊

သတင်းကြားလို့ မမြင်ဘူးလို့ လာကြည့်တဲ့သူတွေရော လူလေးငါးဆယ်လောက်ရှိတယ်။

ဗီဒီယိုမှတ်တမ်းတင် ရိုက်ကူးမယ့်သူကိုလည်း ဗီဒီယို တင်မရာထမ်းပြီး ရိုက်ကူးနေဟာ တွေ့ရတယ်။

ကျွန်တော်လည်း စိတ်ဝင်စားတာကြောင့် လူတွေနဲ့အ တူရောပြီး လေ့လာနေမိတယ်။

ဆရာတော်က ဂူထဲမဝင်မီ ဂူကိုစစ်ဆေးကြဖို့မိန့်တယ်။

ဂူရဲ့အကျယ်က အလျားငါးပေ၊ အနံငါးပေလောက်ပဲ ကျယ်တယ်။

လူတစ်ယောက်လှဲပြီး အိပ်ရင်တောင် ခြေဆန့်ပြီးအိပ်



www.burmeseclassic.com

www.burmeseclassic.com



လို့မရတဲ့ အကျယ်အဝန်း။

အဲဒီအကျယ်အဝန်းလေးထဲမှာမှ ဆရာတော်ကျိန်းစက်ဖို့ နေရာ၊ သောက်ရေအိုးနှစ်လုံး၊ ဖယောင်းတိုင် အမွှေးတိုင်ထုပ်နဲ့ မီးခြစ်ရှိတယ်။

ခြေရင်းဘက်မှာ ကျပ်ကြီးကျင်ငယ်စွန့်ဖို့ အိုးလေးနှစ်လုံးရှိတယ်။

ပြောရရင် အခန်းကျဉ်းလေးထဲမှာ ပြည့်နေတယ်။

တစ်ခုသတိထားမိတာက အစာစားဖို့ အသီးအနှံ၊ မုန့်ပဲသရေစာ ဘာမှမရှိဘူး။

ဆရာတော် ဂူထဲဝင်စဉ်ကာလတစ်လျှောက်လုံးမှာ ရေကလွဲပြီး ဒီးစားအသောက် မဘုဉ်းပေးဘူးလို့ သိရပါတယ်။

ဂူရဲ့လေးဘက်လေးတန် နံရံပြင်တွေမှာ လေဝင်နိုင်တဲ့ အပေါက်မရှိဘဲ အလုံပိတ်နံရံတွေ ဖြစ်တယ်......။

နံရံတစ်ဖက်မှာ သုံးလက်မလောက်ကျယ်ပြီး လေမဝင်နိုင်အောင် မှန်အကြည်အသေ တပ်ဆင်ထားတယ်။

အဲဒီမှန်ပေါက်ကနေ ဂူရဲ့အတွင်းကို ကောင်းကောင်းမြင်နိုင်တယ်။

ဂူရဲ့အမြင့်က လူတစ်ယောက်လွတ်ရုံပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



အံရုပ်မြင့်သူဖြစ်ရင်တောင် သိပ်မလွတ်ချင်ဘူး....၊

ဂူထဲမှာနေရတာ အရမ်းကျဉ်းကျပ်လွန်းတယ်လို့ ခံစား ခဲ့ရပါတယ်။

ငါးမိနစ်လောက် ဝင်ကြည့်မိတာတောင် အသက်ရှုရ တာ ခက်ခဲလာတယ်၊ အဲဒီနောက် ဂူပြင်ကို အမြန်ထွက်ခဲ့ရတယ်။

ဆရာတော်က ဒီဂူထဲမှာအလုံပိတ်ပြီး ခုနစ်ရက်တိတိ နေမယ်တဲ့....၊

ကျွန်တော် ခေါင်းကိုယမ်းခါမိတယ်။

"အယ်လိုမှ မဖြစ်နိုင်ဘူး...." လို့လည်း တွေးမိတယ်။

ဂူထဲကနေ အပြင်ကိုထွက်နိုင်တဲ့ လျှို့ဝှက်တံခါး၊ ဥမင် လိုဏ်ခေါင်း စတာတွေမရှိတာကို အားလုံးမျက်မြင်စစ်ဆေးပြီး မှ ဆရာတော်က ဂူထဲဝင်တယ်။

ဆရာတော်ဂူထဲဝင်သွားတာနဲ့ အသင့်စောင့်နေတဲ့ ပန်း ရံအဖွဲ့က ဂူဝင်ပေါက်ကို အုတ်ခဲစီ၊ ဘိလပ်မြေသရိုးကိုင်ပြီး ပိတ် တယ်။

ဗီဒီယိုသမားကလည်း ဖြစ်စဉ်တွေကို အားလုံးပါဝင် အောင် အစအဆုံးအသေးစိတ် လိုက်ရိုက်နေတယ်။

အုတ်တွေ တစ်လွှာပြီးတစ်လွှာတက်လာတဲ့အတိုင်း ဂူ



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ကလည်း တဖြည်းဖြည်းကျဉ်းမြောင်းနေတယ်။

နောက်ဆုံးမှာတော့ ဂူပေါက်ကိုလုံးဝပိတ်မိသွားပြီ...။

ဆရာတော်မှာထားတဲ့အတိုင်းမြင်ပလေမဝင်နိုင်အောင် မျက်နှာပြင်ကို အင်္ဂတေနဲ့ အချောကိုင်ပိတ်လိုက်တယ်။

ဂူထဲမှာ ဆရာတော် ဘယ်လိုနေမလဲ......။

သိချင်တဲ့စိတ်တွေကြောင့် လူပရိသတ်တွေဟာ မှန် ပေါက်လေးကနေ ဂူထဲကိုကြည့်ကြတယ်။

ကျွန်တော်ကြည့်တဲ့အချိန်မှာ ဆရာတော်ဟာ ဇယောင်း တိုင်၊ အမွေးတိုင်တွေထွန်းညှိ ဘုရားပူဇော်တယ်။

ပြီးတာနဲ့ တရားထိုင်နေတယ်။

သိပ်မကြာဘူး။ တကယ့်ခဏလေးဆိုမှ ခဏလေးပဲ။

"ဂူထဲမှာ ဆရာတော်မရှိတော့ဘူး....." လို့ တစ်စုံတစ် ယောက် အော်သံကြားတယ်။

ပရိသတ်အ**း**လုံးလိုလိုဟာ မှန်ပေါက်ကနေ ဂူထဲကို အပြေးအလွှားကြည့်ကြတယ်။

ဟုတ်တယ်၊ စောစောတုန်းကပဲ တရားထိုင်နေတဲ့ဆရာ တော်ဟာ ခုချိန်မှာ ဂူထဲကပျောက်ခြင်းမလှ ပျောက်သွားပြီ...။

မှန်ပေါက်ကသေးပေမယ့် ဂူအတွင်းပိုင်းကိုနေရာလပ်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်အောင် မြင်နိုင်တဲ့အနေအထားရှိတယ်။

ဆရာတော်တာ ဂူထဲမှာလုံးဝမရှိတော့ဘူး။

ဂူထဲမှာမရှိရင် ထူးခြားတဲ့အစွမ်းသတ္တိနဲ့ ဂူပြင်ကိုထွက်သွားတာပဲဖြစ်မယ်.....။

ကျွန်တော် ထင်လိုက်တယ်။

မျက်လှည့်ပွဲတွေမှာကြည့်ရသလို ဆရာတော် လူအုပ်ကြားထဲက၊ ဒါမှမဟုတ်လည်း ဂူအပြင်တစ်နေနေရာကနေ ထွက်လာမယ်လို့.....၊

ပရိသတ်တွေလည်း ကျွန်တော့်လိုပဲ ထင်နေကြတယ်။

"ဆရာတော် ဘုရား......"

"ဆရာတော် ဘုရား......"

"ဆရာတော် ဘုရား......"

လူတွေရဲ့နှုတ်ကနေ ကျောင်းဝင်းအတွင်း နေရာအနှံ့လိုက်ရှာရင်း တကြော်ကြော်အော်တစ်ခေါ်နေကြတယ်......။

ခဏနေတော့ အသံကြီးတစ်သံကြားလိုက်ရတယ်။

"ငါ ဘယ်မှမသွားဘူး။ ရှိပါတယ်ကွ....." တဲ့။

အသံက ဆရာတော့်အသံ၊ ဒါပေမဲ့ ဘယ်နေရာက ပြောနေတယ်ဆိုတာ ခွဲခြားလို့မရဘူး။

www.burmeseclassic.com

www.burmeseclassic.com



မြေပြင်အထက် လေဟာပြင်ထဲကလား.....၊

ဂူထဲကလား.....။

အရှေ့ အနောက်၊ တောင်၊ မြောက် ခွဲခြားလို့မရတဲ့ တစ်နေရာရာက ထွက်လာတဲ့အသံလား.....။

ကျွန်တော်ရော၊ ပရိသတ်အားလုံးရော မသိနိုင်၊ မခွဲနိုင်ကြဘူး......။

ဒါပေမဲ့ ဆရာတော်ရဲ့အသံကိုတော့ အားလုံးကြားလိုက်ရတာ အမှန်ပဲ.....၊

တော်တော်လေးကြာတော့ "ဆရာတော် ဂူထဲပြန်ရောက်နေပြီ" ဆိုတဲ့စကားသံ ကြားလိုက်ရတယ်။

လူတွေ တိုးဝှေ့ကြည့်ကြတယ်၊ ကျွန်တော်လည်း ကြည့်တယ်။

ဟုတ်တယ်၊ ဆရာတော်တာ စောစောက ကျွန်တော်မြင်ခဲ့တွေ့ခဲ့တဲ့အတိုင်းတရားထိုင်နေလျက်တွေ့လိုက်ရပါတယ်"

ဦးယုတ သူကိုယ်တိုင် မျက်မြင်ကိုယ်တွေ့ ကြုံခဲ့ရတဲ့ ဂူထုံကူးတဲ့နေ့က အဖြစ်အပျက်ကို အဆုံးသတ်လိုက်တယ်။

"အမိဋ္ဌာန်ရက်စေ့တော့ အစ်ကိုယုသွားကြည့်သေးလား၊ ဘာတွေတွေ့လဲ....."

www.burmeseclassic.com

www.burmeseclassic.com



စာရေးသူက ဦးယုကိုမေးကြည့်တယ်။

"အဲဒီနေ့က အလုပ်တစ်ခုနဲ့ခရီးသွားရလို့ ကျွန်တော် ရောက်လိုက်ဘူး။

နောက်တစ်နေ့ ဝိုင်းစမ်းမေးမြန်းကြည့်တော့၊

ရုပေါက်ပိတ်ထားတဲ့ အုတ်ခဲတွေကို တူတွေနဲ့ထုခွဲပြီးဖြ တယ်၊

ဆရာတော်ကို လန်းလန်းဆန်းဆန်း။ ကျန်းကျန်းမာ မာ တွေ့ရှိရတယ်လို့ သိရပါတယ်....."

ဦးယုက သူ့ဇာတ်လမ်းကို နိဂုံးချုပ်လိုက်ပြီ ဖြစ်ပါတယ်။ သို့ပေမဲ့ စာရေးသူရဲ့စိတ်အတွေးထဲမှာတော့ နိဂုံးမချုပ် နိုင်သေးပါ။

မြေထုံကူးတယ်၊ ရေထုံကူးတယ်ဆိုသော စကားဝေါ ဟာရများ ကြားဖူးသော်လည်း ထုံကူးသည်ဆိုသော အဖြစ်အ ပျက်များကိုတော့ လက်တွေ့မမြင်ဖူးခဲ့၊ ကြုံလည်း မကြုံကြိုက်ခဲ့။

"ထုံကူးတယ်ဆိုတာ လောကီထွက်ရပ်လမ်း လိုက်တဲ့ ပုဂ္ဂိုလ်တွေ မဖြစ်မနေဖြည့်ကျင့်လုပ်ဆောင်ရတဲ့ ပညာရပ်တစ် မျိုး" တု မိတ်ဆွေတစ်ယောက်ပြောတာ မှတ်သားဖူးပါတယ်။

ထိုစကား တုတ်– မတုတ်၊ မှန်– မမှန်တော့ စာရေးသူ

www.burmeseclassic.com



မသိပါ။

လောကီပညာဖြင့် မြေလျှိုးမိုးပျံနိုင်သော အတတ်ပညာ
လောဟု တွေးမိတယ်။

တစ်ခုတော့ စိတ်ထဲမှာ ခွဲခွဲခြားခြားသိမြင်တယ်။

ဒီလောကီပညာက မျက်လှည့်ပညာ၊ ဆပ်ကပ်ပညာ
လို ပညာရပ်တစ်ခု မဟုတ်ဘူးဆိုတာပါ။

လူတစ်ယောက်ကို လက်ထိပ်ခတ်၊ ခြေထိပ်ခတ်၊ တ
ကိုယ်လုံးကိုလည်း သံကြိုးတွေအထပ်ထပ်ရစ်ပတ်၊ သော့တွေ
တစ်လုံးပြီးတစ်လုံး ခတ်လိုက်။

သူ့ကို သေတ္တာထဲထည့်၊ သေတ္တာကိုလည်း သော့ခတ်
ဦး.....။

နောက် ရေနက်ထဲကိုပစ်ချလိုက်။

မိနစ်အနည်းငယ်အတွင်း ထိုသူ လက်ထိတ်၊ ခြေထိ
တွေ၊ သံကြိုးတွေ၊ သော့တွေစတဲ့ အနှောင်အဖွဲ့တွေကလွတ်၊

သော့ခတ်ထားတဲ့ သေတ္တာထဲကထွက်ပြီး ရေပေါ်
လာတဲ့ပြကွက်တွေကို မျက်လှည့်ပြကွက်၊ ဆပ်ကပ်ပြကွက်
ဖြစ် ကြည့်ဖူးပါတယ်။

ဒါက မျက်လှည့်ပညာ၊ ဆပ်ကပ်ပညာသာဖြစ်ပြီး ထို

www.burmeseclassic.com

www.burmeseclassic.com



ကူးတဲ့လောကီပညာ မဟုတ်ပါ။

လောကီပညာစစ်စစ်ဆိုပါက ဂါထာတစ်ပုဒ်၊ မန္တန်တစ်ခုပ်နဲ့ ခြေထိုတ်၊ လက်ထိတ်ကြိုး အနှောင်အဖွဲ့မှန်သမျှ အလိုလိုပြုတ်ထွက်......။

ဂါထာစောင့်၊ မန္တန်စောင့်၊ နတ်နဂါးအစောင့်အရှောက်တွေက သူသွားလိုရာအရပ်၊ ချက်ချင်းရောက်အောင် ပို့ပေးမယ်။

ဒီလိုပညာရပ်မျိုးလို့ စာရေးသူထင်ပါတယ်။

မြေထိုကူးတဲ့ သတင်းတစ်ပုဒ် ဂျာနယ်တစ်စောင်မှာ နှစ်အတော်ကြာကြာက ဖတ်ခဲ့ဖူးပါတယ်.....၊

(လျှပ်တစ်ပြက်ဂျာနယ်လို့ ထင်ပါတယ်)

ဘိုးတော်တစ်ယောက်က မြေထိုကူးသည်ဟုဆိုကာ အခေါင်းထဲထည့်၊ မြေမြှုပ်ခံတဲ့ဖြစ်ရပ်ပါ။

ဒါပေမဲ့ ဘိုးတော်က ဘိုးတော်လိမ်ပါ။

အခေါင်းမှာ ဖွင့်လို့ပိတ်လို့ရတဲ့ တံခါးတစ်ခုတပ်ထားတယ်။

မြှုပ်တဲ့ကျင်းမှာလည်း လျှို့ဝှက်ဖောက်ထားတဲ့ လိုဏ်ခေါင်းတစ်ခု ရှိနေတယ်။

ဒါကို ဂျာနယ်သတင်းထောက်က ဖော်ထုတ်ပြီး အခင်း

www.burmeseclassic.com

www.burmeseclassic.com



အညာဖြစ်ကြောင်း ပြည်သူကိုတင်ပြခဲ့ပါတယ်။

အခြားသတင်းတစ်ပုဒ်ကတော့ ရေထုံကူးတဲ့ဖြစ်စဉ်ပါ

ဒေသတစ်ခုမှာ နာမည်ကြီးထင်ရှားတဲ့ ဘိုးတော်တ

ယောက်ပါပဲ.....။

ရေထုံကူးပြမယ်ဆိုပြီး ကြွေးကြော်တယ်။

လူပရိသတ်ရှေ့မှာပဲ ရေထုံကူးပြတယ်။

တိုင်တစ်လုံးမှာ သူ့ကိုကြိုးနဲ့ အထပ်ထပ်တုပ်နှောင်

တယ်။

ပြီးတာနဲ့သူ့ကို ရေထဲမှာမြုပ်အောင် တိုင်ကိုစိုက်နိုင်

တယ်။

သုံးနာရီလောက်ကြာလို့ ဖော်ကြည့်တော့ အသက်

ပျောက်နေတဲ့ ဘိုးတော်ကိုတွေ့ရတယ်။

ရေနဲ့ ဆရာဝန်ရဲ့စစ်ဆေးချက်အရ အဆုပ်ထဲရေဝင်ပြီ

(ရေနစ်ပြီး) သေဆုံးနေတာပါတဲ့။

ဒီကိုပဲ အသေထွက်-ထွက်တယ်ပြောရမလား။

အနှောင့်အယှက်ရှိလို့ ရေထုံကူးမအောင်မြင်ဘဲ အသ

ထွက်သွားတယ် ပြောရမလား။

တစ်ခုခုတော့ ပြောကြဦးမှာပါ။

www.burmeseclassic.com

www.burmeseclassic.com



ဦးယုပြောပြတဲ့ ဆရာတော်ရဲ့ဂူထုံတူးမှုဖြစ်စဉ်ကို စာရေးသူ မျက်မြင်ကိုယ်တွေ့မဟုတ်တဲ့အတွက် ဘာမှမဝေဖန်၊ မပြောကြားလိုပါဘူး။

ဦးယုပြောတဲ့၊ မြင်တဲ့အတိုင်းသာ အမှန်ဆိုရင်တော့ ထူးခြားဆန်းကြယ်တဲ့ ဆရာတော်ရဲ့လောကီပညာလို့ ပြောရမှာပါ။

အစာမစားဘဲ ခုနစ်ရက်နေနိုင်တာကို မအံ့ဩပါနဲ့ဦး။

လေဝင်လေထွက်မရှိ၊ ကျဉ်းမြောင်းလှတဲ့ဂူလေးထဲမှာ ခုနစ်ရက်နေနိုင်တာကို မချီးမွမ်းပါနဲ့ဦး....။

ဂူထဲက ပျောက်သွားတဲ့ပညာနဲ့၊

"ဘယ်မှ မရှာနဲ့ ငါရှိတယ်" လို့ ပြောနေပေမဲ့ လူလည်းမတွေ့၊ အသံကလည်း ဘယ်နေရာကထွက်နေ၊ ပြောနေမှန်းမသိတဲ့ ပညာရပ်ကိုတော့ အံ့ဩချီးမွမ်းစွယ် လောကီပညာလို့ပြောရမှာ ဖြစ်ပါတယ်....။

◆◆◆

www.burmeseclassic.com

www.burmeseclassic.com



## ထူးဆန်းတဲ့ ပုဂ္ဂိုလ်

ဦးယုဆီက ဂူထုံကူးတဲ့နေ့ အဖြစ်အပျက်ကိုကြားသိပြ
တဲ့နောက်မှာ စာရေးသူအနေနဲ့ ဆရာတော်ကို စိတ်ဝင်စား
တယ်။

စာဖတ်သူအနေနဲ့လည်း ပြည့်ပြည့်စုံစုံသိရှိပြီး ဝေ
ဆန်းစစ်ကြည့်စေချင်တယ်။

ဒါကြောင့် လူပုဂ္ဂိုလ်အချို့နဲ့ ရဟန်းသံဃာအချို့ဆီမှ
ဂူထုံကူးတဲ့ဆရာတော်နဲ့ ပတ်သက်တဲ့ အချက်အလက်အချို့
စုံစမ်းမေးမြန်း တင်ပြလိုက်ပါတယ်။

"ဆရာတော်နေတဲ့ ကျောင်းသင်္ခန်းက သပိတ်ချောင်
ရဲ့အနီးမှာ ရှိပါတယ်.....။

ဆရာတော်ဟာ သပိတ်ချောင်းကမ်းပါးက မြို့တော
ခုထဲမှာ ရွှေတောင်းဘုရားပျက် အုတ်ပုံတစ်ပုံတွေ့လို့ အဲဒီအုတ်
ပုံမှာ ဘုရားလေးတစ်ဆူတည်ခဲ့တယ်။

နောင်မှာ ချောင်းရေတိုက်စားပြီး ဘုရားရေမျောသွား
ခဲ့တယ်လို့ ဆိုပါတယ်။

စိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



အသက်(၆၀)ကျော် စစ်သားလူထွက်ကြီးတစ်ယောက် ပြောတာကတော့....၊

"ကျုပ်တို့ငယ်ငယ်ကတည်းကဒီဆရာတော်ဟာကိုရင် ကြီးအရွယ်.....၊

ခုထက်ထိလည်း ကိုရင်ကြီးအရွယ်ပဲ...." ပါတဲ့။

"ဆရာတော်ရဟန်းခံတာ ခန့်မှန်းခြေ ငါးဝါ၊ ခြောက်ဝါ လောက်ပဲ ရှိဦးမယ်ထင်တယ်....၊

ရဟန်းမခံမီတစ်လျှောက်လုံးမှာ......၊

တစ်ခါတစ်ခါ ရသေ့ကြီးအဝတ်အစားနဲ့ ရသေ့အသွင် တွေ့ရတယ်......၊

တစ်ခါတစ်ခါကျတော့ ဇော်ဂျီလို ဦးထုပ်ပါင်းနဲ့ အနီရောင် အင်္ကျီရှည်နဲ့ တွေ့ရတယ်၊

ရံဖန်ရံခါကျတော့လည်း သင်္ကန်းဝတ်ပြီး၊ ကိုရင်ကြီး သဝနဲ့ တွေ့ရတယ်။

ဒီလိုပြုမူနေထိုင်တာကြောင့်ဇွက်ရပ်ပေါက်လမ်းလိုက် နေတာလို့ ပြောသူရှိသလို.....၊

မြေလျှောက်ပိဋကလို့ ထင်သူကလည်း ထင်ကြတယ်။

မယုံကြည်တဲ့စိတ်နဲ့ အကောင်းမမြင်သူတွေလည်း ရှိ

www.burmeseclassic.com

www.burmeseclassic.com



တယ်။

ဘယ်သူတွေ ဘယ်လိုပဲပြောပြော…၊

သူ့ကို ယုံကြည်ကိုးကွယ်သူ၊ လှူဒါန်းထောက်ပံ့နေသူ တွေကလည်း အများအပြားပါပဲ။

သူ့ဂုဏ်လည်း သူ့လမ်းစဉ်အတိုင်း သူလုပ်ပြီး သူ့လမ်း သူ လျှောက်နေမြဲပါပဲ။

"ဒို့ကို မယုံဘူးလားတော့…၊

တစ်နေ့ကျ ဒို့အကြောင်းသိမှာပေါ့ကွာ…" လို့ ပြောခဲ့ တဲ့အကြောင်းကို မိတ်ဆွေတစ်ယောက်က ပြောပါတယ်။

အခြားသူ တစ်ယောက်ကလည်း……၊

"ဘာပဲပြောပြော၊ သူ့မှာ တစ်ခုကောင်းရှိတယ်ဆိုတာ ကတော့ အသေအချာပဲဗျ။

စစ်တောင်းမြစ်အရှေ့ဘက်၊ ကျောက်ကြီးမြို့နယ်ထဲမှာ ရှင်သီဝလိစေတီတော်ရာ နှစ်ဆူရှိတယ်၊

တစ်ဆူက ကျောက်ကြီးမြို့ စေတီတော်ရာတောင် ဘုရား မှာ……၊

ကျန်တဲ့တစ်ဆူက ကျောက်ကြီးမြို့နယ်၊ မုန်း ချောင်းထဲ က မြေတောင်မှာတဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဒီဆရာတော်က မြွေတောင်မှာ ရှင်သီဝလိဖြေတော်ရာ ရှုရင်း ဆရာတော်တစ်ပါးနဲ့ တွေ့ပြီး ဓါတ်လုံးတစ်လုံး ရခဲ့တယ် ဆိုလား......၊

အဲဒီလို ကြားဖူးတာပဲ.....” လို့ ပြောပါတယ်။

“ဆရာတော် ရတနာသုံးပါး ရောက်သွားပုံကလည်း ထက်လာမ်းလေးပဲဗျို့.....”

တစ်ခါက တပ်မတော်စစ်ကြောင်းတစ်ခု ပဲခူးရိုးမပေါ် တက်ရင်း....၊

တောင်ကျချောင်းထဲကို သေနတ်တစ်လက်ပြုတ်ကျ သွားတယ်။

တာဝန်ရှိသူတွေက သေနတ်ပြန်ရဖို့ ရေငုပ်သမားတွေ ငှားပြီး ရှာကြဖွေကြ၊ ကြိုးစားကြတယ်။

ရက်တွေသာ ကြာသွားတယ်၊ သေနတ်ကတော့ ပြန် မရသေးဘူး။

နောက်တော့ တာဝန်ခံအရာရှိက ဆရာတော်ရဲ့သတင်း ကြားပြီး သွားရောက်အကူအညီတောင်းတယ်။

အဲဒီတုန်းက ရတနာ်းမဖြစ်သေးဘူး။ ကိုရင်ကြီးသာဝနဲ့ လို့ ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဆိုကြပါစို့ ကိုရင်ကြီးကိုယ်တိုင် ရှိုးမပေါ်လိုက်သွား တယ်။

"မကြာခင်တွေ့မယ်၊ ကျိန်းသေ ပြန်ရမယ်" လို့ ပြော ပြီး ပြန်ခဲ့တယ်။

သုံးရက်မြောက်နေ့မှာပဲ သေနတ်ပြန်ရတယ်။

တာဝန်ခံအရာရှိလည်း ဝမ်းသာအားရနဲ့ အကျိုးအ ကြောင်း လာပြောတယ်။

ကိုရင်ကြီးကိုလည်း ရတာန်းခံပေးခဲ့တယ်။

အဲဒီအချိန်ကနေ ယနေ့အထိ ရတာန်းဘဝနဲ့မြဲနေတော့ တာပဲ......" လို့ မိတ်ဆွေတစ်ယောက်က ပြောပြတယ်။

စာရေးသူတာ ဂုထိုက်ကူးတဲ့ဆရာတော်နဲ့ ပတ်သက်ပြီး အခြားရဟာန်းတစ်ပါးကို လျှောက်ထား မေးမြန်းကြည့်ပါတယ်။

"ရဟာန်းဘဝမရောက်မီ တစ်ချိန်တုန်းကတော့ သူ့ရဲ့ အပြုအမူ၊ အနေအထိုင်တွေက ပုံမှန်မဟုတ်တဲ့ အပြုအမူ၊ အနေ အထိုင်တွေဆိုတော့ ပြောရခက်သား...၊

ဘယ်လိုပဲဖြစ်ဖြစ်၊သူလုပ်နေတဲ့အလုပ်တွေကတော့ဘာ ရားတည်တယ်၊ ကျောင်းဆောက်တယ်၊ ဘာသာရေး သာသနာ ရေးတွေ လုပ်နေတာတွေ့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



အခုလည်း လေးသယ်ဖုံးတောင်ပြည့် စေတီကြီးတစ်ဆူ တည်နေတယ်။

တော်တော်တောင် ခရီးပေါက်နေတာ တွေ့ရတယ်။

ဒီလိုကြီးမားတဲ့ စေတီကြီးတည်ဖို့ဆိုတာ တော်ရုံအစွမ်း အစနဲ့ မဖြစ်နိုင်ဘူး.....၊

ဒါကိုတော့ လက်ခံရမှာပဲ...." လို့ အမိန့်ရှိပါတယ်။

ဆရာ့ ဘက်နဲ့ပတ်သက်၍ စာရေးသူလက်လှမ်းမီသ လောက် မေးမြန်း စုံစမ်းထားမှုတွေကို အရင်းအံ့တိုင်းတင်ပြ လိုက်ခြင်း ဖြစ်ပါတယ်။

ဒီအချက်အလက်တွေမှာ မှန်တာတွေပါသလို၊ ယုံမှား သံသယဖြစ်စရာစကား၊ ချဲ့ကားထားတဲ့စကားတွေလည်း ပါနိုင် ပါတယ်။

စာဖတ်သူအနေနှင့် ချင့်ချိန်တွေးဆပြီး နှစ်သက်သလို ထင်မြင်ယူဆနိုင်ပါတယ်။

ဆရာတော်ရဲ့ကျောင်းက စာရေးသူရောက်နေတဲ့ မြို့ လေးနဲ့ အလှမ်းမဝေးပေမဲ့ အကြောင်းမညီညွတ်တဲ့အတွက် စာ ရေးသူ မသွားရောက်နိုင်ခဲ့ပါ။

သို့အတွက် ရရှိတဲ့အချက်အလက်တွေကိုအတည်ပြုနိုင်



www.burmeseclassic.com

www.burmeseclassic.com



ခြင်းမရှိခဲ့။

သို့အတွက် စာပတ်သူကို တောင်းပန်အပ်ပါတယ်။

နောင်မှာ ဆရာတော်နဲ့ပတ်သက်တဲ့ ထူးခြားဖြစ်စဉ်တွေ ရှိရင်တော့ တိတိကျကျစုံစမ်းပြီး ဆက်ဆက်တင်ပြပေးပါ့မယ်လို့ ကတိပြုပါတယ်။ ။

◆◆◆◆◆

www.burmeseclassic.com

www.burmeseclassic.com

# ကျွန်မ ဘယ်မှာနေရမလဲ

မသန်းနုရဲ့အသုဘက ရွာမှာ
ပြောစမှတ်ဖြစ်သွားတယ်......။
တန်ခူးလဆန်း (၁)ရက်နေ့ သေတယ်။
(၂)ရက်နေ့မှာ သင်္ချိုင်းပို့ပြီး သင်္ဂြိုဟ်တယ်.....၊
(၃)ရက်နေ့ကျ ရက်လည်ဆွမ်းသွတ် တရားနာတယ်။
သားဖြစ်တဲ့ ရဲသွေး၊ တပ်က ခွင့်မရတာကြောင့်
အမြန်ပြန်လာ၊ ချက်ချင်း သင်္ဂြိုဟ်၊
ကမန်းကတန်း ဆွမ်းသွတ်လိုက်ရတာ.....။
ဒါကို မကျေနပ်တဲ့သူ ပေါ်လာတယ်.....၊
သူကတော့...၊ သေသူ မသန်းနုပဲဖြစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com

# ကျွန်မ ဘယ်မှာနေရမလဲ

မသန်းနု ဆုံးသွားပြီ.....၊

ဓမ္မပါး ရောဂါနဲ့ပါပဲ......။

ဆုံးတဲ့နေ့က တန်ခူးလဆန်း ၁ ရက်နေ့။

မသန်းနုအသက်က ငါးဆယ့်လောက်ရှိပြီ။

လင်ကိုယ်မယား နှစ်ယောက်ထဲနေတာမို့ အိမ်မှာသူ့ယောက်ျားအုန်းမြင့်ပဲ ကျန်ရစ်ခဲ့တယ်။

သူတို့လင်မယားက သားတစ်ယောက်ပဲ ထွန်းကားတယ်၊ သားရဲ့နာမည်က ရဲသွေးတဲ့.....။

ရဲသွေးက ပြင်ဦးလွင်မှာရှိတဲ့ တပ်မတော်တပ်ရင်းတစ်ခုမှာ တာဝန်ထမ်းဆောင်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



မသန်းနုဆုံးပြီဆိုတာနဲ့ ချက်ချင်းပဲ အုန်းမြင့်က သား ဆီကိုဖုန်းဆက်ပြီး.....၊

မိခင်ဆုံးပါးသွားတဲ့အကြောင်း အကြောင်းကြားဖို့ စိစဉ် တယ်။

တပ်မတော်သားဆိုတာမျိုးက တိုင်းပြည်အရေးကိုသာ ရှေ့တန်းတင်ထားကြသူတွေ၊ ကိုယ်ရေးကိုယ်တာကိစ္စမှန်သမျှ နောက်တန်းမှာပဲ ထားကြရတယ်.....။

အဲ့ကြောင့် ရဲသွေး တပ်ရင်းမှာရှိမှရှိပါ့မလားလို့ ကိုအုန်း မြင့် စိတ်ပူမိတယ်။

ကံအားလျော်စွာပါပဲ ရဲသွေးနဲ့ ဖုန်းအဆက်အသွယ် ရတယ်၊ ရဲသွေး တပ်ရင်းမှာရှိနေတယ်။

အုန်းမြင့်က မသန်းနု ဆုံးသွားတဲ့အကြောင်း ပြော တယ်။

ဖြစ်နိုင်ရင် မိခင်ကြီးရဲ့ နောက်ဆုံးခရီးရှာပနမှာ သားရဲ သွေးရှိစေချင်တယ်။

အတူတကွ မိခင်ကြီးအတွက်ရည်စူးပြီး ကောင်းမှုကု သိုလ်ပြုလုပ်ချင်တယ်လို့ ပြောလိုက်တယ်။

"ကျွန်တော် တပ်ခွဲမှူးကိုသတင်းပို့ပြီး ခွင့်တောင်းပါ့မယ်

www.burmeseclassic.com

www.burmeseclassic.com



အဖေ.....၊ ခွင့်ရတာနဲ့ ချက်ချင်းလာခဲ့ပါ့မယ်....”လို့ သားကပြော တယ်၊ ပြီးတော့ ဖုန်းချလိုက်တယ်။

တုတ်တော့လည်း တုတ်တယ်၊ တပ်မတော်သားဆိုတာ နဲ့ သူ့ကိုတိုင်းပြည်က ပိုင်သွားပြီ။

တိုင်းပြည်အရေးက နံပါတ် (၁)၊ ကိုယ့်ကိစ္စက နံပါတ် (၂)ဆိုတာ အုန်းမြင့်သဘောပေါက်တယ်.....၊

ဒါပေမဲ့ သားကိုလာစေချင်တယ်.....။

ရဲသွေးအနေနဲ့ မိခင်ကြီးကိုကန်တော့ခွင့်ရပါစေလို့ ဆု တောင်းတယ်။

သူ့ဆုတောင်း ပြည့်ပါတယ်။

ရဲသွေး ညတွင်းချင်းပဲ ရွာကိုရောက်လာတယ်၊ သူ့မိန်းမ ကလျာနွယ်လည်း ပါလာတယ်။

ရောက်ရောက်ချင်းဆိုသလိုရဲသွေးကသူ့အဖေအုန်းမြင့် ကို ပြောတယ်။

“ကျွန်တော် ကြာကြာနေလို့မရဘူး အဖေ၊

တပ်ခွဲမှူးက ခွင့်သုံးရက်ပဲပေးလိုက်တယ်......၊ ဒါတောင် မိခင်အရင်း ဖြစ်နေလို့၊

ညီအစ်ကို မောင်နှမဆိုရင်တောင် ရမှာမဟုတ်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ဟာလည်း အမေ့ကိုသတိရချင်တယ်၊ ရက်လည်ဆွမ်းသွတ်တဲ့အထိလည်း ရှိချင်တယ်.....၊

အဲဒါကြောင့် ဒီလိုလုပ်ချင်တယ် အဖေ.....”

ရဲသွေးက သူလုပ်ချင်၊ သူဖြစ်ချင်တာကို ပြောတယ်။

ဒုန်းမြင့် ရပ်ကွက်လူကြီးတွေနဲ့ ညှိနှိုင်းတိုင်ပင်ကြည့်တယ်။

ရဲသွေးလုပ်ချင်တဲ့အလုပ်က ရွာမှာဘယ်သူမှ မလုပ်ဖူးဘူး။ ထုံးစံလေ့လည်း မရှိဘူး။

ဒါပေမဲ့ ဘယ်သူမှမငြိုက်ဘူး။ ရွာကိုလည်း ထိခိုက်မှာမတွေ့ဘူး။

သားတစ်ယောက်အနေနဲ့ သူဖြစ်ချင်တာကို ဆန္ဒရှိတဲ့အတိုင်း ပြောတာ.....။

ရွာလူကြီးတွေ နားလည်ပေးတယ်။

ဒီနေ့သေတဲ့ မသာန်းနုကို မနက်ဖြန်၊ သုသာန်ပို့ပြီး သင်္ဂြိုဟ်မယ်.....၊

သဘာက်ခါ ရက်လည်ဆွမ်းသွတ်မယ်တဲ့.....၊

ဒုန်းမြင့်တို့ သားအဖရဲ့ဆန္ဒအတိုင်း လုပ်ကိုင်ဆောင်ရွက်ခွင့် ပြုလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ရဲသွေးတို့လင်မယားကလည်းရက်လည်ဆွမ်းသွတ်ပြီ
ပြီးချင်းပြန်နိုင်ဖို့ အစီအစဉ်ဆွဲတယ်....။

ရှာလူကြီးတွေ ခွင့်ပြုတဲ့အတွက် အုန်းမြင့်ရော၊ ရဲသွေး
ပါ ကျေနပ်သွားတယ်။

ဒါပေမဲ့ ဒီအစီအစဉ်အပေါ် မကျေနပ်တဲ့သူတစ်ယောက်
ပေါ်လာတယ်။

သူကတော့ သေသူ မသန်းနုပဲဖြစ်တယ်။

◆◆◆

လူသေရင် သုံးရက်ထားတယ်။

သုံးရက်မြောက်တဲ့နေ့မှ သင်္ဂြိုဟ်ရတယ်။

နှစ်သစ်ကူးရက်နဲ့ကြုံလို့ ကူးစက်ရောဂါကြောင့်သေ
တာနဲ့၊ အခြားသော အကြောင်းအရာတွေကြောင့် ချက်ချင်းသ
ဂြိုဟ်ရတာ.....၊

တစ်ရက်ထဲထားပြီးနောက်နေ့သင်္ဂြိုဟ်တာတွေရှိတတ်
ပေမဲ့ သုံးရက်မြောက်တဲ့နေ့မှာ သင်္ဂြိုဟ်တာကတော့ ရှာရဲ့ထုံး
ပါ။

ဒါပေမဲ့ ရက်လည်ဆွမ်းသွတ်ကို သုံးရက်နဲ့လုပ်တာ



www.burmeseclassic.com

www.burmeseclassic.com



တော့ ထိုးစ်မရှိဘူး၊ အစဉ်အလာ မဟုတ်ဘူး။

ရွာရဲ့ သမိုင်းတစ်လျှောက်မှာလည်း တစ်ကြိမ်တစ်ခါ ထောင် မကြုံဖူးဘူး.....။

ကာလ၊ ဒေသ အခြေအနေအရ ငါးရက်နဲ့ဆွမ်းသွတ် တာ ရှိခဲ့ပေမဲ့......၊

ထိုးစ်က သေဆုံးပြီးခုနစ်ရက်တင်းတင်း ပြည့်မြောက် တဲ့နေ့မှ ရက်လည်ဆွမ်းသွတ်တယ်။

ဘယ်လိုပဲဖြစ်ဖြစ် ကာယကံရှင်တွေရဲ့အလိုကျ ရပ် ကွက်လူကြီးတွေက ခွင့်ပြုလိုက်တယ်။

တန်ခူးလဆန်း (၂)ရက်နေ့ နေ့ခင်းမှာပဲ မသန်းနုရဲ့ရုပ် အလောင်းကို သုသာန်ပို့ပြီး သဂြိုဟ်လိုက်တယ်။

နောက်နေ့ဖြစ်တဲ့ တန်ခူးလဆန်း (၃)ရက်နေ့မှာ ရက် လည်ဆွမ်းကျွေးတယ်။

ရဟန်းသံဃာတွေပင့်ပြီး ဆွမ်းဆက်ကပ်တယ်၊ ဒါတပ္ပ တွေ့အစုစုတို့ကို လှူဒါန်းတယ်။

ရက်လည်တရားနာတယ်၊ ပရိတ်တရားတော်တွေ ရွတ် ဖတ်တယ်။

ကွယ်လွန်သူ မသန်းနုနဲ့တကွ သုံးဆယ့်တစ်ဘုံမှာ ချင်



www.burmeseclassic.com

www.burmeseclassic.com



လည်နေထိုင်ကြကုန်သော သုခိတ၊ ဒုက္ခိတ၊ ဝေနေယျ သတ္တဝါ အားလုံးတို့ကို အမျှအတန်းပေးဝေတယ်……၊

သာဓုအနုမောဒနာ ခေါ်ဆိုကြတယ်။

အဲဒီနောက်မှာ လာရောက်ကြတဲ့ဧည့်ပရိသတ်တွေကို ဝက်သားဟင်းနဲ့ ထမင်းကျွေးဧည့်ခံတယ်။

ဒီလို ဧည့်ပရိသတ်တွေနဲ့ စည်ကားဆူညံနေတဲ့ အချိန် မှာပဲ မမျှော်လင့်တဲ့အဖြစ်အပျက်တစ်ခု ဖြစ်လာတယ်။

မကာလျာနွယ်……၊

ရဲသွေးရဲ့ဇနီး မကာလျာနွယ်တာ ရုတ်တရက်မိုက်ခဲ့ ဖြစ်ပြီး လဲကျမလိုဖြစ်သွားတယ်။

အနီးအနားမှာရှိတဲ့သူတွေက ဝိုင်းပြီး 'ဘာဖြစ်တာလဲ' လို့ မေးလိုက်ချိန်မှာပဲ မကာလျာနွယ်ဆီက ရှိုက်သံထွက်လာ တယ်။

ရှိုက်သံကနေ မျက်ရည်တွေကျအောင် တတီးတီး ငိုပွဲချငိုတယ်……၊

ငိုနေရာကနေ အုန်းမြင့်ဆီထပြေးတယ်။

ယောက္ခထီးဖြစ်တဲ့ အုန်းမြင့်ကိုဖက်၊ ရှိုက်ကြီးတငင် ကြွေးရင်း စကားတွေပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



"အမလေး.....၊ ကိုအုန်းမြင့်ရဲ့.....၊ ရှင်တော်တော် ရက်စက်တယ်၊

ကျုပ်ကို နှစ်ရက်နဲ့လည်း သတိုးဖြတ်သေးတယ်၊

ခုလည်း သုံးရက်နဲ့ နှင်ချနေပြန်ပြီ....၊

ရှင်တော်တော်ရက်စက်တဲ့လူကြီးပဲ ကိုအုန်းမြင့်ရဲ့...."

ပရိသတ်အားလုံး အုန်းမြင့်ကိုဖက်ငိုနေတဲ့ ချွေးမဖြစ်သူကိုကြည့်ပြီး အံ့အားသင့်ကုန်တယ်.....။

နောက်မှ သေသူမသန်းနု ဝင်ပူးနေပြီဆိုတာ သဘောပေါက်သွားကြတယ်။

တုတ်တယ်.......၊ ချွေးမဖြစ်သူ ကလျာနွယ်ရဲ့အသံက ယောက္ခမ မသန်းနုရဲ့အသံကြီး.......၊

ပြီးတော့ မျက်နှာကလည်း တစ်မျိုးဖြစ်သွားတယ်.....။

မသန်းနု ဝင်ပူးကပ်စီးနေရတဲ့ ကလျာနွယ်ဟာ ကိုအုန်းမြင့်အနီးကခွာပြီး အိမ်ရှေ့မြေပြင်ပေါ်ခြေဆင်းထိုင်ပြီး ငိုပြန်တယ်။

ပြီးတော့ မြေကြီးပေါ်လူးလှိမ့်တယ်၊ စကားတွေပြောပြီး ငိုတယ်။

"ခုတော့ ကျွန်မနေလို့ မရတော့ဘူးတော့်.....၊

အိမ်ပေါ်ကလူကြီးကလည်း ကျွန်မကိုရိုက်ချနေပြီ....၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မဘယ်မှာ နေရမှာလဲ....၊

ပြောပါအုံး ကိုအုန်းမြင့်ရဲ့....၊

ကျွန်မ ဘယ်မှာနေရမလဲ......"

ကိုအုန်းမြင့် သူ့မိန်းမအတွက် စိတ်မကောင်းဘူး။

အိပေမဲ့သူကတစ္ဆေသရဲယုံတဲ့သူမဟုတ်ဘူး။တစ္ဆေ

သရဲအကြောင်း သူ့ကိုပြောလာရင် သူကကန့်လန့်တိုက်ပြီး ပြော

တတ်တဲ့သူ....၊

အဲ့ကြောင့် အခု သူ့မိန်းမမသန်းနု ဝင်ပူးနေတယ်ဆို

တော့ ရွတ်ပြီးပြောလိုက်တယ်။

"ငါတို့က ထုံးစံနဲ့လည်းကိုက်အောင်၊

နင့်သားရဲသွေးရဲ့ဆန္ဒလည်းပြည့်အောင် လုပ်လိုက်တာ

ပဲ.....။

နင့်မှာနေစရာမရှိရင် ဘုရားကြီးကျောင်းဝိုင်းထဲ ပြေ

ပေါ့ဟာ" လို့ ပြောလိုက်တယ်။

အုန်းမြင့် ဒီလိုပြောလိုက်တာနဲ့ မြေကြီးပေါ်လူးလှိမ့်ငိုနေ

တဲ့ ကလျာစွယ်တာ ဖုံမှုန့်အလိမ်းလိမ်း၊ ပြေကျပြီး ဖယိုဖရဲဖြစ်

နေတဲ့ ဆံပင်တွေနဲ့ထလာတယ်။

အုန်းမြင့်ကို စိမ်းစိမ်းဝါးဝါးကြီး ကြည့်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဘာမပြော၊ ညာမပြော.....၊

ရွာလယ်လမ်းမကြီးအတိုင်း အရှေ့ဘက်ကို ခွတ်ပြေးနေတယ်.....။

သုံးလေးဖာလုံလောက်ဝေးတဲ့ ဘုရားကြီး မုခ်ဦး ရောက်တော့ ဘုရားဝိုင်းထဲ ကွေ့ဝင်ပြေးတယ်။

ကလျာနွယ်ကိုတစ်ခုခုဖြစ်မှာစိုးရိမ်တဲ့ဆွေမျိုးသားချင်း လေး–ငါး–ဆယ်ယောက်လောက် နောက်ကနေ တသီတတန်း ပြေးလိုက်သွားကြတယ်.....။

ထူးဆန်းတာက ကလျာနွယ်ပါ.....။

သူမက ရဲသွေးနဲ့အိမ်ထောင်ကျတာ မကြာသေးဘူး။

ရွာကိုလည်း တစ်ကြိမ်တစ်ခါမျှ မလာဖူးဘူး.....၊

ခုမှ မသန်းနုသေမှ သူ့ယောကျ်ားရဲသွေးနဲ့ လိုက်လာလို့ ရောက်ဖူးတာ.....။

ရောက်တော့လည်း အသုဘအိမ်ကလွဲပြီး ဘယ်မှမ သွားခဲ့ဘူး။

ယောကျ်ားမ–မသန်းနု သင်္ဂြိုဟ်တာတောင် သုသာန်ကို လိုက်မသွားဘဲ အိမ်မှာပဲနေခဲ့တဲ့သူ။

ဆိုလိုတာက အိမ်ထဲက အိမ်အပြင်မထွက်ဘူးတဲ့သူ။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားကြီး ဘယ်ဘက်မှာရှိတယ်ဆိုတာ မသိတဲ့သူ...

ဒီလိုလူက အုန်းမြင့်ရဲ့ 'ဘုရားကြီးဝိုင်းထဲ ပြေးဝေ့ ဆိုတဲ့ စကားလည်းကြားရော.....၊

ဘုရားကြီးဝိုင်းထဲ အများအယွင်းမရှိ တန်းတန်းမတ် မတ် ပြေးဝင်သွားခဲ့တယ်။

ဒါတာ သေသူမသန်းနု အမှန်တကယ်ဝင်ပူးကပ်နေ တယ်ဆိုတာ အထင်အရှားပြနေတာပါပဲ....။

ဘုရားကြီးဝိုင်းထဲမှာ ထိုင်ပိုနေတဲ့ ကလျာစွယ်ဆီကို ဆွေမျိုးတွေနဲ့အတူ တိုင်းရင်းဆေးဆရာလည်းဟုတ်၊ ပယောဂ ဆရာလည်းဟုတ်တဲ့ ဦးကြာညွန့်ရောက်လာတယ်။

"နင်....၊ သန်းနု အစစ်အမှန်လား....၊

အခြား ပယောဂအနှောင့်အယှက်လား...."

"ဆရာ ဦးကြာညွန့်ကလည်း ကျွန်မသန်းနုအစစ်ပါ တော်..."

ကလျာစွယ်ဆီက ထွက်လာတဲ့စကားကြောင့် သန်းနု အစစ်အမှန်ဆိုတာ လက်ခံလိုက်ကြတယ်။

ဘာ့ကြောင့်လည်းဆိုတော့ ကလျာစွယ်က ဦးကြာညွန့် ကို သိမှမသိတာကိုး.....၊



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ပြော...၊ နင် ဘာလုပ်ချင်လဲ၊ ဘာဖြစ်ချင်လဲ...၊ ငါ့ကိုပြောစမ်း..."

"ကျုပ်အိမ်မှာ နေလို့မရတော့ဘူး။ အီး.. ဟီး... ဟီး..၊ ဘယ်မှာ နေရမတုန်း။ ဘယ်မှာ နေရမတုန်း...၊ ကျုပ်ကို နေရာပေးပါ...၊ အီး.. ဟီး... ဟီး..."

ဆရာကြီးဦးကြာညွန့် အနီးမှာရှိတဲ့ ထနောင်းပင်ကို လက်ညှိုးထိုးပြတယ်။

"ဒီထနောင်းပင်မှာနေ...."

ကလျာနွယ် ထနောင်းပင်ကိုစိုက်ကြည့်ပြီး ခေါင်းယမ်းပြတယ်။

"မရဘူး...၊ နေလို့မရဘူး။ ဒီအပင်မှာ နေတဲ့သူတွေ ရှိတယ်...."

ဆရာကြီးဦးကြာညွန့် မလှမ်းမကမ်းက တမာပင်ကြီး တစ်ပင်ကို ထပ်ပြတယ်။

"ဒီ တမာပင်ကြီးမှာရော...."

"မရဘူး။ ဒီအပင်မှာလည်း ပိုင်ရှင်ရှိတယ်..."

ဒီလိုနဲ့ ဦးကြာညွန့်တာ ဘုရားဝိုင်းထဲမှာရှိတဲ့ အပင်တွေကို တစ်ပင်ပြီးတစ်ပင်ပြတယ်၊ မသန်းနုအတွက် နေစရာရှာဖို့

www.burmeseclassic.com

www.burmeseclassic.com



တယ်။

မသန်းနုပူးကပ်နေတဲ့ ကလျာနွယ်ကတော့ ခေါင်းယမ်း
မြဲယမ်းနေတယ်။

"ကဲ.... ဒီ သခွပ်ပင်မှာရောတော့...."

ကလျာနွယ်ဟာ သခွပ်ပင်ကိုအတန်ကြာအောင် ကြည့်
တယ်။

"ဟုတ်တယ်....၊ ဒီ သခွပ်ပင်မှာ ဗိုင်ရှင်မရှိဘူး။

ကျွန်မ ဒီမှာပဲနေမယ်..." လို့ပြောပြီး သဘောတူလိုက်
တယ်။

"ကဲ.... နင်ဘာလုပ်ချင်သေးတုန်း၊ ငါ့ကိုပြော..."
ဆရာကြီးဦးကြာညွှန့်က မေးလိုက်ပြန်သည်။

ကလျာနွယ်ဟာ ဗိုင်းကြည့်နေတဲ့လူအုပ်ကို စေ့စေ့စပ်
စပ် လိုက်ကြည့်တယ်။

ပြီးတော့ မလှမ်းမကမ်းမှာကြည့်နေတဲ့ အုန်းမြင့်ကို
လက်ယပ်ပြီး ခေါ်တယ်။

"ဘူးနဲ့ထည့်ထားတဲ့ ကျွပ်လက်ဝတ်ရတနာတွေ သွား
ယူပေး....၊

ကျွပ်လက်ဝတ်လက်စားအားလုံး ဆရာတော်ကို လှူ



www.burmeseclassic.com

www.burmeseclassic.com



ချင်တယ်...”

အုန်းမြင့် အိမ်ကိုချက်ချင်းပြန်ပြေးတယ်။

မသန်းနုရဲ့လက်ဝတ်လက်စားတွေ ထည့်သိမ်းထားတဲ့ ဘူးကို ယူတယ်၊ ကလျာနွယ်လက်ထဲ ထည့်လိုက်တယ်။

ကလျာနွယ် ဘူးကိုဖွင့်ကြည့်တယ်။

ဆွဲကြိုး၊ လက်စွပ်၊ လက်ကောက်၊ နားကပ်စတဲ့ ရွှေထည်ပစ္စည်းတွေကို တွေ့တယ်၊ ကလျာနွယ် ရွှေဘူးကိုပြန်ပိတ်တယ်။

ပြီးတော့ ဘုရားဝိုင်းထဲကနေ အနောက်ဘက်ကပ်လျက် ဘုန်းကြီးကျောင်းဝင်းထဲကို သွားတယ်။

လူအုပ်ကလည်း သူ့နောက်က လိုက်သွားကြတယ်။

ကျောင်းဝင်းထဲကို တစ်ခေါက်မှမရောက်ဖူးတဲ့ ကလျာနွယ်တာ ကျောင်းတိုက်တွေ အများအပြားရှိတဲ့အထဲက......၊

ဆရာတော် ဦးဣန္ဒဝံသသီတင်းသုံးတဲ့ နှစ်ထပ်သစ်သားကျောင်းကို တန်းတန်းမတ်မတ် တက်သွားတယ်။

ဆရာတော်ကို ကန်တော့ပြီး လက်ဝတ်လက်စားတွေ ထည့်ထားတဲ့ဘူးကို လှူလိုက်တယ်။

လှူပြီးတော့ ကျောင်းအောက်ပြန်ဆင်းခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့တဲ့လမ်းအတိုင်း ဘုရားကြီးပရဝုဏ်ထဲ ပြန်ဝင်
လာတယ်။

ဒီလိုလာရင်းက သခွပ်ပင်အောက်အရောက်မှာ ကလျာ
နွယ်တစ်ယောက် ခွေခွေလေးလဲကျသွားတယ်၊ သတိလစ်သလို
ဖြစ်သွားတယ်။

ပရိသတ်ထဲက မိန်းမကြီးတစ်ချို့ ပြုစုပေးလို့ တစ်ခဏ
အကြာမှာပဲ သတိပြန်ရလာတယ်။

အဲဒီအခါမှာတော့ ကလျာနွယ်တာ ကလျာနွယ်စစ်စစ်
ပြန်ဖြစ်သွားပြီ ဖြစ်ပါတယ်။

မသန်းနု ဝင်ရောက်ပူးကပ်ခံနေရတဲ့ ကလျာနွယ် မ
တုတ်တော့ပါဘူး....။

ကလျာနွယ်ရဲ့စိတ်တွေကလည်း မူလပုံမှန်စိတ်ကို ပြန်
ရောက်နေပါပြီ။

လူတွေကလည်းတော့ ကလျာနွယ်ကိုခေါ်ပြီး နာရေးအိမ်ရှိရာ
သို့ပြန်လာရင်း......၊

မသန်းနုတစ်ယောက် သူ့အတွက်ရရှိတဲ့ နေရာ
အသစ်ဖြစ်တဲ့သခွပ်ပင်ကြီးမှာ နေရစ်ခဲ့ပြီဆိုတဲ့အကြောင်း တစ်
ယောက်တစ်ပေါက်၊ ဆူဆူညံညံ ပြောဆိုလိုက်ပါလာကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ညနေပိုင်းမှာ ဆရာတော်က အုန်းမြင့်ကိုခေါ်တယ်။

"မနက်တုန်းက ဒကာမကြီးမသန်းနု စိတ်ချမ်းသာအောင်လို့ လက်ခံထားရတယ်.....၊

ဒီပစ္စည်းတွေက တရားဘာဝနာ ကျင့်ကြံအားထုတ်ရာမှာ အနှောင့်အယှက်ပြုတတ်တဲ့ ပစ္စည်းတွေဖြစ်လို့ ဘုန်းကြီးတို့နဲ့ မအပ်စပ်ဘူး.....၊

အဲ့ကြောင့် ဒကာကြီးကို ပြန်ပြီးစွန့်ပါတယ်...." လို့မိန့်ပြီး ရွှေထည်ပစ္စည်းတွေကို ပြန်စွန့်လိုက်ပါတယ်။

◆ ◆ ◆

သည်အဖြစ်အပျက်ကို ပြောပြသူက ကိုအုံးမြင့်တို့ရွာမှာနေထိုင်တဲ့ စာရေးသူရဲ့ အသိမိတ်ဆွေတစ်ဦး ဖြစ်ပါတယ်။

သူတို့ရွာက မကွေး၊ တောင်တွင်းကြီး ကားလမ်းပေါ်မှာ တည်ရှိပါတယ်။

"သေတဲ့သူတာ သေလွန်ပြီးတာနဲ့ အိမ်မှာ ခုနစ်ရက်နေခွင့်ရှိတယ်၊

အိမ်တွင်းနတ်၊ အိမ်စောင့်နတ်၊ ဝင်းခြံစောင့်နတ်တွေကလည်း လက်ခံတယ်။



www.burmeseclassic.com

www.burmeseclassic.com



ရက်လည်ဆွမ်းသွတ်ပြီးရင်တော့ အိမ်မှာ နေခွင့်မရှိ တော့ဘူး။

မသန်းနုခမျာ သားကပြန်ရမှာဖြစ်လို့ အလောသုံးဆယ် သကြိုတ်၊ ကမန်းကတန်း သုံးရက်နဲ့ရက်လည်ဆွမ်းသွတ်လိုက် ရတော့ အိမ်မှာသုံးရက်ပဲနေရတယ်၊

အဲ့ကြောင့် မကျေမနပ်ဖြစ်ပြီး ချွေးမဖြစ်တဲ့ကလျာနွယ် ကို ပူးဝင်ပြောတာ.....”လို့လည်း ရွာမှာပြောကြ၊ ဆိုကြကြောင်း ထပ်မံပြောပြပါတယ်။

စာရေးသူ သည်စကားကိုတော့ ဘဝင်မကျလှပါ။

စာရေးသူအနေနှင့်သရဲတစ္ဆေ အမှန်တကယ်ရှိတယ် ဆိုတာကို လက်ခံသူဖြစ်ပါတယ်။

ကိုယ်တိုင်လည်း ထင်ရှားသိသာအောင် သရဲခြောက် တာကို ခံရဖူးပါတယ်။

စာရေးသူကစ်ယောက်တင်မက အပေါင်းအဖော် ခုနစ် ယောက်၊ ရှစ်ယောက်အတူရှိနေစဉ် တစ်ချိန်တည်း၊ တစ်နေရာ တည်း သရဲခြောက်ခံရခြင်းပါ။

(ရှေ့စာအုပ်အချို့မှာ ရေးသားပြီးဖြစ်တဲ့အတွက် ထပ်မံ မဖော်ပြလိုတော့ပါ။)



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုသည်က စာရေးသူအနေနှင့် သရဲရှိတာကို ယုံကြည် လက်ခံတဲ့အကြောင်းပါ။

နောက်ဆုံးသာရွေးပူးဝင်ပူးကပ်တယ်ဆိုတဲ့အထိ လက်ခံယုံကြည်ပါတယ်။

ဒီလို အဖြစ်အပျက်တွေကိုလည်း ယုံကြည်လက်ခံရလောက်အောင် ကိုယ်တိုင်ကိုယ်ကျ တွေ့ကြုံဖူးတာကြောင့်ပါ။

ဒါပေမဲ့ သေသောသူတာ အိမ်မှာခုနစ်ရက် နေခွင့်ရတယ်ဆိုတဲ့ အတွေးအခေါ်ကိုတော့ သဘောမကျပါ။

ဤသို့ဆိုလျှင် သေသောသူမှာ ဝိညာဉ်ဘဝဖြင့် အိမ်မှာ ခုနစ်ရက်ရှိနေမယ်....၊ (စိတ်ကူးယဉ် ဇာတ်လမ်းတွေထဲကလို ကိုယ်သေတယ်ဆိုတာ မသိဘဲရှိနေမယ်။

မိသားစုတွေ၊ မိတ်ဆွေအပေါင်းအသင်းတွေ သူသေပြီဆိုပြီး ဝမ်းနည်းပူဆွေးနေကြတာ တွေ့မယ်။

သူက မသေကြောင်း၊ ရှိနေကြောင်း တစ်ယောက်ပြီးတစ်ယောက်လိုက်ပြောနေမယ်၊ ဘယ်သူ့ကိုမှလည်း ပြောလို့မရဖြစ်နေမယ်.....)

ခုနစ်ရက်ပြည့်တဲ့နေ့မှ အိမ်ကထွက်ပြီး မိမိပြုခဲ့တဲ့ကုသိုလ်ကံ၊ အကုသိုလ်ကံအလျောက် နောက်ဘဝတစ်ခုသို့ ပြောင်း

www.burmeseclassic.com



ရမည်ကဲ့သို့ ဖြစ်နေပါတယ်။

(၁၁)မှာ အသက်ရှင်နေထိုင်ကြတဲ့ ပုဂ္ဂိုလ်သတ္တဝါမှန်သမျှဟာ နောက်ဆုံးတစ်နေ့မှာ ပျက်ဆီးခြင်းဆိုတဲ့ သေခြင်းတရားကို မလွဲမသွေ ရင်ဆိုင်ကြရမှာဖြစ်ပါတယ်။

ဘဝဟောင်းချုပ်ပြီး ဘဝသစ်ဖြစ်တဲ့သဘောကို သေတယ်လို့ခေါ်တာပါ။

ဒီလို သေခြင်းဆိုတဲ့ စုတိစိတ်ကျတာနဲ့ ( ဘုရား၊ ရဟန္တာ အရှင်မြတ်တွေကလွဲလို့) ဘဝအသစ်မှာ ပဋိသန္ဓေစိတ် ဖြစ်ကြရပါတယ်။

ပဋိသန္ဓေဆိုတာက ဘဝဟောင်းနဲ့ဘဝသစ်ကို တစ်ဖန်ဆက်စပ်ပေးတာကို ဆိုလိုခြင်းဖြစ်ပါတယ်။

စုတိစိတ်နဲ့ ပဋိသန္ဓေစိတ်က အကြားအလပ်မရှိ ချက်ခြင်းဆက်စပ်ပါတယ်။

ရှင်းအောင်ပြောရရင်.....၊

သေပြီဆိုတာနဲ့ တစ်ဆက်တည်း ကုသိုလ်ကံ၊ အကုသိုလ်ကံအလျောက် သူဖြစ်ရမယ့်ဘဝကို ချက်ခြင်းဆက်စပ်သွားပါတယ်၊ ဒါက အမှန်တရားပါ။

သေတယ်.....၊

www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာ ခုနစ်ရက်နေတယ်။

နေပြီးမှ ကိုယ်သွားရမယ့်ဘဝကို ကူးပြောင်းသွားတယ်ဆိုတဲ့ အယူကတော့ တရားတော်နဲ့ကွဲချော်နေတဲ့ အသိမှားအမြင်မှားတစ်ခုသာဖြစ်ပါကြောင်း မေတ္တာဖြင့် တင်ပြလိုက်ရပါတယ်။

◆◆◆◆◆

www.burmeseclassic.com

www.burmeseclassic.com

# သရဲခြောက်တဲ့အိမ်

သရဲခြောက်တယ်ဆိုတဲ့အသိကြောင့်......၊
အတာ ၂၄ ပစ္စည်းကို တိုးတိုးရှုတ်တယ်။
ခဏနေတော့ တောက်ခတ်သံကြီးတစ်ချက်ကို
ကျယ်ကျယ်လောင်လောင် ကြားလိုက်ရတယ်။
တောက်ခတ်သံက မကျေမနပ်ဖြစ်ပြီး
ခတ်လိုက်တဲ့ အသံကြီး....။
ချက်ချင်းဆိုသလိုပဲ တခုန်ခုန်း ခြေထောက်
ဆောင့်နင်းသွားတဲ့အသံကို ကြားရပြန်တယ်။
ပြီးတော့ လှေကားကနေ တခုန်ခုန်း
ဆင်းသွားတယ်.......။
ဆင်းရင်းနဲ့ လှေကားလက်တန်းကို ဖြန်းခနဲ
တစ်ချက်၊ ခပ်ပြင်းပြင်း ရိုက်သွားသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com

# သဂုဲခြောက်တဲ့အိမ်

သည်အိမ်က လူမနေတာ တော်တော်ကြာနေပြီ။

ကြာဆို အမေကြီးအေးမြင့် ဆုံးပြီးကတည်းကဆိုတော့ အနည်းဆုံးသုံးနှစ်၊ လေးနှစ် ရှိပြီပေါ့.....။

အိမ်က ပျဉ်ခင်း၊ ဓနိထရံကာ၊ သက်ငယ်မိုးထားတဲ့ အိမ်သေးသေးပါ။

လှေကားထစ် သုံးထစ်ပဲရှိတယ်။

အမေကြီးအေးမြင့် တစ်ယောက်တည်း နှစ်တွေအတော်ကြာအောင်နေခဲ့တာမို့လို့လှေကားသုံးထစ်ပဲရှိပေမဲ့တက်ရဆင်းရလွယ်အောင် နှစ်ဖက်စလုံးမှာ လက်တန်းလေးရိုက်ထားတယ်။

ဟိုးတုန်းကတော့ သည်အိမ်နှင့် သည်ခြံလေးဟာ ဖိ



www.burmeseclassic.com

www.burmeseclassic.com



သားစုတွေ စည်စည်ကားကား၊ ပျော်ပျော်ပါးပါး ဆူဆူညံညံ
သာသာယာယာရှိခဲ့တဲ့ ခြံလေးပါ။

နောက်တော့ သမီးကြီးကျောင်းဆရာမက စစ်သား
အိမ်ထောင်ကျသွားတယ်။

ယောကျ်ားတာဝန်ကျတဲ့တပ်ရင်းကိုဘောင်းဘီစဆွဲပြီ
လိုက်သွားရတယ်....၊

အိမ်မှာ ယမကာလုလင် သားအကြီး၊ အလတ်မနဲ့ အ
ငယ်ဆုံးလူပျိုကောင်ပဲ ကျန်တော့တယ်။

အဲဒီနောက် မကြာပါဘူး၊ ရှေ့ဆင့်နောက်ဆင့်ဆိုသလို
ပဲ....။

ယမကာလုလင် သားကြီးက အမေကြီးခြေမြင့်ကို ဆေ
ခွဲခွဲသွားတယ်။

အလတ်မကလည်း အိမ်ထောင်ကျပြီး အိုးခွဲသွားပြ
တယ်။

စည်စည်ကားကား၊ ဆူဆူညံညံ၊ သာသာယာယာနဲ့ ခြံ
လေးဟာ အသံတွေတိတ်ဆိတ်သွားတယ်။

ဒီကြားထဲ သားလူပျိုကောင်ကလည်း အိမ်ထွက်
သွားပြန်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဓားကန့်လိုလို၊ မုဆယ်လိုလို၊ ယိုးဒယားလိုလို.....။

အိမ်မှာတော့ အမေကြီးအေးမြင့်တစ်ယောက်တည်း၊ တကယ့်ကို တစ်ယောက်တည်း ကျန်ရစ်ခဲ့တယ်။

နှစ်ပေါင်းများစွာ ပျော်ရွှင်စရာတွေနဲ့ လွှမ်းခြုံခဲ့တဲ့ အမေကြီးအေးမြင့်ရဲ့ အကြင်နာရပ်ဝန်းက မေတ္တာမိုးတိမ်တွေတစ်ခုပြီး တစ်ခု လွင့်ပါးသွားတယ်။

နှလုံးသားတစ်စုံမှာပက်ကြားအက်တွေတစ်ခုပြီးတစ်ခု ဖြစ်ပေါ်လာတယ်။

အမေကြီးအေးမြင့် ဘယ်လိုခံစားနေရမလဲ.....၊

ဘယ်လောက် ခြောက်သွေ့နေလိုက်မလဲ.....၊

တစ်ခုတော့ရှိတယ်၊ စားဝတ်နေရေးတော့ ပူပင်စရာမလိုဘူး။

သမီးအကြီး ကျောင်းဆရာမစာ တစ်လတစ်ခါလာတယ်၊

တစ်လစာ ဆန်၊ ဆီ၊ ငြုတ်၊ ကြက်သွန်၊ ငပိ၊ ငါးခြောက်အစ.....၊ ဟင်းချက်စရာဝယ်စားဖို့ ငွေ.....၊

ထမင်းဟင်းချက်ဖို့ ထင်း၊ မီးသွေး အစစအရာရာ ပြည့်ပြည့်စုံစုံ တစ်လစာစီစဉ်ပေးသွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



နေထိုင်မကောင်းဘူး အကြောင်းကြားလိုက်ရင်လည်း ယောက်ျားရော၊ သားသမီးတွေရော ခေါ်ပြီးလာတယ်။

ဆေးခန်းပြတယ်၊ ခြေဆုပ်လက်နယ် ပြုစုတယ်။

ဒါပေမဲ့တာဝန်ကိုယ်စီနဲ့ဆိုတော့နှစ်ရက်၊သုံးရက်ထက် ပိုမနေနိုင်ခဲ့ဘူး.....။

အလတ်မကလည်း မဆိုးပါဘူး။

သူက အိုးခွဲသွားပေမယ့် တစ်ရပ်ကွက်တည်းမှာပဲ။

တောင်ဖျားနဲ့ မြောက်ဖျားဖြစ်နေပေမယ့် အမေကြီး ကို မကြာခဏလာတယ်။

အမေကြီး စားချင်တာလေးစားနိုင်ဖို့ လှူချင်တာလေး လှူနိုင်ဖို့ ပေးတယ်၊ ကမ်းတယ်။

ဘယ်လိုပဲဖြစ်ဖြစ်၊ သမီးတွေ မြေးတွေလာတုန်း ခဏ စိုစိုပြေပြေဖြစ်ပေမဲ့......၊

အားလုံး ပြန်သွားတဲ့အခါမှာတော့ အမေကြီးဒေါ်မြင့် နှလုံးသားဟာ တိတ်ဆိတ်မြဲတိတ်ဆိတ်.....၊

ခြောက်သွေ့မြဲ ခြောက်သွေ့ပြီး ကျန်ရစ်ခဲ့မြဲပါပဲ။

ဒီအချိန်မှာ အမေကြီးဒေါ်မြင့်ရဲ့အသက်က ခုနစ်ဆယ် ကျော်နေပြီ.....။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ခန္ဓာက အရုပ်ဝလွန်းနေတယ်။

အသွား၊ အလာ၊ အထိုင်၊ အထ နှေးသွားပြီ။

ဝါးတောင်ဝှေးတစ်ချောင်းနဲ့ သွားလာမှ၊ ထိုင်ထမှ အဆင်ပြေတဲ့ဘဝ ရောက်နေပြီ။

သမီးကြီးဆရာမက.....၊

"အမေ....၊ အိမ်နဲ့ခြံကို ပစ်ထားခဲ့၊

သမီးတို့နဲ့ လိုက်နေပါ။

အမေ ဘာမှမလုပ်ရဘူး။

အိမ်ဦးခန်းမှာထားပြီး အနီးကပ်ပြုစုလုပ်ကျွေးချင်လို့ပါ....."လို့ တောင်းပန်ပြီး ခေါ်တယ်။

"မလိုက်ချင်ပါဘူးအေ....၊

ငါ့သားလေးပြန်လာလို့ ငါ့ကိုမတွေ့ရင် ဘယ်လိုလုပ်မလဲ....."တဲ့။

သမီးလတ်ကလည်း ခေါ်ပါတယ်။

ဘယ်သူတွေ ဘယ်လိုပဲခေါ်ခေါ် အမေကြီးဒေါ်မြင့်ကတော့ သူ့အိမ်နဲ့သူ့ခြံလေးကနေ ဘယ်မှမသွားခဲ့ဘူး။

ဒီလိုနဲ့ အမေကြီးဒေါ်မြင့်တစ်ယောက် ဘဝကိုတိတ်ဆိတ်စွာ၊ ငြိမ်သက်စွာ၊ ခြောက်သွေ့စွာ၊ မှောင်မည်းစွာနဲ့ ဖြတ်



www.burmeseclassic.com

www.burmeseclassic.com



ထပ်ဆယ်နှစ်လောက် ဖြတ်သန်းနိုင်ခဲ့တယ်.....။

ဒီကြားထဲမှာ ထူးခြားတာ တစ်ခုတော့ဖြစ်ခဲ့တယ်။

အမေကြီးဒေါ်မြင့် ဘာမိတ္တူနံဆေးပြားကိုးပြား သောက်လိုက်တယ်။

လမ်းထဲမှာရှိတဲ့ အိမ်ဆိုင်လေးကနေ ဝယ်သောက်တာ။

အိမ်ဆိုင်ကလည်းရိုးရိုးသားသားပဲထင်တယ်၊ပိုပိုလိုလို ဝယ်ထားတာဆိုပြီး ရောင်းလိုက်တာ။

နောက်နေ့မနက် နေတော်တော်မြင့်တဲ့အထိ အမေကြီးဒေါ်မြင့် မထဘူး.....၊

နေ့တိုင်းနေ့တိုင်း အုန်းမောင်းခေါက်သံကြားတာနဲ့ ထတ်မီးတစ်လက်ဆွဲပြီး တကုပ်ကုပ်၊ တတောက်တောက် ဆွမ်းချက်နေကြပါ။

"ဘာဖြစ်လို့ပါလိမ့်....." ဆိုပြီး ကပ်လျက်အိမ်က တတ်ကြည့်တယ်။

အိပ်နေတာတွေ့လို့ နှိုးတယ်။

ဘယ်လိုနှိုးနှိုးမရဘူး.....။

အနီးမှာ ဝက္ကူနဲ့ဘာမိတ္တူနံဆေးပြားတစ်ပြားတွေ့တယ်။

ဈေးဆိုင်သွားမေးကြည့်တော့ဆယ်ပြားဝယ်သွားတယ်

www.burmeseclassic.com

www.burmeseclassic.com



တဲ့...။

ဒီတော့မှ ဘာမီတွန်တွေသောက်လိုက်တယ်ဆိုတာ သိသွားကြတယ်။

သမီးတွေဆီ အကြောင်းကြားတယ်၊ ဆေးရုံပို့တယ်။

အဲဒီတုန်းက အမေကြီးအေးမြင့်တစ်ယောက် သုံးရက်တိတိ စကားမေးမရဘူး။

လေးရက်မြောက်နေ့မှ သတိပြန်လည်လာခဲ့တယ်။

ဒီအဖြစ်အပျက်က အမေကြီးအေးမြင့်စိတ်ထဲမှာ ဘာတွေခံစားနေရတယ်ဆိုတာ ပြသွားတာပဲ။

ဆေးရုံကဆင်းတော့ ဆရာမက သူ့အိမ်ကိုအတင်းခေါ်သွားတယ်၊ တစ်လလောက်ကြာသွားတယ်။

တစ်လလောက်လည်းပြည့်ရော သူ့အိမ်လေးနဲ့ သူ့ခြံလေးဆီကို တောင်ဖွေးတစ်တောက်တောက် ထောက်ပြီး ပြန်ရောက်လာပြန်တာပဲ....၊

တစ်ရက်မှာတော့ သားအငယ်ကောင် ပြန်ရောက်လာတယ်။

နည်းနည်းပိန်သွားတာကလွဲလို့ အရင်အတိုင်းပါပဲ။

သူပြန်လာတော့ ခရီးဆောင်အိတ် မပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ငွေလည်း တစ်ပြားမှပါမလာဘူး။

ထွက်သွားတုန်းကအတိုင်း အဝတ်အထည်၊ ကိုယ်တ
ခုနဲ့ပဲ.....။

“ယိုးဒယားသွားပြီး အလုပ်လုပ်တာအမေ.....၊

ဟိုမှာ ရောင်းစားခံရတယ်။

ထွက်ပြေးတော့ အဖမ်းခံရပြီး ထောင်ကျတယ်။

အခု ထောင်ကလွတ်လို့ ပြန်လာတာတဲ့.....”

ဘာပဲဖြစ်ဖြစ် သားလေးပြန်လာတဲ့အတွက် အမေကြ
ဒေါ်မြင့် ပျော်နေတာသေချာတယ်။

မတွေ့ရတာကြာပြီဖြစ်တဲ့အမေကြီးဒေါ်မြင့်ရဲ့အပျော်
မြူး၊ အရယ်၊ အမောတွေကို အဲဒီတော့မှ တွေ့ကြရတယ်။

ဒါပေမဲ့ အမေကြီးဒေါ်မြင့်တာ သူ့သားလေးကိုတွေ့ရ
လို့ သူ့အသက်ကို ဆွဲဆန့်နေခဲ့တာနဲ့တူရဲ့.....။

သူ့သားငယ်လည်း တွေ့ပြီးရော၊ စိတ်ကို လျှော့ချလိုက်
တယ်။

လအနည်းငယ်အကြာမှ ကွယ်လွန်သွားရှာတယ်။

အစ်မတွေက မိဘအမွေ သည်အိမ်နှင့် သည်ခြံလေး
မောင်ငယ်လက်ထဲကို ပေးလိုက်ကြတယ်.....။

www.burmeseclassic.com

www.burmeseclassic.com



မိခင်ကြီး လလည်ဆွမ်းကျွေးပြီး နောက်တစ်နေ့မှာပဲ ာင်ငယ် အိမ်ကထွက်သွားပြန်တယ်။

ထုံးစံအတိုင်း အဝတ်အထည်၊ ကိုယ်တစ်ခုနဲ့ပဲ....။

အဲဒီကတည်းက သည်အိမ်လေးနဲ့ သည်ခြံလေးကို ည်အတိုင်း ပစ်ထားခဲ့ကြတာဖြစ်တယ်။

◆ ◆ ◆

သည်အိမ်လေးကို ငှားနေမယ့်သူတွေက အတော်တို့ င်မယား....။

လင်ရော မယားရော တစ်ရပ်ကွက်ထဲသားတွေချည်းပဲ။

အမေကြီးဒေါ်မြင့်အိမ်နဲ့ မလှမ်းမကမ်းမှာနေကြတဲ့ က လေးတွေ။

သမီးရည်းစားတွေဖြစ်၊ နိုးရာလိုက်၊ အိမ်ထောင်ကျပြီး ိုခွဲနေဖို့ ငှားနေတာ။

အလတ်မကလည်း မောင်ငယ်ပစ်ထားတဲ့အိမ်ကို ဒီအ တိုင်းထားတာထက် အိမ်ငှားထားလိုက်ရင် ပြုပြုပြင်ပြင်ရှိမယ်။

အိမ်ငှားခနဲ့ သက်ငယ်ဝယ်ပြီး အိမ်မိုးနိုင်တယ်လို့ တွေး တယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲ့ကြောင့် အတာတို့လင်မယားကို အိမ်ငှားလိုက်တယ်။

"တဲ့ အတာ၊ ကြည့်လည်းလုပ်ဦးနော်.....၊

အမေကြီးဒေါ်မြင့်က ကျွတ်မှာမတုတ်ဘူး။

သူ့အိမ်ထဲကနေ တောင်ဝှေး တစ်တောက်တောက်နဲ့ သွားနေတာ ခဏခဏကြားရတယ်...."

ကပ်လျက်အိမ်က ဒေါ်မဲလုံးကပြောတယ်။

အတာ စိုးရိမ်သွားတယ်၊ သူ့မိန်းမ ငွေမိက ကြောက်တတ်တာကို။ အဲ့ကြောင့် သူ့မိန်းမနဲ့ တိုင်ပင်တယ်။

"မတုတ်နိုင်ဘူးဟာ၊ နေရမှာပဲ အတာ၊ အမေကြီးဒေါ်မြင့်ကတော့ တို့ကိုခြောက်မှာ မတုတ်ပါဘူး...."

အတာ့မိန်းမ ငွေမိကပြောတယ်။

ဒီလိုနဲ့ အတာတို့လင်မယား၊ အမေကြီးဒေါ်မြင့်အိမ်ကို ပြောင်းလာကြတယ်။

ကြမ်းခင်းတွေကို ရေဆေးချ၊ ကြမ်းတိုက်၊ တံမြက်စည်းလှည်းကျင်း၊ သန့်ရှင်းရေးလုပ်လိုက်မှ လူနေတဲ့အိမ်နဲ့ တူသွားတယ်။

အိမ်အမိုးကတော့ ကြယ်မြင် လမြင်၊ သည့်အတိုင်းပဲ



www.burmeseclassic.com

www.burmeseclassic.com



ထားလိုက်တယ်။

အလတ်မက တစ်ပတ်အတွင်း အိမ်မိုးပေးမယ် ပြော ထားတယ်။

ညရောက်တော့ တစ်နေကုန်ပင်ပန်းထားတာကြောင့် ခွေမိ အစောကြီးအိပ်ပျော်သွားတယ်။

အတာကတော့ အေးမိလုံးပြောသလို အမေကြီးအေးမြင့်ရဲ့ တောင်ရှေးလေ ကြက်သီ တစ်ပေါက်တောက်ကိုကြားရမလား...၊

အမေကြီးအေးမြင့်ရဲ့ ရုပ်သွင်ကိုပဲ မြင်ရလေမလားဆိုတဲ့ စိုးရိမ်အတွေးတွေကြောင့် ပော်တော်နဲ့အိပ်မရဘူး။

ဟိုနေရာက "ချောက်"ခနဲကြားလိုက် လန့်လိုက်။

ဒီနေရာက "ဖျောက်"ခနဲကြားလိုက်၊ ရင်တုန်သွား လိုက်နဲ့ ညသန်းခေါင်လောက်မှ အိပ်ပျော်သွားတယ်။

ဘယ်လောက်ကြာကြာ အိပ်ပျော်သွားတာလဲ မသိဘူး။

"ဗုန်း... ဗုန်း... ဗုန်း..."

အိမ်ထရံကို လက်ဝါးနဲ့ပုတ်လိုက်သလို အသံသုံးချက် ကြောင့် အတာ ဖျတ်ခနဲလန့်နိုးသွားတယ်။

မလှုပ်မယှက်၊ အိပ်ရာထဲက နားစွင့်တယ်။

နောက်ထပ် ဘာသံမှမကြားရတော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



နာနာဘာဝတွေဟာ ပဌာန်းဒေသနာတော်ကို ကြောက်တယ်။

၂၄ ပစ္စည်းရွတ်နေရင် ဘယ်လိုနာနာဘာဝမှ မကပ်ရောက်နိုင်ဘူးဆိုတာ ကြားဖူးတယ်။

အဲ့ကြောင့် အတာ ၂၄ ပစ္စည်းကိုတိုးတိုးရွတ်တယ်။

ခဏနေတော့ "တောက်" ခတ်သံကြီးတစ်ချက် ကျယ်ကျယ်လောင်လောင် ကြားလိုက်ရတယ်။

တောက်ခတ်သံက မကျေမနပ်ဖြစ်ပြီး ခတ်လိုက်တဲ့အသံကြီး-ဗိုတာ အတာ နားလည်လိုက်တယ်။

ချက်ချင်းဆိုသလိုပါပဲ၊ တဒုန်းဒုန်း ခြေထောက်ဆောင့်နင်းသွားတဲ့ အသံကြားရတယ်။

ခြေသံက တံခါးမကြီးဆီ သွားနေတယ်။

ပြီးတော့ လှေကားကနေ တဒုန်းဒုန်းခြေဆောင့် ဆင်းသွားတယ်။

ဆင်းရင်းနဲ့ လှေကားလက်တန်းကို ဖြန်းခနဲ ခပ်ပြင်းပြင်းတစ်ချက် ရိုက်သွားတယ်။

အဲဒီနောက်မှာတော့ ညက ပြန်ပြီးတိတ်ဆိတ်သွားတယ်၊ ငြိမ်သက်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



လေတိုက်တာကြောင့် သရက်ပင်ကိုင်းအချို့က ခေါင်မိုးနဲ့တိုက်ပြီး ဂျစ်ဂျစ်–ဂျစ်ဂျစ် မြည်နေတယ်။

ခေါင်မိုးအပေါက်တွေကြားကနေ ကြယ်ပွင့်အချို့ အမှောင်ထဲမှာ ဖျတ်ဖျတ်လက်နေတာ တွေ့ရတယ်။

စစချင်း ဆောက်နဲ့ထွင်းသလို ပထမဆုံးအိပ်တဲ့ ကနေ့ညမှာပဲ အတာတစ်ယောက် သရဲခြောက်ခံလိုက်ရပြီ ဖြစ်ပါတယ်။

◆ ◆ ◆

ဒုတိယမြောက်ညက ပထမညထက်ဆိုးတယ်……။

"အမလေး… သရဲ… သရဲ…"

မငွေမိရဲ့ ငယ်သံပါအောင်အော်လိုက်သံကြောင့် အတာလန့်နိုးသွားတယ်……။

မငွေမိက ခြေရင်းဘက်လက်ညှိုးထိုးပြီး မျက်စိ စုံမှိတ်အော်နေတယ်။

အတာ လှမ်းကြည့်လိုက်တော့ မြွေကြီးကို တွေ့ရတယ်။

တိမ်တွေလိုလို၊ မီးခိုးငွေ့သဏ္ဍာန်လိုလို မြွေကြီး–

www.burmeseclassic.com

www.burmeseclassic.com



ထင်ထင်ရှားရှားမတွေ့ရတော့ပေမဲ့ လူ့ပုံသဏ္ဌာန်ကတော့ အဲ သဲကွဲကွဲရှိတယ်။

နာနာဘာဝ တစ်ကောင်မှန်းသိသာတယ်။

အတောကြည့်နေတုန်းမှာ မြွေမြွေကောင်က တံခါးကို တိုးဖြတ်ပြီး အပြင်ဘက်ထွက်သွားတာ တွေ့ရတယ်.....၊

"မြေ... မြေ... မြေထောက်ကို လာဆွဲတယ်.....၊ ကြောက်လိုက်တာ....."

မငွေမိ အကြောက်လွန်နေတဲ့အသံနဲ့ တုန်တုန်ရီရီပြော တယ်။

"နှစ်ညအိပ်တာ၊ နှစ်ညစလုံး သရဲခြောက်တယ်..... ဆက်နေလို့ ဖြစ်ပါ့မလား....."

အတာ တွေးရတော့တယ်။

တုတ်တယ်၊ တွေးရတယ်။

မတော်တဆ မငွေမိ တစ်ခုခုဖြစ်သွားရင် ခုက္ခ။ ဘယ်လိုပဲဖြစ်ဖြစ်၊ ဒီကိစ္စ နောက်နေ့မှဆက်တွေးမယ်။ လောလောဆယ် အရေးကြီးတာက မငွေမိကိုအားပေး ဖို့၊ ဖျောင်းဖျဖို့......။

မငွေမိကို ရေတစ်ခွက် ခပ်တိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



သူလည်း တစ်ခွက်ခပ်သောက်လိုက်တယ်။

"မကြောက်နဲ့ငွေမိ၊ ကိုတစ်ယောက်လုံး ရှိတယ်...."

အတော မငွေမိကို ကြင်ကြင်နာနာ ဖက်ပြီးအားပေးတယ်။

အားသာ ပေးနေရတယ်၊ သူလည်း ကြောက်နေတယ်။

မိန်းမိုးငွေလိုလို၊ ဖြူဖြူအကောင်ကြီးကို မျက်စိထဲက ဖျောက်ဖျက်လို့မရအောင် မြင်နေတယ်။

နောက်ပြီး သူ့တစ်ကိုယ်လုံးမှာလည်း ကြောက်စိတ်ကြောင့် ချွေးတွေရွှဲနစ်နေတယ်။

◆◆◆

"ဒေါ်မြလုံးရေ ခင်ဗျားပြောတာက အမေကြီးဒေါ်မြင့်တွေ့တာဘူးဆို၊ သူ့အိမ်မှာ ရှိတယ်ဆို......၊

အခု သရဲခြောက်တာ နှစ်ညရှိပြီ......၊

အမေကြီးဒေါ်မြင့် မတွေ့ဘူး။ အခြား သရဲတွေ...."

"ဟေ... အတွေ့တာလား......"

ဒေါ်မြလုံး အံ့အားသင့်သွားတယ်။

သူ ဒီဘက်အိမ်ကနေ ကြားနေတဲ့အသံက တောင်ရှေး

www.burmeseclassic.com

www.burmeseclassic.com



ထောက်သံ တဘောက်ဘောက်မို့ အမေကြီးအေးမြင့် သူ့အိမ်ထဲ လျှောက်သွားနေတာပဲလို့ တွေးမိတယ်။

အခု အတာတို့လင်မယား ကွေ့တဲ့သရဲက အခြားသရဲတွေဆိုတော့ အေးမလုံး မျက်စိပါလည်သွားတယ်။

"လူမနေဘဲ ပစ်ထားတာကြာပြီဆိုတော့ အခြားသရဲတွေပါလာနေကြတာဖြစ်မှာပေါ့....."တုအေးမလုံးကသူထင်သလို ပြောတယ်.....။

ဘယ်လိုပင်ဖြစ်စေ၊ တတိယမြောက်ညမှာတော့ အမေကြီးအေးမြင့်တစ်ယောက် အတာတို့ဆီ ရောက်လာခဲ့ပါတယ်။

အဲဒီနေ့က အတာ အလုပ်ပြန်နောက်ကျတယ်။

သူတို့ပန်းရုံအဖွဲ့ ဒီနေ့ အခြားမြို့မှာ သွားဆင်းရတယ်။

အလုပ်သိမ်းချိန်က ညနေလေးနာရီခွဲပေမယ့် အပြန်မှာ ကားစောင့်ရ၊ ကားစီးရနှင့် ညမှောင်ရိပျိုးမှ အိမ်ရောက်လာတယ်......၊

မငွေမိက မျက်စောင်းထိုး ခပ်လှမ်းလှမ်းမှာရှိတဲ့ သူ့အမေအိမ်ကနေ အတာ့ကိုစောင့်နေတယ်။

သရဲခြောက်မှန်းသိတာကြောင့် အတာမရှိရင် နေ့နေ့ညည သူမနေရဲဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒါ့ကြောင့် အမေ့အိမ်မှာနေ၊ အမေ့အိမ်မှာ စားတယ်၊ ညနေစာကိုလည်း အမေ့အိမ်မှာပဲ ချက်ထားလိုက်တယ်။

အတာပြန်လာတော့ ညနေစာစားတယ်၊ စားပြီးမှ ငှား နေတဲ့အိမ်ကို လာခဲ့တယ်။

အဲဒီညကတော့ သူတို့လင်မယား ကောင်းကောင်းမွန်မွန် အိပ်ကြရတယ်။

ဖြူဖြူညဏ္ဍာန် နာနာဘာဝကောင်ကြီးလည်း မလာဘူး၊

သူတို့ရောက်လာတာကို မကျေမနပ်ဖြစ်ပြီး တောက် ခတ်လိုခတ်၊ ခြေဆောင့်နင်းလိုနင်းလုပ်တတ်တဲ့ သရဲလည်းမ ခြောက်ဘူး......။

အနှောင့်အယှက်မရှိတာကြောင့် တိတ်ဆိတ်နေတဲ့ ည ခင်းက သာယာနေတယ်။

ညအမှောင်ထဲမှာ အစွမ်းကုန်လင်းလက်နေတဲ့ ကြယ် ပွင့်အများအပြားကို ခေါင်မိုးပေါက်တွေကြားက မြင်နေရတယ်။

ညတော်တော်နက်မှ အတာတို့လင်မယား အိပ်ပျော် သွားကြတယ်။

"တဲ့... ကလေးတွေ... ထကြ.. ထကြ.....၊

မိုးရွာတော့မယ်....၊



www.burmeseclassic.com

www.burmeseclassic.com



သွား သွား…၊ ငွေမိအမေအိမ် သွားကြ…”

နှိုးနေတဲ့အသံကြောင့် အတာရော၊ မငွေမိပါ နိုးသွားတယ်။

နှစ်ရှည်လများ လက်ပွန်းတတီးရှိခဲ့တဲ့အသံ၊ ရင်းနှီးခဲ့တဲ့အသံ…။

ဒီအသံပိုင်ရှင်ဟာ အမေကြီးဒေါ်မြင့်ဆိုတာ အတာတို့နှစ်ယောက်စလုံး သိတယ်။

အိပ်ရာထဲကလူးလဲပြီးအထမှာကြမ်းပြင်ပေါ်တောင်ရောက်တဲ့အသံ တဖောက်ဖောက်ကို တစ်ချက်နှစ်ချက်ကြားလိုက်ရသလို ရှိတယ်…။

နှစ်ယောက်စလုံး အပေါ်ကိုမော့ကြည့်မိတယ်။

ဟုတ်ကယ်၊ ကြယ်တွေ တစ်ပွင့်မှ မရှိတော့ဘူး။ မျောက်ခြင်းမလှ မျောက်တုန်ကြပြီ…။

ကောင်းကင်ကြီးပေါ်မှာ မိုးသားမိုးရိပ်တွေနဲ့ မည်းမှောင်အုံ့ဆဲနေတယ်။

အဲဒီတုန်းမှာ လေပြေတစ်ချက် ဖေ့တိုက်လာတယ်။

အေးစိမ့်နေတဲ့လေ၊ မိုးနံ့ပါတဲ့လေ…။

သူတို့လင်မယား အိပ်ရာတွေအမြန်သိမ်း။ ပုဆိုးပေါ်ထမ်း

www.burmeseclassic.com

www.burmeseclassic.com



ပြီး မငွေမိအမေအိမ် ပြေးသွားကြတယ်။

မငွေမိအမေ အိမ်တံခါးဖွင့်ပေးလိုက်ချိန်မှာပဲ ကြောက်ရော ဖြန်းခနဲအသံကြီးနဲ့ ဝင်းခနဲဝင်းခနဲ လျှပ်စီးကြောင်းကြီး လက်သွားတယ်။

ချက်ချင်းပဲ မိုးကြီးသဲသဲမဲမဲ၊ ဝုန်းဝုန်းဒိုင်းဒိုင်း ရွာချလိုက်တယ်.....။

"ကံကောင်းလို့ ငွေမိရေ....၊

အမေကြီးဒေါ်မြင့် နိုးလို့သာပေါ့.....၊

နို့မို့ဆို တို့နှစ်ယောက်စလုံး မိုးမိလို့ ကြွက်စုတ်ဖြစ်နေပြီ....."

အတာက အမေကြီးဒေါ်မြင့်ကို ကျေးဇူးတင်သံနဲ့ ပြောတယ်။

"တုတ်ပေါ့တော်....၊

အမေကြီးဒေါ်မြင့် နိုးလို့သာပေါ့....."

မငွေမိ တအံ့တသြနဲ့ အတာ့စကားကိုထောက်ခံရင်းပြန်ပြောလိုက်တယ်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတို့ အနန္တရာယ်ကင်း ပရိတ်တရားနာရရင် ကောင်းမလား အမေ....."

မငွေမိ သူ့အမေနဲ့တိုင်ပင်တယ်။

"မလုပ်ပါနဲ့အေ....၊ ကိုယ်က အိမ်ငှားဘဝနဲ့နေပြီး အိမ်ရှင်ကို နှင်ထုတ်သလိုဖြစ်နေမှာပေါ့....."

အနန္တရာယ်ကင်း ပရိတ်တရားနာရင် သရေတော်သံ... တော်တွေက အိမ်ဝင်း၊ ခြံဝင်းထဲမှာနေထိုင်တဲ့ မကောင်းဆိုး... နာနာဘာဝအပေါင်းကို ရတနာသုံးပါးအမိန့်နဲ့ နှင်ထုတ်ရတယ်...

ဒါကိုရည်ညွှန်းပြီး မငွေမိအမေက တားတာပါ။

"သူတို့အားလုံး မြင့်မြတ်တဲ့ဘုံဘဝရောက်အော... ကောင်းမှုကုသိုလ်လုပ်ပြီး အမျှအတန်းဝေရင်ရော....."

အတာက သူ့ယောကျ်ားကိုထပ်ပြီး မေးတယ်။

သတ္တဝါဆိုတာက ကိုယ့်ကိုယ်ကို ခင်တွယ်ကြတယ်...

လက်ရှိဘဝကိုပဲ တွယ်တာ တပ်မက်နေတတ်တယ်... သာယာနေတတ်တယ်။

"အမေ ပြောပြမယ်၊ သေချာနားထောင်....၊

ဗုဒ္ဓမြတ်စွာဘုရားရှင် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း... တော်မှာ သီတင်းသုံးနေစဉ်က....၊

www.burmeseclassic.com

www.burmeseclassic.com



ရဟန်းငါးရာဟာ မြတ်စွာဘုရားဆီက ကမ္မဋ္ဌာန်းတရားများကိုသင်ယူပြီး ဟိမဝန္တာအနီးမှာရှိတဲ့ တောအုပ်ကြီးတစ်ခုထဲသွားပြီး တရားအားထုတ်ကြတယ်။

ဒီလိုရဟန်းတွေတရားအားထုတ်နေတော့သူတို့ရဲ့သီလတန်ခိုးကြောင့် တောထဲမှာရှိတဲ့ရုက္ခစိုးတွေဟာ သူတို့ဘုံဗိမာန်သစ်ပင်တွေပေါ်မှာ နေလို့မရတော့ဘူး။ မနေနိုင်ကြဘူး။

ရုက္ခစိုးဆိုတာက သစ်ပင်ကိုစောင့်ရှောက်တဲ့ နတ်ပေါ့။

သူလည်း ပြိတ္တာဘုံသား။ နာနာဘာဝတစ်မျိုးပဲ။

ရုက္ခစိုးတွေက ရဟန်းတွေ တောထဲမှာမနေရဲအောင်၊ ထွက်ပြေးအောင် လုပ်တယ်။

ဘယ်လိုလုပ်လဲဆိုတော့ ထိတ်လန့်ကြောက်ရွံ့ဖွယ် ရုပ်ဆင်းသဏ္ဌာန်တွေကို အမျိုးမျိုးဖန်ဆင်းပြတယ်၊ ခြောက်လှန့်ကြတယ်။

ရဟန်းတွေလည်း စိတ်ချောက်ချားတာပေါ့....။

စိတ်အနှောင့်အယှက်ဖြစ်ပြီး တရားကိုကောင်းကောင်းမွန်မွန်၊ ဖြောင့်ဖြောင့်တန်းတန်း တရားအားမထုတ်နိုင်ကြတော့ဘူး....။

ဒီ့ကြောင့် သာဝတ္ထိပြည်ကို ပြန်သွားကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပျက်ခဲ့တဲ့ အကြောင်းစုံ.....၊

မြတ်စွာဘုရားကို လျှောက်ထားတယ်။

မြတ်စွာဘုရားက ရဟန်းတို့ကို "လက်စုက်အဆောင် အယောင်၊ အရုံအတား မဆောင်သွားကြပဲကိုး....." လို့ မိန့်တော်မူတယ်။

ရဟန်းတို့ကို မေတ္တာသုတ် ပရိတ်အရံအတားကို သင်ကြားပေးတယ်။

ရဟန်းငါးရာလည်း မေတ္တာသုတ်ကို နာယူကျက်မှတ်ကြတယ်။

ပြီးတာနဲ့ တောအုပ်ကြီးထဲကို ပြန်ပြီးဝင်ခဲ့ကြသတဲ့.....။

တောအုပ်ကို စပြီးဝင်ကတည်းက မေတ္တာသုတ်ကိုရွတ်ဆိုကြတယ်၊ နောက် ကမ္မဋ္ဌာန်းတရားကို အားထုတ်တယ်။

ဒီလိုရွက်ဆောင်တော့မှ ရုက္ခစိုးတွေတာ ရဟန်းတော်တွေကို အနှောင့်အယှက်လုံးဝမပြုတော့ဘူး။

မပြုတဲ့အပြင် ကူညီစောင့်ရှောက်မှုတွေ ပြုတယ်။

ဒီတော့မှ ရဟန်းအပေါင်းတာ ဝါတွင်းသုံးလကာလ ပတ်လုံး အေးချမ်းစွာ တရားအားထုတ်နိုင်ကြတယ်။

တရားထူး၊ တရားမြတ်တွေလည်း ရရှိသွားကြသယ်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



မေတ္တာသုတ်ကို ရွတ်ဖတ်ပူဇော်ရင် နာနာဘာဝ မကောင်းဆိုးဝါးတွေတင် မကဘူး။

ကိုယ့်ရဲ့ရန်သူတွေကတောင် ချစ်ခင်လာတယ်၊ ကူညီလာတယ်။

အဲ့ကြောင့် သားတို့သမီးတို့လည်း မေတ္တာသုတ်ပရိတ်တော်ကို ရွတ်ဖတ်ပူဇော်ကြရမယ်။

တစ်ခုရှိတာက မေတ္တာသုတ်ကို ရွတ်ဖတ်ပူဇော်ရုံနဲ့တော့ မရဘူး.....၊

မေတ္တာသုတ်မှာ ပါဝင်တဲ့အတိုင်း ကျင့်ကြံရမယ်၊ သူတော်ကောင်းတရားကို အားထုတ်ကြရမယ်။

ဒီလိုလုပ်မှတစ္ဆေ၊သရဲ၊နာနာဘာဝတွေရဲ့အနှောင့်အယှက်က ကင်းစေမယ်....."

အတာရော၊ ငွေမိရော အမေဖြစ်သူ လမ်းညွှန်ပြတဲ့အတိုင်း မေတ္တာသုတ်ရွတ်တယ်။

အမေကြီးဒေါ်မြင့်နဲ့ ကြံကြိုက်တဲ့သတ္တဝါအပေါင်းတို့အတွက်လို့ပြောပြီး ခေါင်းရင်းဘက်က သရက်ပင်မှာ ထမင်းပန်းကန် အမြဲတင်ပေးတယ်။

ဒီအစီအစဉ်က သရဲ၊ခြောက်တဲ့နည်းလို့တောင် ပြော



www.burmeseclassic.com

www.burmeseclassic.com



လို့ရတယ်....၊

အဲဒီနောက်ပိုင်း ကြောက်အောင်လန့်အောင် မပြောတော့ဘူး။

ရှိတာကတော့ ရှိနေတုန်းပဲ။

မြမြ အရိပ်အငွေ့လိုအရာတွေ တစ်ခါတစ်ခါတွေ့တယ်။

အမေကြီးအေးမြင့်ရဲ့ တောင်ဝှေးထောက်သံ တတောက်တောက်ကိုလည်း ရံဖန်ရံခါ ကြားရတယ်။

ဒီနေ့ထိလည်း ရှိနေသေးတယ်။

အိပေမဲ့ အတာရော၊ ငွေမိရော ကြောက်စိတ်လန့်စိတ် မဖြစ်တော့ပါဘူးတဲ့.....။

(၁၄.၄.၂၀၁၆)နေ့က စာရေးသူ ကညွတ်ကွင်းမြို့ ရောက်ရှိစဉ် အတာနှင့် ငွေမိတို့ပြောပြတဲ့ ဖြစ်ရပ်မှန်ဖြစ်ပါတယ်။

◆ ◆ ◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

# တစ္ဆေခြောက်ခံရသူများ

"တာ......"

ကိုတင်ဝင်း ဆံပင်မွေးတွေ ထောင်ထသွားတယ်။

ကြောက်လန့် ချောက်ချားတဲ့စိတ်က

ယပ်ထိပ်ထိ တက်သွားတယ်......။

"မော်ကြီး......"

သူ ကုန်းအော်လိုက်တယ်။

တုတ်တယ်.....။ မော်ကြီးမှ မော်ကြီးအစစ်......၊

မျက်နှာတစ်ခုလုံး သွေးအလိမ်းလိမ်း

ပေကျံနေတယ်။

မျက်နှာတစ်ခြမ်းက ကြေမွနေပြီး

အသဲတုန်စရာကောင်းအောင်

ရုပ်ပျက်ဆင်းပျက် ဖြစ်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com

# တစ္ဆေခြောက်ခံရသူများ

## ခရီးလမ်းက သေသူ့ဝိညာဉ်

"မော်ကြီးတစ်ယောက် ကားမှောက်လို့ဆုံးပြီတဲ့....."

ကြားရတဲ့သတင်းစကားကြောင့်ကိုတင်ဝင်းစိတ်မချမ်းမသာ ဖြစ်ရတယ်။

"မြွေအလိမ္ပာယ်ဆရာ မြွေကိုက်ခံရပြီး သေသလို....၊ လှေထိုးသား ရေနစ်ပြီး သေရသလိုမျိုး.....၊ ကားကိုမျက်စိမှိတ်မောင်းနိုင်ပါတယ်ဆိုတဲ့ကားသမားလည်း ကားနဲ့ပဲသေရတာပါပဲ....."

ဓားသွားပေါ်က ပျားရည်စက်ကို လျက်နေရတဲ့ကားသ



www.burmeseclassic.com

www.burmeseclassic.com



စားသာဝ.....။

စားဝတ်နေရေးအတွက် အသက်နဲ့ရင်းပြီး လုပ်စားနေရတဲ့ကားသမားဘဝကို ကိုတင်ဝင်း ကြောက်.... ကြောက်လာတယ်၊ လန့်... ဖလန့်လာတယ်။

တစ်ခုတော့ ပြောစရာရှိတယ်။

မော်ကြီးက ယမကာလုလင်.....၊

အရက်နဲ့ ကားသမားဆိုတာက ကမ္ဘာ့ရန်၊ မမွှာ.. သောတ.. အင်းဝ.. ရာဇာ။

အရက်သမားမှ ဝါရင့်အရက်သမား....။

"မူးရင် မမောင်းနဲ့....၊ မောင်းရင် မမူးနဲ့" ဆိုတဲ့ စကားနဲ့ပတ်သက်ပြီး မော်ကြီးပြောနေကျ စကားတစ်ခုရှိတယ်။

"မူးနေမှ ကားကမောင်းလို့ကောင်းတယ်၊ အန္တရာယ်တင်းတယ်၊

မသောက်ရသေးရင် ခြေတွေလက်တွေတုန်ပြီး ခေါင်းတွေနောက်လာတယ်၊ ကားမောင်းရတာ မကောင်းတော့ဘူး။ အဲဒီမှာ အန္တရာယ်ရှိလာတာပဲ.....၊

ဒီကတော့ မောင်းရင်မူးမှ....၊

မူးရင် မောင်းမှပဲ....." တဲ့။



www.burmeseclassic.com

www.burmeseclassic.com



လူစည်စည်ကားကားရှိရင်လည်း အသံကျယ်ကြီးနဲ့ ပြောတတ်သေးတယ်။

"ငါက အသက်နဲ့လူလုပ်တာ မဟုတ်ဘူး။

အရက်နဲ့ လူလုပ်တာကွ" တဲ့......။

အရက်သမားဖြစ်တာကိုပဲ သူ့မှာ ဂုဏ်ယူစရာလို့ အောက်မေ့နေသေးတယ်.....။

ဝါရင့်အရက်သမားဆိုတာက အရက်နဲ့မျက်နှာသစ်တဲ့ သူကိုပြောတာ.....။

မျက်နှာမသစ်ရသေးခင် အရက်အရင်သောက်တဲ့သူ ပေါ့.....။

ဒီအဆင့်ရောက်သွားရင် ဆုံးမလို့မရတော့ဘူး။ အရက် သာ အမိ၊ အရက်သာ အဖ ဖြစ်သွားပြီ။

မော်ကြီးလည်း ဒီအတိုင်းပဲ။

မိဘကပြောပြော၊ ဇနီးမယား သမီးသားကဖျောင်းဖျ ဂရုမစိုက်တော့ဘူး။

ငါ့စကားနွားရ ဆင်ခြေဆင်လက်တစ်မျိုးမျိုး သူ့မှာရှိ တတ်တယ်။

ပြောမရတော့ ဘယ်သူမှမပြောတော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ မော်ကြီးအရက်သောက်တာ ဆိုးသည်ထက်ဆိုး လာတယ်။

ခုတော့ ကားမှောက်ပြီးသေရပြီ......။

သတင်းကြားကြားချင်း ကိုတင်ဝင်း မော်ကြီးအိမ်သွား တယ်၊ အကျိုးအကြောင်း မေးတယ်။

မနေ့ညက ဖြစ်တာတဲ့။

ထုံးစံအတိုင်း မော်ကြီးအရက်သောက်ထားတယ်။

ရန်ကုန်အဝင်ကျတော့ ကားက ဘေးကိုဆွဲသွားပြီး လမ်းဘေးကုက္ကိုပင်ကို ဝင်တိုက်လိုက်တယ်။

မောင်းလာတဲ့အရှိန်ကလည်း ပြင်းတယ်။

ကားခေါင်းတစ်ခုလုံး ကြေမွသွားတယ်။

မော်ကြီးလည်း နေရာမှာတင် ပွဲချင်းပြီးတာပဲ။

စပယ်ယာကတော့ ကံကောင်းပြီး အနည်းအကျဉ်းပဲ ဒဏ်ရာရတာတဲ့......။

မော်ကြီးမိန်းမနဲ့ သားတွေသမီးတွေ ငိုနေကြတယ်။

နောက်ပြီး ဆွေမျိုးတွေနဲ့အတူ ရန်ကုန်လိုက်သွားဖို့ စီ စဉ်နေကြတယ်။

ကိုတင်ဝင်းနဲ့ မော်ကြီးက ကားသမားချင်းတူသလို

www.burmeseclassic.com

www.burmeseclassic.com



တစ်ရပ်ကွက်တည်းသားချင်းလည်း ဖြစ်တယ်။

မော်လမြိုင်မှာမွေး၊ မော်လမြိုင်မှာပဲ ကြီးလာတဲ့သူတွေ လည်း တူတယ်။

အလယ်တန်းအဆင့်ထိလည်းတစ်ကျောင်းတည်း၊တစ်ခန်းတည်း နေခဲ့တဲ့သူငယ်ချင်းတွေ၊ လူရင်းတွေ.....။

အဲ့ကြောင့် ကိုတင်ဝင်း၊ မော်ကြီးရဲ့နောက်ဆုံးခရီးကို လိုက်ပို့ချင်တယ်။

တစ်သက်လုံး ကွယ်ပျောက်သွားတော့မယ့် မော်ကြီးရဲ့ မျက်နှာကို မြင်ခွင့်ရတုန်း မြင်လိုက်ချင်တယ်။

စိတ်ကသာ ရှိတာပါ၊ တကယ်တန်းကျတော့ သူလိုက် လို့မဖြစ်ဘူး၊ မလိုက်နိုင်ဘူး။

သူ့ကားက ဒီနေ့မှကုန်ရတာ။

မနက်ဖြန်၊ သဘက်ခါ ကုန်တင်ဖို့လုပ်ရဦးမယ်။

ကုန်တင်ပြီးမှ ရန်ကုန်သို့သွားရမယ်။

ရန်ကုန်ရောက်တော့လည်း ဘုရင့်နောင်ဝင်းထဲမှာ ကုန် ချဖို့ အလှည့်စောင့်ရဦးမယ်.....။

အဲ့ကြောင့် မော်ကြီးမိန်းမကို အကျိုးအကြောင်းရှင်းပြ တောင်းပန်ပြီး ကူငွေကို တစ်ခါတည်းထည့်ပေးလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ စကားပြောနေတုန်းမှာပဲ မော်ကြီးအုံနာရဲ့ကား ရောက်လာတယ်။

ရန်ကုန်သွားဖို့ အဆင်သင့်ပြင်ဆင်ထားတဲ့ ပစ္စည်းပစ္စယတွေ၊ အဝတ်အစားအိတ်တွေကို ကားပေါ်တင်ကြတယ်။

ကိုတင်ဝင်း နှုတ်ဆက်ပြီး ပြန်လာခဲ့တယ်။

သူ့စိတ်ထဲမှာတော့......၊

"မော်ကြီးရေ...၊

ကောင်းရာမွန်ရာ ရောက်ပါစေ...."လို့ ဆုတောင်းပေးနေမိတယ်......။

◆ ◆ ◆

ကိုတင်ဝင်း အရိုင်ဘာထိုင်ခုံမှာ ထိုင်လိုက်တယ်။

အရိုင်ဘာထိုင်ခုံကို ထိုင်လိုက်တာနဲ့တပြိုင်နက် ဘုရား၊ တရား၊ သံဃာ၊ အမိ အဘ၊ ဆရာသမားတွေကို ရည်မှန်းပြီး ကန်တော့တယ်။

သွားလမ်းသာလို့ လာလမ်းဖြောင့်ပါစေ၊ အန္တရာယ်ကင်း ဘေးရှင်းအောင် သမ္မာဒေဝနတ်မြတ်နတ်ကောင်း နတ်အပေါင်းတို့က စောင့်ရှောက်ပေးကြပါလို့ ဆုတောင်းတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုပြုမြဲအလုပ်ကို မမေ့မလျော့လုပ်ပြီးပြီဆိုမှ စိ
တိုင်ကိုကိုင်တယ်။

ခရီးစဉ်ကို စတယ်။

မော်ကြီးဆုံးတဲ့နေ့က သူ့ကားကုန်တင်ရမှာမို့ ရန်ကု
မလိုက်ဖြစ်ခဲ့ဘူး။

မော်ကြီးရတဲ့ဒဏ်ရာဒဏ်ချက်တွေကအရမ်းဆိုးတယ်

အဲ့ကြောင့် အလောင်းပြန်မသယ်တော့ဘဲ ရန်ကုန်မှာ
မီးသဂြိုဟ်မယ်တဲ့.......။

မနေ့က ကားထွက်ရရင် မော်ကြီးရဲ့အလောင်းကို
မြင်ခွင့်ရဦးမယ်.....၊

နောက်ဆုံးခရီးကို လိုက်ပါပို့ဆောင်နိုင်မယ်။

ဖြစ်ချင်တော့ သူ့ကားက ဒီနေ့နေ့လယ်မှ ရန်ကုန်
ထွက်ရမယ်။

မော်ကြီးရဲ့အလောင်းကိုလည်းဒီနေ့ညနေပိုင်းမှသဂြိုဟ်
မယ်......၊

သူ့အနေနဲ့ ဘယ်လိုမှ သဂြိုဟ်မမီတော့ဘူးဆိုတာ တွေ
ပြီး ကိုတင်ဝင်း စိတ်မကောင်းဘူး။

နောက်ဆုံးတော့ "အခြေအနေကမှ မပေးတော့ မတတ်

www.burmeseclassic.com

www.burmeseclassic.com



ည်ဘူးလေ.....”ဆိုပြီး စိတ်ကိုလျှော့ချထားလိုက်တယ်။

ဒီတော့မှ စိတ်သက်သက်သာသာ ဖြစ်သွားတယ်။

သကြီးတ်ပြီး အုံနာ့ကားနဲ့ ချက်ချင်းပြန်လာကြမှာဆို

တော့ သူ့ကားနဲ့လမ်းမှာ ဆုံတွေ့နိုင်မှာကြောင့် မျက်နှာချင်းဆိုင်

လာတဲ့ကားတွေကို ဂရုစိုက်ကြည့်လာခဲ့တယ်။

ဒါပေမဲ့ ညမှောင်ရီသန်းတဲ့အထိ မတွေ့ဘူး။

ဖြစ်နိုင်တာက ညနေစာကို လမ်းကဆိုင်မှာဝင်စား

တယ်။

စားပြီးတော့ ကားလမ်းဘေးသစ်ပင်ရိပ်မှာ ခဏတစ်

ရှေတ် အိပ်လိုက်မိတယ်။

အဲဒီအချိန်မှာ ဖြတ်ကျော်သွားတာဖြစ်မယ်လို့ တွေးမိ

တယ်.....။

ကိုတင်ဝင်း ကားကို ဂရုတစိုက်မောင်းလာတယ်။

နာရီလက်တံတွေနဲ့ အပြိုင်မောင်းပြီး တစ်မြို့ပြီးတစ်

မြို့ ဖြတ်သန်းလာခဲ့တယ်။

ည (၁၀) နာရီလောက်မှာ ဘုရားကြီးကို ရောက်လာ

တယ်။

ညနေစာ ထမင်းစားတာ များသွားတာကြောင့်လား.....၊

www.burmeseclassic.com

www.burmeseclassic.com



ဒါမှမဟုတ် မော်ကြီးအကြောင်း တိုတိုဒိဒိစဉ်းစားတွေး တောရင်း စိတ်ဖိအားများခဲ့တာကြောင့်လား မသိဘူး......။

ခေါင်းနည်းနည်းအုံပြီး မျက်ခွံတွေလေးနေတယ်။

ကိုတင်ဝင်း မိုးအလင်းရောင်ဆိုတဲ့ လက်ဖက်ရည်ဆိုင် တစ်ဆိုင်ရှေ့မှာ ကားကိုရပ်လိုက်တယ်။

မျက်စိကျယ်အောင် လက်ဖက်ရည်ကျကျ တစ်ခွက် သောက်တယ်။

စပယ်ယာကောင်လေး ကားဘီးတွေ တခုန်ခုန်ထု လေပေါင်ပြည့်၊ မပြည့်စမ်းနေချိန်မှာ သူက ကွမ်းတစ်ဘူးဝယ် တယ်.......၊

ကွမ်းနှစ်ယာ တစ်ပြိုင်တည်းထည့်ပြီး ဝါးတယ်။

ကတ္တရာလမ်းပေါ်မှာ ဆယ်မိနစ်လောက် ခေါက်တုန့် ခေါက်ပြန် လမ်းလျှောက်လိုက်တယ်။

စိတ်တွေ လန်းလန်းဆန်းဆန်းဖြစ်ပြီး အိပ်ချင်စိတ် ပျောက်မှ ကားကို ဆက်မောင်းလာခဲ့တယ်.....။

လျှပ်စစ်မီးရောင်တွေနဲ့လင်းထိန်နေတဲ့ပဲခူးမြို့ကိုကျော် ခဲ့ပြီ။

ရွှေ့ တိုးဓိတ်ကိုကျော်တာနဲ့ ရန်ကုန်နယ်နိမိတ်ထဲ ဝင်

www.burmeseclassic.com



•

တော့မယ်.....။

သူ့ကား တိုးဂိတ်ကိုဖြတ်သန်းအပြီးမှာ သူ့စိတ်ထဲ အတွေးတစ်ခု ဝင်လာတယ်။

"မော်ကြီး ကားမှောက်တာ ဘယ်နေရာဖြစ်မလဲ....."

သူ ကြက်သီးတွေ ဖျန်းခနဲထသွားတယ်။

ခေါင်းနပမ်းတွေကြီးသွားသလိုလည်း ခံစားလိုက်ရတယ်.....။

စိတ်ကိုတည်ငြိမ်အောင်ထားပြီး ကားကိုပဲ ဂရုစိုက်မောင်းလာခဲ့တယ်။

စပယ်ယာကောင်လေးကလည်း သူ့ဘေးမှာငြိမ်ငြိမ်လေး ထိုင်လိုက်လာတယ်။

သေသေချာချာ ကြည့်လိုက်တော့မှ အိပ်နေတာတွေ့လိုက်တယ်.....။

သူမနိုးအဲ ဒီအတိုင်းထားလိုက်တယ်.....။

လမ်းပေါ်မှာ ကားရှင်းနေတာကြောင့် စိတ်အေးလက်အေး မောင်းလာခဲ့တယ်။

သူ့ရှေ့ခပ်လှမ်းလှမ်းမှာ ကုန်တင်ကားတစ်စီး သူ့လိုပဲ ရန်ကုန်ဘက်ဦးတည်ပြီး သွားနေတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကားနောက်မီးတစ်စုံကို လှမ်းမြင်နေရတယ်။

ရုတ်တရက် သူ့စိတ်ထဲမှာ အန္တရာယ်သတိပေး ခေါင်း လောင်းသံတွေ မြည်လာတယ်။

တုတ်တယ်၊သူ့ရှေ့ခပ်လှမ်းလှမ်းကနေသွားနေတဲ့ကား ရဲ့ မှုမှန်ပုံကို လှမ်းတွေ့နေရတယ်။

ကားက အရက်မူးသမားလမ်းလျှောက်သလို ဘယ် ကနေ ညာ၊ ညာကနေ ဘယ်၊ လမ်းတစ်လမ်းလုံးပြည့်အောင် မောင်းနေတယ်။

"ခရိုင်ဘာ အိပ်ငိုက်ပြီးမောင်းနေတာ ဖြစ်မယ်...."

သူ့အတွေးတောင် မဆုံးသေးဘူး။

ရှေ့ကကားဟာ လမ်းရဲ့ဘယ်ဘက်ကို ဆွဲသွားတယ်။

တစ်ခါ ညာဘက်ခေါင်းတည့်ပြီး ပြန်ဆွဲလာတယ်။

ဒါပေမဲ့ လမ်းအတိုင်းဆက်မသွားဘူး....။

အရှိန်လွန်ပြီး လမ်းဆုံးပေါ်ကျသွားတယ်။

ပြီးတော့ လမ်းဘေးက ကုက္ကိုပင်ကြီးကို ဝုန်းခနဲကျယ် လောင်တဲ့အသံကြီးနဲ့ ဝင်တိုက်လိုက်တယ်။

"တာ..."

သူထိတ်လန့်တကြား အော်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



စပယ်ယာကောင်လေးတောင် နိုးသွားတယ်။

"ဘာ... ဘာ... ဘာဖြစ်တာလဲ အစ်ကို၊ ဘာဖြစ်လို့လဲ......"

စပယ်ယာကောင်လေးက အိပ်ချင်မူးတူးအသံနဲ့ အမောတကော မေးတယ်။

သူ ပြန်မဖြေနိုင်ဘူး။ ဘာ့ကြောင့်လည်းဆိုတော့ ရှေ့က အက်ဆီးဒင့်ဖြစ်တဲ့ကားဆီကိုပဲ အာရုံရောက်နေတယ်။

တဖြည်းဖြည်း သူ့ကားကနီးလာတယ်။

အဲဒီတုန်းမှာ အက်ဆီးဒင့်ဖြစ်တဲ့ကားဆီက လူတစ်ယောက်ပြေးထွက်လာတယ်။

ကားလမ်းပေါ် တက်လာတယ်။

"ခရိုင်ဘာလား...၊ စပယ်ယာလား.....၊ အကူအညီတောင်းဖို့တက်လာတာပဲ....."

သူတွေးနေတုန်းမှာ သူ့ကားကိုတားနေတာ တွေ့ရတယ်...။

ဒုက္ခရောက်နေသူကို မျက်ကွယ်ပြုပြီး သူမသွားနိုင်ဘူး။ နောက်ပြီး ကားသမားအချင်းချင်းလည်း ဖြစ်နေတယ်။ သူ ကားကိုအရှိန်လျှော့လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလုပ်လဲတာ.....၊
လမ်းဘေးဆင်းတာ မဟုတ်ဘူး....."

ကိုတင်ဝင်း ကူညီမှာပါ....၊ ဒါက သူ့ရဲ့စိတ်ရင်းအမှန်ပါ။

ဒါကြောင့်လည်း ကားအရှိန်လျှော့ချပြီး မောင်းလာတယ်။

ဒါပေမဲ့ ကားတားနေတဲ့လူက လမ်းဘေးကိုမဆင်းဘူး။

သူကား မကူညီဘဲ မောင်းပြေးမယ်များထင်နေသလား မသိဘူး.....။

သူကားနီးကပ်လာတဲ့အထိ ကားလမ်းအလယ်မှာ ခေါင်းငိုက်စိုက်နဲ့ ရပ်နေတယ်။

"တော့လူ.... ဘေးဖယ်လေ....."

ကားမီးရောင်အောက်မှာ ပေရပ်နေတဲ့လူကို သူအော်သ ထွက်သွားတယ်။

ခပ်ဇော်ဇော်ပဲ ခေါင်းကိုအပြင်ထွက်ပြီး လှမ်းအော် ပြောတယ်။

အဲဒီအချိန်မှာ ကားတားနေတဲ့သူရဲ့ ဦးခေါင်းတဖြည်း ဖြည်း မော့လာတယ်။

ကားပေါ်က သူ့ကို ကြည့်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"တာ....."

ကိုတင်ဝင်း ဆံပင်မွေးတွေ ထောင်ထသွားတယ်။

ကြောက်လန့်ချောက်ချားတဲ့စိတ်က ငယ်ထိပ်ထိတက်သွားတယ်။

"မော်ကြီး....."

သူ ကုန်းအော်လိုက်တယ်.....။

တုတ်တယ်၊ မော်ကြီးမှ မော်ကြီး......။

မျက်နှာတစ်ခုလုံး သွေးအလိမ်းလိမ်း ပေကျံနေတယ်။

မျက်နှာတစ်ခြမ်းက ကြေမွနေပြီး အသဲတုန်စရာကောင်းအောင် ရုပ်ပျက်ဆင်းပျက် ဖြစ်နေတယ်။

ကိုတင်ဝင်း ချက်ချင်းသဘောပေါက်သွားတယ်။

ကားကိုမရပ်ဘဲ အရှိန်မြှင့်ပြီး ဘက်မောင်းတယ်......၊ မော်ကြီး ရုတ်တရက်ပျောက်သွားတယ်။

လမ်းဘေးမှာ ကုက္ကိုပင်တိုဝင်တိုက်နေတဲ့ ကားကြီးလည်း မရှိတော့ဘူး.....။

ကိုတင်ဝင်းတစ်ယောက် ဆောက်တည်ရာမရ

ကြောက်လန့်ခြင်းကြီးစွာနဲ့ ကားကိုတော်တော်ဝေးဝေးရောက်အောင် မောင်းသွားမိတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူ့နှလုံးတွေက တဒိန်းဒိန်းခုန်နေတယ်။

ခပ်ဝေးဝေးထိရောက်မှစိတ်ငြိမ်အောင်ထိန်းပြီးကားကို ရပ်လိုက်တယ်။

"အစ်ကို ဘာဖြစ်သွားတာလဲ....."

စပယ်ယာကောင်လေးရဲ့ စကားသံကြောင့် ကိုတင်ဝင်း အံ့အားသင့်သွားတယ်.....။

"မင်း ဘာမှမတွေ့ဘူးလား....."

"မတွေ့ပါဘူး အစ်ကို.....၊

အစ်ကို ဘာတွေ့လို့လဲ....၊

ကျွန်တော်တော့ အစ်ကိုရုတ်တရက်ကြီး စိတ်ဖောက် ပြန်သွားတာလားဆိုပြီး လန့်တောင်သွားတယ်...."

"ငါ စောစောက မော်ကြီးကိုတွေ့လိုက်လို့....."

"ဗျာ.... ကိုမော်ကြီးကိုလား...."

"အေးကွ....၊ စောစောက ငါတွေ့ခဲ့တဲ့နေရာမှာ မော် ကြီး ကားအက်ဆီးဒင့်ဖြစ်တာ ဖြစ်မယ်...."

ကိုတင်ဝင်းနဲ့ သူ့စပယ်ယာဟာ အနီးအနားမှာတွေ့ တဲ့ လမ်းမိုင်တိုင်ကို ရှာဖွေမှတ်သားတယ်.....။

ပြီးမှ ရန်ကုန်ဘက် ဆက်ထွက်ခဲ့ကြတယ်.....။



www.burmeseclassic.com

www.burmeseclassic.com



နောက်မှသိရတာက မော်ကြီး ကားအက်ဆီးဒင့်ဖြစ်တဲ့နေရာဟာ ကိုတင်ဝင်းတွေ့တဲ့နေရာ အတိအကျဖြစ်နေတာပါ။

ကိုတင်ဝင်း စဉ်းစားနေတာက......၊

မော်ကြီးရဲ့ဇနီးဟာ သုသာန်မှာသင်္ဂြိုဟ်ပြီးတာနဲ့ ပန်းတစ်ခက် (အိမှမဟုတ်) သစ်ရွက်တစ်ခက်နဲ့ မော်ကြီးရဲ့ဝိညာဉ်ကို ခေါ်သွားမှာဖြစ်ပါတယ်။

ဒါပေမဲ့ အမှန်တကယ် မော်ကြီးရဲ့ဝိညာဉ် စွဲကပ်မှီတွယ်တဲ့နေရာက ကားအက်ဆီးဒင့်ဖြစ်တဲ့နေရာ ဖြစ်နေတယ်။

ဒီအတိုင်းသာ အမှန်တကယ်ဆိုရင်......၊

သူ့အတွက်ရည်စူးပြီး ကောင်းမှုကုသိုလ်လုပ်၊

အမျှအတန်းဝေတာကို မော်ကြီးသိနိုင်မှာ မဟုတ်ဘူး။

မသိရင် သာဓုခေါ်နိုင်မှာ မဟုတ်ဘူး....။

သာဓုမခေါ်နိုင်ရင်၊ ကောင်းမှုကုသိုလ်ရဲ့ အဖို့ဘာဂကို မရခဲ့ရင်......၊

မော်ကြီးတစ်ယောက်.....၊

သရဲတစ္ဆေတစ်ကောင်ရဲ့ဘဝနဲ့ပဲလွင့်ပါးကျင်လည်နေရဦးမလားဆိုတာကိုတွေးရင်း စိတ်မကောင်းဖြစ်ခဲ့ရပါတယ်။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com



ကိုတင်ဝင်းကတော့သူကိုယ်တွေ့တစ္ဆေခြောက်ခံခဲ့ရတဲ့အကြောင်းကို ပြောပြပြီးပါပြီ။

သူ့အဖြစ်အပျက်ကို နားထောင်ပြီးစာရေးသူတစ်စုံတစ်ခုကို သိချင်နေမိတယ်။

အဲဒါကတော့.....၊

မော်ကြီးဟာ သူ ကားအက်ဆီးဒင့်ဖြစ်တဲ့နေရာကို ရောက်ရှိလာတဲ့ ကားတိုင်းကို ခြောက်လှန့်နေတာလား....၊

ဒါမှမဟုတ်....၊

၊သူ့ရဲ့သူငယ်ချင်းဖြစ်တဲ့ ကိုတင်ဝင်းတစ်ယောက်တည်းကိုပဲ ခြောက်လှန့်ခဲ့တာလားဆိုတဲ့ အကြောင်းနဲ့....၊

ဘာ့ကြောင့် ဒီလိုခြောက်လှန့်ရတာလဲဆိုတဲ့ အကြောင်းအရာတွေပဲ ဖြစ်ပါတော့တယ်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



## ခေါက်ဂုံထဲက ဝိညာဉ်များ

ကြေကွဲစရာကောင်းတဲ့ အဖြစ်အပျက်တစ်ခုပါ။

သတင်းကြားသူတိုင်း နှလုံးသားကို နာနာကျင်ကျင် ဖိနှစ်နေသလိုခံစားရပြီး အသည်းမာသူအချို့တောင် မျက်ရည်စို့ခဲ့ရတယ်လို့ ဆိုပါတယ်။

အငြည်ချုပ်စက်ရုံတစ်ရုံက ကြိုးပို့ဖယ်ရီကားမှောက်ပြီး အမျိုးသမီး အလုပ်သမားခုနစ်ယောက် သေဆုံးတဲ့သတင်းဖြစ်ပါတယ်။

အဆိုးရသူ နှစ်ဆယ်လောက်ထဲမှာလည်း အပြင်းအထန်သမားတွေပါနေလို့ သေစာရင်းထပ်တိုးလာမှာကို စိုးရိမ်နေရတယ်။

မြေနိမ့်ရာ လှံစိုက်ခံရသူလေးတွေ......၊

မိုးလိုက်လို့ရွာတာကို ခံနေရတဲ့ ကံဆိုးမလေးတွေအတွက်......၊

စိတ်မကောင်းခြင်းကြီးစွာနဲ့ မျက်ရည်ဖြိုင်ဖြိုင် ကျသူတွေက ကျလို့ပါ......။

www.burmeseclassic.com

www.burmeseclassic.com



သည်ဖြစ်ရပ်က ရန်ကုန်၊ လှိုင်သာယာစက်မှုဇုန်မှာ ဖြစ်ပွားခဲ့တာပါ။

စက်ရုံက နိုင်ငံခြားသားပိုင်စက်ရုံပါ။

စက်ရုံပိုင်ရှင်က နာရေးကိစ္စဆောင်ရွက်နိုင်အောင်နဲ့ ကြေကွဲဝမ်းနည်းရတဲ့ အထိမ်းအမှတ်အနေနဲ့ လစာမပျက်၊ စက်ရုံ သုံးရက်ပိတ်ပေးမယ်လို့ ကြေညာတယ်။

ဖယ်ရီမှောက်တဲ့အချိန်က မနက် (၇) နာရီလောက်မှာဖြစ်တာကြောင့် လုံခြုံရေးဝန်ထမ်းနဲ့ နိုင်ငံခြားသားဝန်ထမ်းတွေကလွဲပြီး စက်ရုံမှာ လူမရှိတော့ဘူး။

ဝမ်းနည်းခြင်းတွေနဲ့ တိတ်ဆိတ်ငြိမ်သက်ခြင်းတွေသာ စက်ရုံတစ်ခုလုံးကို ချောက်ချောက်ချားချား ကြီးစိုးနေတယ်။

ဒီလို အခြေအနေမှာပဲ ထိတ်လန့်စရာအဖြစ်အပျက်တွေဆက်တိုက်ဆိုသလို ပေါ်ပေါက်လာတယ်။

အဲဒါကတော့တစ္ဆေခြောက်ခံရတယ်လို့ပြောရမယ့်အဖြစ်အပျက်တွေပဲ ဖြစ်ပါတယ်......။

◆◆◆

အဖြစ်အပျက်တွေက နံနက်ရှစ်နာရီခွဲတိတိ အချိန်မှာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်လာတယ်။

"ခုန်း... ခုန်း... ခုန်း..."

"ခုန်း... ခုန်း... ခုန်း... ခုန်း..."

စက်ရုံတစ်ရုံထဲက မော်တာရှုပ်စက် လည်ပတ်သံတွေ တခုန်းခုန်း ထွက်ပေါ်လာတယ်။

အားလုံး အံ့အားသင့်သွားကြတယ်။

အစပထမတော့ ဘယ်သူမှ သဘောမပေါက်ကြဘူး။

အလုပ်သမအချို့စက်ရုံပိတ်တာမသိဘဲ အလုပ်ဆင်းနေကြတာဖြစ်မယ်လို့ ယူဆမိတယ်။

ဒီ့ကြောင့် အသံကြားရာစက်ရုံဘက်ကို အပြေးအလွှား သွားကြည့်ကြတယ်။

အဲဒီကျမှ ပိုပြီးအံ့ဩစရာကိုတွေ့ရတယ်။

ဝင်ပေါက်တံခါးမကြီး၊ ပြတင်းပေါက်တွေပါမကျန် စက်ရုံတံခါးတွေ အားလုံးပိတ်ထားတယ်။

စက်ရှုပ်နေတဲ့အသံတွေက ပိတ်ထားတဲ့စက်ရုံထဲက ထွက်နေတာ...၊

အားလုံး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ပြတင်းမှန်ချပ်တွေကတဆင့် စက်ရုံထဲကို ကြည့်လိုက်ကြတယ်။

စက်ရုံထဲမှာ လူတစ်ယောက်မှမရှိဘူး။

မြင်နေကျမြင်ကွင်းအတိုင်း စနစ်တကျ စီတန်းနေရာချထားတဲ့ စက်ချုပ်ခုံတွေရှိတယ်။

စက်ချုပ်ခုံတွေအနီးမှာ မနေ့က ချုပ်လက်စဖြစ်တဲ့ ပိတ်စအပိုင်းတွေ အပုံလိုက်ရှိနေတယ်။

အဲဒီ စက်ချုပ်ခုံတွေထဲကမှ စက်ခုံငါးခုက စက်ချုပ်သူမရှိဘဲ တဒုန်းဒုန်းလည်ပတ်နေတယ်.....၊

ပိတ်စကလည်း လူချုပ်နေတဲ့အတိုင်း ချုပ်အပ်အောက်ကနေ ညင်ညင်သာသာရွေ့လျားနေတယ်။

စက်ခုံရှေ့ဘက်ကို အတန်းလိုက်ချနေတယ်။

မနက်စောစောက ဖယ်ရီကားမှောက်ပြီး သေဆုံးသွားတဲ့ စက်ချုပ်သမငါးယောက်ရဲ့ ပိညာဉ်တွေ စက်ရုံထဲဝင်ပြီး.....၊

နေ့စဉ် အလုပ်ဆင်းနေကျအတိုင်း စက်ချုပ်နေကြတယ်ဆိုတာ အဲဒီအချိန်ကျမှ နားလည်လိုက်ကြတယ်။

မော်တာအပ်ချုပ်စက် လည်ပတ်သံတွေက ညံနေဆဲ.....။



www.burmeseclassic.com

www.burmeseclassic.com



မမြင်ရတဲ့ဝိညာဉ်တွေက ဗိတ်စတွေချုပ်နေဆဲ......။

လုံခြုံရေးဝန်ထမ်းတွေရော၊ စက်ရုံသူဌေးရော လက်တွေ့မြင်နေရတဲ့......၊

မယုံနိုင်စရာမြင်ကွင်းကိုကြည့်ရင်း အံ့အားသင့်နေကြတယ်၊ ကြောင်ငေးပြီး ကြည့်နေမိကြတယ်။

ဒီအချိန်မှာပဲ အခြားစက်ရုံအဆောင်ထဲက မော်တာချုပ်စက်လည်ပတ်သံတွေ တခုန်ခုန်းထွက်ပေါ်လာပြန်တယ်။

နောက်ထပ်ကြားရတဲ့ စက်ရုံဆီကို အားလုံးအပြေးအလွှားသွားပြီး ကြည့်ကြပြန်တယ်။

အနေအထားက ပထမစက်ရုံမှာ ဖြစ်ပွားတဲ့အတိုင်းပါပဲ။

စက်ချုပ်ခုံနှစ်ခုံတာ စက်ချုပ်အလုပ်သမားမရှိဘဲ လည်ပတ်နေတယ်၊ ဗိတ်စတွေနဲ့ စက်ချုပ်နေတယ်။

မနက်ကသေဆုံးသွားတဲ့ စက်ချုပ်အလုပ်သမ ခုနစ်ယောက်ရဲ့ဝိညာဉ်တွေ အလုပ်လာဆင်းနေကြပြီဆိုတာ သေချာသွားတယ်။

ဘာ့ကြောင့်လည်းဆိုတော့ လူမရှိဘဲ သူ့အလိုလို မော်တာစက်တွေလည်ပတ်ပြီးချုပ်နေတဲ့ခုံကလည်းစက်ရုံနှစ်ရုံပေါင်း

www.burmeseclassic.com

www.burmeseclassic.com



ခုနစ်ခုမြစ်နေလို့ပါ....။

ဒီလို ဘာလုပ်ရမှန်းမသိဘဲ ကြောင်တောင်ကြည့်နေရတဲ့အခြေအနေမှာ ပထမဆုံး သတိဝင်လာတာက နိုင်ငံခြားသားမန်နေဂျာပါ။

သူက စက်ရုံတွေကို လျှပ်စစ်ဓာတ်အားပေးတဲ့ မိန်းခလုတ်ကို သွားပိတ်စေတယ်။

လုံခြုံရေးဝန်ထမ်းတစ်ယောက်က မိန်းခလုတ်ပိတ်လိုက်တယ်။

ထွန်းထားတဲ့ဖန်ချောင်းတွေ မီးငြိမ်းသွားတယ်......။

"ဟာ...."

"တင်....." စတဲ့၊ စတဲ့ ညည်းတွားသံတွေ စက်ရုံထဲကညီးညီးညံ့ညံ့ ထွက်ပေါ်လာတယ်။

လျှပ်စစ်ဓာတ်အားဖြတ်လိုက်တာကြောင့် မော်တာချုပ်စက်တွေအားလုံး ရပ်တန့်သွားတယ်။

တစ်ခဏအတွင်း စက်ချုပ်သံတွေ ငြိမ်သက်တိတ်ဆိတ်သွားတယ်။

အဖြစ်အပျက်က ဒီမှာတင်ရပ်တန့်သွားတာ မဟုတ်ဘူး။

ညဘက်မှာ လုံခြုံရေးအရ လျှပ်စစ်မီးတွေ ပြန်ထွန်းပေး

www.burmeseclassic.com

www.burmeseclassic.com



ရတယ်။

ဒီလို မီးပြန်ဖွင့်လို့ မကြာမီမှာပဲ စက်ရုံနှစ်ရုံဆီကနေ မော်တာစက်လည်ပတ်သံတွေ ဆူဆူညံညံ ထွက်ပေါ်လာပြန်တယ်......။

လျှပ်စစ်မီးဖြတ်ထားတော့လုံခြုံရေးအတွက်စိတ်မချရ။

လျှပ်စစ်မီးဖွင့်တော့ မော်တာချုပ်စက်တွေလည်လာပြီး သရဲခြောက်ခံရတဲ့အတွက်......၊

စက်ရုံပိုင်ရှင်ရော၊ လုံခြုံရေးဝန်ထမ်းတွေပါစိတ်ညစ်ခဲ့ရပါတယ်......။

အဆိုးဆုံးဖြစ်ရပ်ကတော့......၊

စက်ရုံပြန်ဖွင့်တဲ့ နေ့မှာပါ။

စက်ရုံဖွင့်ရက်ဖြစ်တာကြောင့် စက်ချုပ်အလုပ်သမအားလုံး အလုပ်ဆင်းကြတယ်။

လျှပ်စစ်ခလုတ်အားလွှတ်ပြီး အလုပ်သမတွေ စက်ချုပ်နေကြချိန်မှာ လူမရှိတဲ့စက်ခုံတွေကပါ အလိုအလျောက်လည်ပတ်ပြီး စက်ချုပ်နေကြတဲ့အဖြစ်ပါ......။

စက်ချုပ်သမတွေ ကြောက်လန့်တကြား စက်ရုံအပြင်ဘက် ပြေးထွက်ခဲ့ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



စက်ရုံတစ်ခုလုံး ဆူညံပွက်လောရိုက်သွားတယ်။

သူတို့အားလုံး စက်တွေကိုပိတ်ပြီး ပြေးထွက်ခဲ့ကြပေမဲ့......။

ဝိညာဉ်ချုပ်တဲ့ စက်ခုံတွေကတော့ ဆူညံတဲ့မော်တာစက်သံတွေနဲ့အတူ ပိတ်စတွေကို ဆက်လက်ချုပ်နေတုန်းပဲ ဖြစ်ပါတယ်။

ရက်လည်နေ့မှာ သေဆုံးသူအားလုံးအတွက် ရည်စူးပြီး ရက်လည်ဆွမ်းကျွေးတရားနာတာ......။

အမှုအတန်းပေးဝေတာတွေ ပြုလုပ်တယ်။

ဒါပေမဲ့ မသေမီမှာ စက်ရုံကိုစွဲလမ်းတဲ့စိတ် ဖြစ်ပေါ်သွားတာကြောင့် ဆယ့်လေးရက်လောက်ကြာတဲ့အထိ စက်ရုံမှာပဲ တည်မှီနေကြပါတယ်။

နေ့ရောညပါသေသူ့ဝိညာဉ်တွေရောက်လာပြီး စက်ချုပ်နေတာကြောင့် အလုပ်သမားတွေမဆင်းရဲဘဲ အလုပ်ပျက်ကြတယ်။

နောက်ထပ်တစ်ကြိမ် ပရိတ်တရားတွေရွတ်ဆို၊ ဝေယျာဝစ္စပြုတာတွေ လုပ်ပေမဲ့ မပျောက်ခဲ့ပါဘူး။

နောက်ဆုံးမှာ ဆရာတော်တစ်ပါး ကြွလာတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့အတွက် စက်ရုံဝင်းထဲက သစ်ပင်ကြီးတစ်ပင်မှာ နေရာသတ်မှတ်ပေးတယ်။

ဘဝတစ်ပါး ပြောင်းရွှေ့သွားပြီဖြစ်တဲ့အတွက် စက်ရုံရဲ့ လုပ်ငန်းတာဝန်တွေနဲ့ မသက်ဆိုင်တော့ကြောင်း အမိန့်ပြန် ပေးတယ်။

ဒီတော့မှ တစ္ဆေခြောက်တဲ့ဖြစ်ရပ်တွေပျောက်ကွယ် သွားခဲ့တယ်......။

ဒီအဖြစ်အပျက်တွေပြောပြသူက အဲဒီအထည်ချုပ်စက်ရုံမှာ ကွန်ပျူတာစာရေးမအလုပ်လုပ်နေတဲ့ အိမ်နီးနားချင်းမိတ်ဆွေတစ်ယောက်ရဲ့ သမီးလေးပါ။

ကားပျောက်တဲ့နေ့က သူလည်း ဖယ်ရီစီးဖို့မှတ်တိုင်မှာ စောင့်နေခဲ့တယ်။

လာတဲ့ဖယ်ရီက ဒိုင်နာ၊ လိုက်ထရပ်ဖြစ်နေလို့ မစီးခဲ့ဘူး......။

သူက ဒိုင်နာထက်စာရင် အန္တရာယ်ကင်းတဲ့ ဘီအမ် ဖယ်ရီကိုပဲ စီးနေကျပါ။

ဆယ့်ငါးမိနစ်လောက်အကြာမှာ ဘီအမ်ရောက်လာလို့ လိုက်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ရှေ့တစ်နေရာမှာ လမ်းဘေးချောက်ထဲထိုးကျပြီး ပက်လက်လန်နေတဲ့ သူတို့စက်ရုံက ဗယ်ရီကိုတွေ့ရတယ်။

အော်တစ်ပိုယိုသံတွေ ဆူညံနေတယ်......။

ရုပ်ပျက်ဆင်းပျက် ပွဲချင်းပြီးသေနေတဲ့ အမျိုးသမီးလေးတွေ......၊

သွေးသံတရဲရဲနဲ့ ဒဏ်ရာရကြသူတွေ......၊

အခြေအနေကကမ္ဘာပျက်တဲ့အတိုင်းပါပဲလို့ဆိုပါတယ်။

ခုချိန်မှာတော့ ဒီအဖြစ်အပျက်တွေဟာ နှစ်တော်တော်ကြာမြင့်ခဲ့ပါပြီ။

စက်ရုံဝင်းထဲက သစ်ပင်ကြီးမှာပဲ နေရာပေးထားတဲ့ မိုနာနာဘာဝတစ္ဆေသရဲတွေရှိနေဦးမှာဖြစ်ပေမယ့်......၊

ခြောက်တာ လှန့်တာတော့ မဖြစ်တော့ဘူးလို့ ပြောပြခဲ့ပါတယ်......။

◆◆◆

www.burmeseclassic.com

www.burmeseclassic.com



# အိပ်မက်တစ္ဆေနှင့် ရွှေဆံမြင်း

"ဒီအဖြစ်အပျက်က အရမ်းထူးဆန်းတယ်။

အံ့ဩဖို့လည်း သိပ်ကောင်းတယ်။

ဘယ်လိုအကြောင်းကြောင့် အမှန်တကယ်ဖြစ်ပျက်လာမယ့် အကြောင်းအရာကို......၊

ကျွန်မက တစ်ရက်ကြိုတင်ပြီး အိပ်မက်ထဲမှာမြင်ခဲ့ရတာလဲ......။

ကျွန်မ စဉ်းစားလို့ကိုမရဘူး....."

စာရေးသူကို ပြောပြနေတဲ့သူက ဒေါ်တင်လှမြင့်ဆိုတဲ့ ကျောင်းဆရာမတစ်ယောက်ပါ။

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်ထဲက မူလတန်းကျောင်းတစ်ကျောင်းမှာ တာဝန်ကျနေတယ်။

ရှေ့ကထွက်ခဲ့ပြီးတဲ့ စာအုပ်အချို့မှာ

"စာဖတ်သူအနေနဲ့ ကိုယ်တိုင်ကြုံတွေ့ခဲ့ရသော (သို့မဟုတ်) တဆင့်ကြားသိခဲ့ရသော အမှန်တကယ်ဖြစ်ပျက်ခဲ့သည့် ထူးခြား ဆန်းကြယ်အဖြစ်အပျက်များရှိပါက......၊

www.burmeseclassic.com

www.burmeseclassic.com



စာရေးသူ၏ဖုန်းနံပါတ် ၀၉–၂၆၄၀၀၀၁၇၅ သို့ ဆက်သွယ်ပေးပါရန် မေတ္တာရပ်ခံခဲ့ပါတယ်။

အဲဒီနောက်မှာ စာဖတ်ပရိသတ်အချို့ စာရေးသူဆီကို ဆက်သွယ်လာတယ်။

အချို့က သိကျွမ်းခင်မင်ဖို့ ဆက်သွယ်ပေမဲ့.....၊

အများစုက သူတို့ကြုံတွေ့ ကြားသိခဲ့တဲ့ ထူးဆန်းတဲ့ အဖြစ်အပျက်လေးတွေကို ပြောပြချင်လို့ပါ....၊

အဲဒီအထဲမှာ ဆရာမဒေါ်တင်လှမြင့်လည်း ပါ–ပါတယ်။

သူပြောပြတဲ့ အကြောင်းအရာက ထူးခြားဆန်းကြယ် ဖြစ်ရပ်တွေချည်း ရှာဖွေရေးသားနေတဲ့......၊

စာရေးသူအတွက် အရမ်းကြီးထူးခြားတဲ့ အဖြစ်အပျက် လို့တော့ မဆိုနိုင်ပါဘူး....၊ ဒါပေမဲ့.......၊

"ဒီကမ္ဘာလောကကြီးမှာ ကျိုးကြောင်းဆက်စွယ်မှုနဲ့ ကင်းပြီး ဘာတစ်ခုမှမဖြစ်ဘူး"လို့ ယုံကြည်ထားတဲ့ စာရေးသူ အတွက်တော့ တွေးတောစရာ၊ စဉ်းစားစရာအချို့ ဖြစ်တည်ခဲ့ ပါတယ်။

ဒါ့ကြောင့်လည်း တင်ပြရခြင်းဖြစ်ပါတယ်......။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



"တစ်ညမှာ ကျွန်မ အိပ်မက်တစ်ခု မက်တယ်.....၊

အိပ်မက်ထဲမှာ ကျွန်မဟာ ကျောင်းကိုသွားနေတယ်၊

ကျောင်းကလည်း ကျွန်မလက်ရှိ သင်ကြားနေရတဲ့ စာသင်ကျောင်းပါ.....။

ကျောင်းရှေ့မရောက်မီလမ်းတစ်နေရာမှာတစ္ဆေမကြီးတစ်ယောက်နဲ့တွေ့တယ်.....၊

အဲဒီတစ္ဆေမကြီးကရုပ်ဆိုးလိုက်တာလွန်ရော.....၊

ဒါပေမဲ့၊ ကျွန်မ ကြောက်မနေခဲ့ဘူး။

အဲဒါ တော်တော်ထူးဆန်းတယ်။

အဲဒီတစ္ဆေမကြီးက.....၊

"ဆရာမ"လို့ ကျွန်မကို ခေါ်တယ်။

ကျွန်မကြည့်လိုက်တော့ ကျွန်မကို လက်ယပ်ပြီးခေါ်တယ်.....။

သူခေါ်တာက လျှို့ဝှက်တဲ့ အကြောင်းအရာတစ်ခုကို တွေ့လို့ သိလို့ ကျွန်မကိုပြောပြဖို့ခေါ်တဲ့ ဟန်နဲ့.....။

ကျွန်မလည်း ဘုမသိ ဘမသိပါဘဲ။

သိချင်တာကြောင့်အဲဒီတစ္ဆေမကြီးဆီကိုသွားတယ်။

သူက ကျွန်မကို အမှိုက်ပုံတစ်ပုံနား ဆွဲခေါ်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



အမှိုက်ပုံအနီးမှာ လူတစ်ယောက်ထိုင်နေတယ်။

အသက်ငါးဆယ်လောက်ရှိတဲ့ ယောက်ျားကြီး....၊

သူ့ကိုကြည့်ရတာ တကယ့်အရက်သမားကြီးဆိုတာ သိသာတယ်။

မျက်နှာတွေတောင် ပွယောင်းယောင်းဖြစ်နေတယ်။

အရက်ဖော-ဖောနေတဲ့ လက္ခဏာပေါ့....။

တစ္ဆေမကြီးကအရက်သမားရဲ့လက်ထဲကအရာကို လှမ်းညွှန်ပြတယ်။

ကျွန်မ ကြည့်လိုက်တယ်။

"အား" ခနဲ လန့်အော်မိတော့မလို့....၊

ပါးစပ်ကို လက်နဲ့ အချိန်မီပိတ်လိုက်ရတယ်။

အရက်သမားကြီးရဲ့လက်ထဲမှာ ချက်ကြိုးတန်းလန်းနဲ့ မွေးကာစကလေး နီတာရဲလေးကို တွေ့ရတယ်။

ကလေးက ယောက်ျားလေး....။

အိပေမဲ့ သေနေပြီ....။

ထင်ထင်ရှားရှား ဒဏ်ရာတစ်ချက်....၊ နောက်စေ့အနီး မှာ တွေ့ရတယ်။

ဒဏ်ရာက သွေးတွေထွက်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



“ရှင်....ဘာလုပ်နေတာလဲ......”လို့ကျွန်မက မေးလိုက်တယ်။

အရောင်သမားကြီးက ကျွန်မကိုမော့ကြည့်ပြီး လန့်သွားတယ်။

“ဘာမှမလုပ်ပါဘူး.....၊ ကလေးကို သင်္ဂြိုဟ်မလို့ပါ...”လို့ပြောတယ်။

ကျွန်မလည်း ခပ်ဝေါက်ဝေါက်နဲ့ပဲ...၊

“သွားလေ....၊ အမြန်သွား”လို့ ပြောလိုက်တယ်။

သူက ကလေးအလောင်းကိုထုပ်ထားတဲ့ ပုဆိုးစုတ်လိုတာနဲ့ လုံအောင်ထုပ်တယ်။

“တိုကောင်မလာသေးလို့စောင့်နေတာ.....”လို့ကျွန်မကို ပြောတယ်။

အဲဒီအချိန်မှာကျွန်မကိုခေါ်လာတဲ့တစ္ဆေမကြီးမရှိတော့ဘူး......၊ ပျောက်သွားပြီ......။

အိပ်မက်တို့ရဲ့သဘာဝအတိုင်း ကိုရောက်ဒီရောက်၊

တိုမက်ဒီမက် မက်တယ်လို့ပဲ ထင်မိတယ်။

အဲဒီနေရာမှာပဲ ကျွန်မနိုးသွားတယ်။

အိပ်မက်က ဒါပဲ၊ မထူးဆန်းပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မအနေနဲ့လည်း မေ့မေ့ပျောက်ပျောက် ဖြစ်သွားတယ်။

မနက်ကျတော့ ထုံးစံအတိုင်း ကျွန်မကျောင်းကိုသွားရတယ်၊ ကလေးတွေကို စာသင်ပြတယ်။

ဒီလိုနဲ့ နေ့လယ်စာ ထမင်းစားကျောင်းဆင်းချိန်ကို ရောက်လာတယ်။

ဆရာမတွေအားလုံး ဆရာနားနေခန်းထဲမှာ နေ့လည်စာစားပြီး စကားပြောနေကြတယ်။

အဲဒီအချိန်မှာ ကျောင်းလုပ်သားကိုဝင်းမောင် ဝင်လာတယ်။

"လမ်းထိပ်အမှိုက်ပုံမှာ မွေးကာစ ကလေးအလောင်းတွေ့လို့တဲ့၊ လူတွေ ဝိုင်းအုံကြည့်နေကြတယ်....."

ကိုဝင်းမောင်ရဲ့စကားကြောင့် ညကအိပ်မက်ကို ကျွန်မသတိရလိုက်တယ်။

"ချက်ကြိုးတန်းလန်းနဲ့ ယောကျ်ားလေးအလောင်းမဟုတ်လား....."

ကျွန်မစကားကြောင့် ကိုဝင်းမောင်ရဲ့မျက်နှာမှာ အံ့ဩတဲ့အရိပ်အယောင်တွေ ဖြစ်ပေါ်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



“ကလေးအလောင်းကို ပုဆိုးအစုတ်တစ်ထည်နဲ့ ထုပ်ထားတယ် မဟုတ်လား......”

“ဟာ.... ဆရာမ ဘယ်လိုလုပ်ပြီးသိတာလဲ....၊

သွားကြည့်ထားတဲ့ အတိုင်းပါပဲလား....”

ကိုဝင်းမောင်ရဲ့စကားကြောင့် အခြားဆရာမတွေရဲ့ အကြည့်က ကျွန်မဆီရောက်လာတယ်။

တစ်ချိန်လုံး စာသင်ခန်းထဲကမထွက်ဘဲနဲ့ ဒီကိစ္စကို ကျွန်မ ဘယ်လိုလုပ်ပြီးသိပါလဲဆိုတဲ့ ပဟေဠိမျက်နှာတွေနဲ့

ကျွန်မ ထပ်ပြောလိုက်တယ်။

“အဲဒီ ကလေးအလောင်းကို ကိုဝင်းမောင်သေသေချာချာ ကြည့်ခဲ့လား.....၊

ဦးခေါင်းနောက်စေ့မှာ အကျိရာတစ်ခုရထားတယ်။

အကျိရာကနေ သွေးတွေထွက်နေတယ်.....”

“အဲတော့ မသိဘူးဆရာမ၊ အပတ်နဲ့ထုပ်ထားလို့ မမြင်ဘူး.....”

“အဲဒီဆိုရင် အဲဒီအကျိရာရှိ မရှိ ကိုဝင်းမောင် သွားကြည့်ပေးပါဦး....၊

အဲဒီအချက်သာမှန်ရင် အလောင်းလာပစ်ထားတဲ့ သူကို



www.burmeseclassic.com

www.burmeseclassic.com



“ကျွန်မသိပြီ.....”

ကိုဝင်းမောင် ထွက်သွားတယ်၊

ဆရာမတစ်ယောက်က.....၊

“အစ်မမြင့် ဘယ်လိုသိနေတာလဲ....၊ အုံ့ညြစရာပဲ...” လို့ ပြောတယ်။

“ကျွန်မက အကြားအမြင်ရတယ်လေ....”

ကျွန်မက သူတို့တအံ့တညြဖြစ်နေမှုကို ပျော့သွားအောင် ရယ်စရာလုပ်ပစ်လိုက်တယ်။

မကြာပါဘူး။ ကိုဝင်းမောင် ပြန်ရောက်လာတယ်။

“အံ့ညြစရာပဲ့ ဆရာမရေ.....၊

ဆရာမပြောတဲ့အတိုင်းပဲ၊ ကလေးရဲ့ဦးခေါင်းနောက်စေ့မှာ အထိရာတစ်ခုရှိတယ်.....၊

ရဲတွေကတော့ကလေးကိုသတ်ထားတာလို့ပြောတယ်။

ရပ်ကွက်ရုံးထဲမှာလက်သည်တွေအားလုံးကို ဖမ်းပြီးစစ်နေတယ်....”

“ကဲ... ဒီဆိုရင် ကျွန်မအတတ်တောလိုက်ဦးမယ်....၊

ဒီကလေးအလောင်းကိုလာပစ်တဲ့သူဟာ သေချာပေါက် အရက်သမားနှစ်ယောက် ဖြစ်ရမယ်.....၊

www.burmeseclassic.com

www.burmeseclassic.com



ကိုဝင္းေမာင္ စိုးစမ္းႀကည့္ပါဦး…"

အဲဒီအခ်ိန္မွာ ေက်ာင္းတက္ေခါင္းေလာင္းထိုးလို႔ ကၽြန္မတို႔ စာသင္ခန္းေတြထဲ ဝင္ခဲ့ရတယ္။

ဒီလိုနဲ႔ ညေနေက်ာင္းဆင္းခ်ိန္ကို ေရာက္လာတယ္။

ေက်ာင္းသားေတြကို ဆင္းခြင့္ျပဳလိုက္ၿပီး ကၽြန္မက ေတာ့ စစ္ေဆးလက္စ၊ သူတို႔ေလးေတြရဲ႕သင္ခန္းစာ စာအုပ္ေတြ ကို စစ္ေဆးေနမိတယ္။

၁၅မိနစ္ေလာက္ၾကာမွ စာသင္ခန္းထဲက ထြက္လာခဲ့ တယ္။

နားေနခန္းရဲ႕အျပင္ဘက္မွာ ဆရာမအခ်ိဳ႕နဲ႔ ေက်ာင္း လုပ္သား ကိုဝင္းေမာင္တို႔ မတ္တတ္ရပ္စကားေျပာေနတာ ေတြ႕ရတယ္။

"ေဟာ… ဆရာမလာၿပီ…"

ကိုဝင္းေမာင္ရဲ႕အသံကို ၾကားလိုက္တယ္။

"အစ္မျမင့္ေရ ေဟာပါဦး……၊

ေနလည္က ကေလးအေလာင္းပစ္တဲ့ ကိစၥနဲ႔ပတ္သက္ ၿပီး အစ္မျမင့္ ဘယ္လိုလုပ္ၿပီးသိတာလဲဆိုတာ ကၽြန္မတို႔စိတ္ ဝင္စားေနၾကတာ……၊

www.burmeseclassic.com

www.burmeseclassic.com



အခုလည်း ကလေးပစ်တဲ့ကိစ္စမှာ အရက်သမားနှစ်ယောက် ပတ်သက်ပါဝင်နေတာ ဟုတ်-မဟုတ် မေးကြည့်နေတာ......၊

အစ်မမြင့်ပြောတဲ့အတိုင်း ကွက်တိပဲတဲ့ အစ်မမြင့်ရဲ့"

ဆရာမတစ်ယောက်က ကျွန်မကိုလှမ်းခေါ်ရင်း ပြောတယ်။

"ကျွန်မပြောသလို အရက်သမားနှစ်ယောက် ပတ်သက်နေတယ် မဟုတ်လား...."

ကျွန်မ ကိုဝင်းမောင်ကိုမေးတယ်။

"ဟုတ်တယ် ဆရာမ၊ ဖြစ်ပုံက ဒီလို......၊

ရဲက ရပ်ကွက်ရုံးမှာ လက်သည်တစ်ယောက်ချင်း ခေါ်ပြီးစစ်တယ်....၊

ညက ဘယ်သူ့ကို မွေးသွားမေးခဲ့ရသလဲပေါ့...၊

အဲဒီမှာ ပေါ်တော့တာပဲ၊

မီးဖွားတဲ့မိန်းကလေးက အိမ်ထောင်မရှိတဲ့သူလေ...၊

ဒါ့ကြောင့် ကလေးကို အရက်သမားနှစ်ယောက်ကို အရက်ဖိုးပေးပြီး စွန့်ပစ်ခိုင်းတာ......၊

ကလေးအသေလေးမွေးလို့ သုသာန်မှာ သင်္ဂြိုဟ်ခိုင်း

www.burmeseclassic.com

www.burmeseclassic.com



တယ်ပြောတယ်၊

အဲဒါကို အရက်သမားနှစ်ယောက်က အမှိုက်ပုံမှာ ပစ်ထားခဲ့တာတဲ့.....။

အရက်သမားနှစ်ယောက်ကို စစ်တော့ သူသာနီမှာ မြှုပ်ဖို့လုပ်နေတုန်း ခွေးချီသွားတယ်လို့ ပြောတယ်။

ရဲကတော့ သက်ဆိုင်တဲ့သူတွေကို စခန်းခေါ်သွားပြီး စစ်နေတယ်တဲ့.....”

“အဲဒါတွေ ထားပါတော့၊

ဒီအကြောင်းအရာတွေကို ဆရာမ ဘယ်လိုလုပ်ပြီး အစအဆုံး ခရေစေ့တွင်းကျ သိနေတာလဲ....”

ဆရာမတစ်ယောက်က ကိုဝင်းမောင်ရဲ့စကားကိုဖြတ်ပြီး ကျွန်မကိုမေးတယ်။

ဘယ်လိုပြောရမလဲ....၊ ကျွန်မစဉ်းစားမိတယ်။

ကျွန်မ ဗေဒင်ဆရာမ မဟုတ်ဘူး။

နတ်ပူးဝင်ပြီးပြောတတ်တဲ့ နတ်ကတော်လည်း မဟုတ်ဘူး။

နောက်ပြီး အထက်လမ်းပုဂ္ဂိုလ်တွေ၊ ဘိုးတော်တွေ စောင့်ရှောက်ပေးနေတဲ့ အကြားအမြင်ရသူလည်း မဟုတ်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပဲ ဖြစ်ဖြစ်.....၊

အမှန်တကယ် ဖြစ်ပျက်ခဲ့တဲ့ ဒီအဖြစ်အပျက်ကို တစ်ရက်ကြိုပြီး ကျွန်မအိပ်မက်- မက်ခဲ့တယ်။

အိပ်မက်ထဲမှာတစ္ဆေတစ်ကောင်ကကျွန်မကိုခေါ်သွားပြီး ဒီအဖြစ်အပျက်တွေကို ပြသခဲ့တာဖြစ်တယ်.....။

"ညကအိပ်မက်ထဲမှာတစ္ဆေမတစ်ကောင်နဲ့တွေ့တယ်....၊

အဲဒီတစ္ဆေကဒီအဖြစ်အပျက်တွေကိုကျွန်မကိုကြိုပြီး ပြသွားတာ.....၊

ဒါ့ကြောင့်ကျွန်မ ခရေစေ့တွင်းကျသိနေခဲ့တာ" လို့ ပြောလိုက်တယ်။

သူတို့အားလုံး ဇဝေဇဝါဖြစ်သွားကြတယ်။

မျက်နှာပေါ်မှာ ပတော်ငွေအရိပ်အယောင်တွေ သမ်းနေတယ်။

ယုံလည်းမယုံချင်၊ မယုံလို့လည်း မဖြစ်ဆိုတဲ့ ကျဉ်းထဲကျပ်ထဲကို သူတို့ရောက်နေပြီဆိုတာ ကျွန်မသိလိုက်တယ်။

သူတို့ ဘယ်လိုပဲ ထင်မြင်ယူဆပါစေ....၊

ကျွန်မ သစ္စာဆိုပြီး ပြောရဲတာကတော့.....၊

www.burmeseclassic.com

www.burmeseclassic.com



ဒီအဖြစ်အပျက်က အမှန်တကယ် ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်တစ်ခုဆိုတာပါ။

ဆရာ့ကို ပြောပြလိုက်ရလို့ ကျွန်မစိတ်တွေ ပေါ့ပါးသွားတယ်။

ဆရာ့အနေနဲ့လည်း ကြိုက်သလို ထင်မြင်ယူဆနိုင်ပါတယ်....”

ဆရာမဒေါ်တင်လှမြင့်က သူ့ဇာတ်လမ်းကို အဆုံးသတ်လိုက်တယ်။

BURMESE CLASSIC

အဆုံးသတ်မှာ သူပြောတာက....၊

သူ့ရဲ့ဇာတ်လမ်းတွေကို ယုံချင်လည်းယုံ၊ မယုံချင်လည်းရပါတယ်ဆိုတဲ့ သဘောပါ။

ဒါပေမဲ့....၊

သူ့ရဲ့ ဇာတ်လမ်းကိုနားထောင်ပြီး စာရေးသူ စဉ်းစားနေမိတာက....၊

တစ္ဆေမအနေနဲ့ဘာ့ကြောင့်ဒေါ်တင်လှမြင့်ကိုမှရွေးပြီးအိပ်မက်ပေးရတာလဲ......၊

သူ့အနေနဲ့ ဒေါ်တင်လှမြင့်ကို ဘာပြောချင်တာလဲ....ဆိုတဲ့ မေးခွန်းရဲ့အဖြေကိုပါ။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပဲဖြစ်ဖြစ်......၊

ဒီမေးခွန်းရဲ့အဖြေကို စာရေးသူ မရပေမဲ့....၊

ဒီလို အိပ်မက်ပေးခြင်းရဲ့နောက်ကွယ်မှာ ဆက်နွယ်နေတဲ့ အကြောင်းကိစ္စတစ်ရ ရှိနေပါမယ်ဆိုတာကိုတော့....၊

မလွဲမသွေ၊ ယုံကြည်လျက် ရှိနေဆဲပဲဖြစ်ပါတယ်။ ။

စာဖတ်သူများအားလေးစားချစ်ခင်လေးစားလျက်

မောင်မြိုင်ညို့ (ချောင်းဦး)
၂၀၁၆ခုနှစ်၊ မေ ၁၀ ရက်။

◆◆◆◆◆

www.burmeseclassic.com

www.burmeseclassic.com

စာရေးသူ ရေးသားထုတ်ဝေခဲ့သည့်
ဖြစ်ရပ်မှန်ဇာတ်လမ်းများနှင့် ပတ်သက်၍
ဝေဖန်အကြံပြုလို၍ ဖြစ်စေ....၊
စာဖတ်သူကိုယ်တိုင် ကြုံတွေ့ခဲ့သော/
တစ်ဆင့်ကြားသိခဲ့သော အမှန်တကယ်
ဖြစ်ပျက်ခဲ့သည့် ထူးခြားဆန်းကြယ်
ဖြစ်ရပ်မှန်များကို ဖွင့်ဟလို၍ ဖြစ်စေ.....၊
စာရေးသူ၏ ဖုန်းနံပါတ် ၀၉– ၂၆၄၀၀၀၃၅
သို့ ဆက်သွယ်ပေးပါရန်.....၊
မေတ္တာရပ်ခံအပ်ပါသည်။

www.burmeseclassic.com